# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လဆန်း (၁၄) ရက် ၊ အင်္ဂါနေ့ ၊ (26-12-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၄၀)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## (၄)ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် ပါဝင်တက်ရောက်ဆွေးနွေး

**မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်မှစ၍ ၂၀၂၃ ခုနှစ်ထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၆ သန်း တန်ဖိုးရှိသည့် အထူးရန်ပုံငွေစီမံကိန်း ၁၀၆ ခု ရရှိထားပြီး နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အထောက်အကူပြုလျက်ရှိ...**



**နေပြည်တော် ဒီဇင်ဘာ ၂၅**

(၄)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီချန်းတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် မဟာ ပဝရ ဓိပတိ ဟွန်မာနိုက်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် **စာမျက်နှာ ၁၆ ကော်လံ ၁**




မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှု အလှည့်ကျပူးတွဲဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၄)ကြိမ်မြောက် မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်စဉ်။

Myanmar Mobile Money(MMM) မှ လက်ရှိရရှိနိုင်သောဝန်ဆောင်မှုများအပြင် Digital Mobile Money -DMM(App) ကို အသုံးပြု၍ အောက်ပါ ဝန်ဆောင်မှုများကို ထပ်မံရရှိနိုင်ပါပြီ။
ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းငွေပြည့်သွင်းခြင်း၊
ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။
အငြိမ်းစား လစာ အမြဲတမ်း ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ ဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
Myanmar MOBILE MONEY anywhere anytime anyone
ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလက ငါးပြေမပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့

**ဝါးခယ်မ ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလက ငါးပြေမပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ကြောင်း ဝါးခယ်မမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ဌေးဌေးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလက ငါးပြေမ ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးပြေမ ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းနေပါတယ်။ နိုဝင်ဘာလအတွင်း ငါးပြေမပိဿာချိန်၇၅၀၀၀ တင်ပို့ရောင်းချခဲ့ရတယ်။ အောက်တိုဘာလထက် နိုဝင်ဘာလထဲမှာ ငါးပြေမပိဿာချိန် ၂၅၀၀၀ ပိုမို တင်ပို့ရောင်းချခဲ့ရတယ်။ ဝါးခယ်မမြို့နယ်ကနေ ငါးပြေမအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချပါတယ်။ အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမကတော့ အများဆုံး တင်ပို့နိုင်ခဲ့ပါတယ်"ဟု ဝါးခယ်မမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် လယ်ငါးပြေမနှင့် မွေးမြူရေးငါးပြေမ နှစ်မျိုးစလုံးထွက်ရှိကြောင်း၊ ငါးပြေမ ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၉၅၀၀၀၀ ဈေးပေါက်နေကြောင်း၊ ငါးပြေမသည် ဈေးကွက်အခိုင်အမာရှိသဖြင့် မွေးမြူရေးလုပ်ငန်းရှင်များက အဆိုပါငါးများကို တိုးချဲ့ မွေးမြူလာကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လှိုင်းဘွဲ့မြို့နယ် ပတ်ကျော့ရွာလေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၂၅**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပတ်ကျော့ရွာလေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ရေရရှိရေးကော်မတီဝင်များနှင့်အတူ ပတ်ကျော့ရွာလေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ပတ်ကျော့ရွာလေးကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၂၀ ဒသမ ၄၅၉ သန်းဖြင့် သုခရတီကုမ္ပဏီက မေလစတုတ္ထပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လှ**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၂၅၆၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၂၅၆၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၅၂၃၉၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၅၆၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ကုလားပဲဧက ၅၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတာ ဒီနေ့ထိဧက ၁၂၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်"ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈)နှင့် ရေဆင်း(၁၁)မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရန်အတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(၂၀၆)**

# ကျေးသီးမြို့နယ် မတ်ဟူကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ကျေးသီး ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းကောင်ကျေးရွာအုပ်စု မတ်ဟူကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း၊ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်နှင့် တာဝန်ရှိသူများက မတ်ဟူကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

မတ်ဟူကျေးရွာ၌ အရှည် တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေသားလမ်း သဲဖြူနှံခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် သိန်း ၅၁၀ ဖြင့် တင်ဒါအောင်မြင်သည့် သိင်္ဂီကျော်ဇောကုမ္ပဏီက ဇူလိုင်လ ပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ အိမ်ခြေ ၄၈ အိမ် လူ ၁၉၈ ဦးတို့၏ လယ်ယာမြေဧက ၁၀၀ ကျော်အကျိုးပြုနိုင်ခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးဇေယျာမင်းထံမှ သိရသည်။

**ရှိုသန်းညွန့်**

# ကော့မှူးမြို့နယ် နတ်ရေတွင်းကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့မှူး ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်ရေတွင်းကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ လူထုဗဟိုပြုခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ ရရှိလာသော မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၀ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၂၂၃ ဦးကို ငွေကျပ် ၅၀ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**



# လစူးစမ်းရေး အာကာသခရီးစဉ်များ(အပိုင်း-၄)

ပါမောက္ခကိုကိုအောင်



Apollo - 11 အာကာသယာဉ်ကို တွေ့ရစဉ်။

လဆင်းယာဉ်သည် လပတ်လမ်းကြောင်းထဲရှိ ကွပ်ကဲထောက်ပံ့ယာဉ်နှင့် ပြန်လည်ချိတ်ဆက်မိချိန်၌ လပေါ်သို့ဆင်းခဲ့သော ယာဉ်မှူး နှစ်ဦးသည် ကွပ်ကဲယာဉ်ထဲသို့ ပြန်ဝင်ကြသည်။ ထို့နောက် လဆင်းယာဉ်ကို ဖြုတ်ချချန်ခဲ့ကာ အပြန်ခရီးကို နှင်ကြသည်။ ကမ္ဘာ့လေထုအတွင်းသို့ပြန်မဝင်မီ မိနစ် ၃၀ အလိုတွင် ထောက်ပံ့ယာဉ်၏ လုပ်ငန်းများပြီးဆုံးပြီဖြစ်၍ ကွပ်ကဲယာဉ်သည် ထောက်ပံ့ယာဉ်မှခွဲထွက်လိုက်သည်။ ဤသို့ဖြင့် ခရီးစဉ်အစက ယာဉ်သုံးစင်းတွဲဖြင့် ထွက်ခွာခဲ့သော အပိုလို-၁၁ သည် ၁၉၆၉ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် ကွပ်ကဲယာဉ်တစ်စီးတည်းဖြင့်သာ ကမ္ဘာမြေပြင်သို့ ဘေးမသီရန်မခ ချောမောစွာပြန်လည်ရောက်ရှိလာသည်။

အကယ်၍ လပေါ်မှပိုးမွှားတို့ ကပ်ငြိပါရှိလာပါက ရောဂါကူးစက်ခြင်းမရှိရလေအောင် ယာဉ်မှူး သုံးဦးတို့သည် မည်သူနှင့်မျှ အထိအတွေ့အဆက်အဆံမရှိဘဲ ၁၄ ရက်မျှကြာအောင် အထူးသီးသန့်ခန်းထဲ၌ သီးခြားနေခဲ့ကြသည်။ အပိုလို-၁၁ ၏ အောင်မြင်မှုသည် ခေတ်သစ်တစ်ခေတ်၏ စာမျက်နှာသစ်ကို စတင်ဖွင့်လိုက်သည့် အထိမ်းအမှတ်ပင်ဖြစ်သည်။ အမေရိကန်တို့သည် အပိုလို-၁၁ ၏ အောင်မြင်မှုကြောင့် စိတ်ဓာတ်တက်ကြွသွားကြကာ ၁၉၆၉ ခုနှစ် နိုဝင်ဘာ ၁၄ ရက်က အပိုလို- ၁၂ ယာဉ်ကို ထပ်မံပစ်လွှတ်ခဲ့သည်။

အပိုလို-၁၁ လွှတ်တင်မှု၏ ရည်ရွယ်ချက်သည် လကမ္ဘာဆီသို့ လူသားများကို အသွားအပြန်စေလွှတ်နိုင်ရေးကိုသာ အဓိကထားခဲ့သည်။ သို့ရာတွင် အပိုလို-၁၂ ခရီးစဉ်မှအစပြုပြီး သိပ္ပံဆိုင်ရာစူးစမ်းမှုများကို အထူးအလေးထားကာ စတင်ဆောင်ရွက်ခဲ့ကြသည်။ အပိုလို-၁၂ ၏ အာကာသယာဉ်မှူးများဖြစ်ကြသော ပိကွန်ရတ်နှင့် အလန်ဘင်းတို့သည် လပေါ်သို့ ဆင်းသက်ရာ၌ ဆင်းလိုသည့်နေရာဆီသို့ တိတိကျကျဖြင့် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြသည်။ ထိုယာဉ်မှူး နှစ်ဦးသည် ၁၉၆၇ ခုနှစ် အစောပိုင်းက လပေါ်သို့ ကြိုတင်ပို့လွှတ်ထားခဲ့သော ဆာဗေယာ-၃ လူမဲ့အာကာသယာဉ်နှင့် နီးကပ်စွာဆင်းသက်နိုင်ခဲ့သည်။ ယာဉ်မှူး နှစ်ဦးသည် လဆင်းယာဉ်မှ ပေ ၁၅၀၀ အကွာထိ လမ်းလျှောက်လေ့လာကာ ထိုကဲ့သို့လေ့လာချိန် ရှစ်နာရီခန့်အပါအဝင် လမျက်နှာပြင်ပေါ်၌ ၃၁ နာရီ မိနစ် ၃၀ မျှ နေခဲ့ကြသည်။

ဆာဗေယာ-၃ လူမဲ့အာကာသယာဉ်၏ အစိတ်အပိုင်းတချို့ကို ကမ္ဘာမြေဆီသို့ပြန်သယ်ပြီး ကမ္ဘာပေါ်၌လေ့လာနိုင်ရန် ဖြုတ်ယူကြသည်။ ထို့ပြင် အပိုလို-၁၁ ယာဉ်မှူးများထားခဲ့ကြသည့်အတိုင်းပင် အဏုမြူဓာတ်အားပေးဓာတ်ခွဲခန်းငယ်တစ်ခုကိုလည်း လပေါ်တွင် ချထားခဲ့ကြသည်။ အပိုလို- ၁၁ နှင့် အပိုလို- ၁၂ ခရီးစဉ်များ အောင်မြင်ခဲ့ကြသော်လည်း ၁၉၇၀ ပြည့်နှစ် ဧပြီ ၁၁ ရက်က ပစ်လွှတ်ခဲ့သော အပိုလို-၁၃ ယာဉ်ကမူ သည်းထိတ်ရင်ဖိုဖြစ်ရပ်နှင့် ကြုံခဲ့ရသည်။ ဘူမိဗေဒရှုထောင့်ကကြည့်လျှင် စိတ်ဝင်စားဖွယ်ကောင်းသောနေရာဖြစ်သည့် လပေါ်ရှိ ဖရာမော်ရိုကုန်းမြင့်ဒေသသို့ ဆင်းသက်လေ့လာရန် ရည်ရွယ်ထားသော အပိုလို-၁၃ သည် စတင်ထွက်ခွာပြီးနောက် ၅၅ နာရီအကြာ လဆီသို့ ဦးတည်ပျံသန်းနေခိုက် ကွပ်ကဲထောက်ပံ့ယာဉ်၏ ထောက်ပံ့ရေးအပိုင်းရှိ အောက်ဆီဂျင်သိုလှောင်ကန်တွင် ပေါက်ကွဲမှုဖြစ်ကာ အောက်ဆီဂျင်စနစ်၊ လျှပ်စစ်ဓာတ်အားစနစ်နှင့်ပျံသန်းထိန်းကျောင်းရေးစနစ်တို့၏ အစိတ်အပိုင်းတချို့ ပျက်စီးသွားသည်။ ထို့ကြောင့်ပင် လပေါ်သို့ဆင်းရန် အစီအစဉ်ကိုဖျက်ကာ လကိုလှည့်ပတ်ပျံသန်း၍ ကမ္ဘာသို့ပြန်ရန် စီစဉ်ခဲ့ကြရသည်။

အပိုလိုယာဉ်များပျံသန်းရာတွင် အဓိက အသုံးပြုသည့် ထောက်ပံ့ယာဉ်ရှိ ဒုံးအင်ဂျင်ချို့ယွင်းသွားသောကြောင့် မပျက်စီးသေးသည့် လဆင်းယာဉ်၏ ဒုံးစက်များကို အသုံးပြုကာ ယာဉ်တစ်စီးလုံးကို ထိန်းကျောင်းမောင်းနှင်ခဲ့ကြရသည်။ ကွပ်ကဲထောက်ပံ့ယာဉ်ကို ဖြုတ်ချချန်ခဲ့ပြီး လဆင်းယာဉ်ဖြင့် ကမ္ဘာမြေဆီသို့ ပြန်မည်ဆိုပါကလည်း ကမ္ဘာ့လေထုထဲသို့ ပြန်အဝင်၌ တွေ့ကြုံရမည့်အပူဒဏ်ကို ခံနိုင်ရည်ရှိသည့် အပူကာဒိုင်းမပါရှိသော လဆင်းယာဉ်က အလွန်ပင်အန္တရာယ်ကြီးမားနေသည်။

ထို့ပြင် ကမ္ဘာမြေသို့ပြန်ရောက်ရန် လေးရက်ကြာဦးမည်ဖြစ်ရာ ထိုအချိန်အတိုင်းအတာအတွင်း၌ လိုအပ်သည့် အောက်ဆီဂျင်နှင့်ရေတို့မှာ လဆင်းယာဉ်ထဲတွင် မရှိပေ။ ဤကဲ့သို့သော အလွန်အမင်းအေးစက်သည့်အခြေအနေ၊ ကာဗွန်ဒိုင်အောက်ဆိုက်လွန်ကဲသည့်အခြေအနေနှင့် အသက်အန္တရာယ်ကြီးမားလှသော အခက်အခဲအမျိုးမျိုးတို့ကို ကြုံတွေ့ဖြတ်သန်းကျော်လွှားနိုင်ပြီးနောက် အပိုလို-၁၃ သည် ၁၉၇၀ ပြည့်နှစ် ဧပြီ ၁၇ ရက်တွင် ကမ္ဘာမြေပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

အပိုလို-၁၄ အာကာသယာဉ်ကိုမူ အမေရိကန်နိုင်ငံ၏ ပထမဦးဆုံးသောအာကာသယာဉ်မှူး အလန်ရှက်ပတ်က ဦးဆောင်ခဲ့သည်။ အလန်ရှက်ပတ်သည် Redstone ဒုံးပျံဖြင့်ပစ်လွှတ်သော Freedom-7 အာကာသယာဉ်ဖြင့် ၁၉၆၁ ခုနှစ်က အာကာသအတွင်းသို့ ရောက်ခဲ့သူဖြစ်သည်။ ထိုခရီးစဉ်နောက်ပိုင်းတွင် နားရောဂါခံစားရသဖြင့် ဆေးကုသမှုခံယူခဲ့သည်။ ကျန်းမာရေးပြန်ကောင်းလာသော အလန်ရှက်ပတ်သည် အပိုလို-၁၄ ကို အောင်မြင်စွာ ဦးဆောင်ပျံသန်းကာ အပိုလို-၁၃ ဆင်းသက်ရန်ရည်ရွယ်ခဲ့သော လပေါ်ရှိ ဖရာမော်ရိုကုန်းမြင့်ပိုင်းဒေသသို့ ဆင်းသက်နိုင်ခဲ့သည်။ အပိုလို-၁၄ ယာဉ်မှူး နှစ်ဦးသည် လဆင်းယာဉ်မှ ပေ ၄၆၀၀ အကွာထိ လမ်းလျှောက်ကာ လေ့လာရေးခရီးထွက်ခဲ့ကြသည်။ အလန်ရှက်ပတ်သည် လပေါ်ရောက်သည့် ပဉ္စမမြောက်ကမ္ဘာ့လူသားဖြစ်လာခဲ့ပြီး လပေါ်ခြေချသည့်အချိန်တွင် အသက်အရွယ်အားဖြင့် ၄၇ နှစ်ရှိပြီဖြစ်ရာ လပေါ်ရောက်ခဲ့သည့် လူသားများထဲတွင် အသက်အကြီးဆုံးလည်းဖြစ်သည်။

၁၉၇၁ ခုနှစ် နွေရာသီတွင် အာကာသယာဉ်မှူးများဖြစ်ကြသော ဒေ့ဗ်စကော့နှင့် ဂျင်အာဝင်တို့သည် အပိုလို-၁၅ ခရီးစဉ်၌လိုက်ပါကာ လမျက်နှာပြင်ပေါ်ရှိ တောင်တန်းများကို စူးစမ်းလေ့လာခဲ့ကြသည်။ ယာဉ်မှူးများသည် အာကာသယာဉ်ပေါ်တွင် လူနာရိုဗာဟုခေါ်တွင်သော ဘက်ထရီဖြင့်မောင်းနှင်သည့် ကားငယ်တစ်စီးကို ယူဆောင်သွားပြီး ထိုကားငယ်ကို လမျက်နှာပြင်ပေါ်၌ ၂၇ ကီလိုမီတာကျော် မောင်းနှင်ကာ ဘူမိဗေဒဆိုင်ရာ အဖိုးတန်အချက်အလက်များကို စူးစမ်းလေ့လာခဲ့ကြသည်။ လူနာရိုဗာယာဉ်သည် ကီလိုဂရမ် ၂၁၀ လေး၍ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉ သန်းခန့် ဖြစ်သည်။

စကော့နှင့် အာဝင်တို့သည် လမျက်နှာပြင်ပေါ်ရှိ အပင်နိုင်းတောင်တန်းများ၌ သုံးရက်ကြာနေထိုင်ပြီး အလုပ်လုပ်ခဲ့ကြသည်။ လပေါ်ရှိ မြေသားနမူနာများ၊ ကျောက်တုံးများကို ကောက်ယူစုဆောင်းခဲ့ကြသည်။ လပေါ်၌တွေ့ရှိသော ကျောက်တုံးများထဲတွင် သက်တမ်းအားဖြင့် နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံရှိသော ကျောက်တုံးတစ်တုံးလည်း ပါဝင်သည်။ လ၏ သက်တမ်းနီးပါးခန့်ရှိသောကြောင့် လ၏ဖွားဖက်တော် ကျောက်တုံးအဖြစ် ကျော်ကြားခဲ့သည်။ စကော့နှင့် အာဝင်တို့ လပေါ်တွင်လေ့လာနေခိုက် အာကာသယာဉ်မှူး အယ်လ်ဝပ်ဒင်သည် လပတ်လမ်းအတွင်း၌ လပတ်ယာဉ်ကိုမောင်းနှင်ရင်း အဆင့်မြင့်နည်းပညာသုံး ခရီးစဉ်တွင် တူးရပ်စ်လစ်ထရီးတောင်ကြားကို စူးစမ်းလေ့လာခဲ့ကြသည်။ အပိုလို-၁၇ ယာဉ်မှူးတို့သည် လူနာရိုဗာယာဉ်ဖြင့် လပေါ်တွင် ၃၃ ကီလိုမီတာကျော်မျှခရီးနှင်ကာ လေ့လာခဲ့ကြသည်။

လူနာရိုဗာသည် လကမ္ဘာလေ့လာရေး၌ ကြီးမားစွာ အထောက်အကူပြုခဲ့သည်။ အပိုလို-၁၁ ယာဉ်မှူးများသည် လူနာရိုဗာကို မသုံးနိုင်ခဲ့သေးသောကြောင့် လဆင်းယာဉ်မှ ပေ ၁၆၀ အကွာထိသာ လမ်းလျှောက်လေ့လာနိုင်ခဲ့ကြသည်။ အပိုလို-၁၅ မှ အစပြု၍ လူနာရိုဗာကို အသုံးပြုခဲ့ကြရာ အပိုလိုယာဉ်မှူးအားလုံးတို့ လပေါ်၌ထွက်ခဲ့သည့် ခရီးတာအကွာအဝေး စုစုပေါင်းမှာ ၉၆ ကီလိုမီတာမျှ ရှိခဲ့သည်။ အကယ်၍ လူနာရိုဗာကို အသုံးမပြုနိုင်ခဲ့ပါက လ၏အကြောင်းကို ယခုကဲ့သို့ ထဲထဲဝင်ဝင်သိနိုင်ခဲ့မည် မဟုတ်ပေ။

အပိုလို-၁၇ ပျံသန်းမှုသည် ၁၉၆၁ ခုနှစ် မေလက စတင်ခဲ့သည့် အပိုလိုစီမံကိန်း၏ နိဂုံးပင်ဖြစ်သည်။ အပိုလိုစီမံကိန်းဖြင့် လူလိုက်ပါသောပျံသန်းမှု ၁၁ ကြိမ်ရှိခဲ့သည်။ ကမ္ဘာပတ်လမ်းအတွင်း ပျံသန်းမှု နှစ်ကြိမ် (အပိုလို-၇ နှင့် အပိုလို-၉)၊ လပတ်လမ်းအတွင်း ပျံသန်းမှု နှစ်ကြိမ် (အပိုလို-၈နှင့် အပိုလို-၁၀)၊ လပေါ်သို့ဆင်းသက်မှု ခြောက်ကြိမ် (အပိုလို-၁၁၊ အပိုလို-၁၂၊ အပိုလို- ၁၄၊ အပိုလို- ၁၅၊ အပိုလို-၁၆ နှင့် အပိုလို-၁၇)၊ လမ်းခုလတ်မှပြန်ခဲ့ရမှု တစ်ကြိမ် (အပိုလို-၁၃)တို့ ဖြစ်ကြသည်။ လဆင်းယာဉ်ပြင်ပတွင် ယာဉ်မှူးတို့ အာကာသအတွင်း၌နေခဲ့သည့် အချိန်နာရီ စုစုပေါင်းမှာ နာရီပေါင်း ၁၆၀ မျှပင် ရှိခဲ့သည်။

လမျက်နှာပြင်ပေါ်တွင် သိပ္ပံဆိုင်ရာလေ့လာမှုပေါင်း ၆၀ နှင့် လပတ်လမ်းအတွင်း သိပ္ပံဆိုင်ရာ စူးစမ်းလေ့လာမှုပေါင်း ၃၀ ပြုလုပ်ခဲ့သည်။ သိပ္ပံစူးစမ်းမှုကိရိယာခြောက်စုံကို လပေါ်တွင် ချထားခဲ့ရာ ၎င်းတို့အနက် ကိရိယာလေးစုံသည် တန်ဖိုးမဖြတ်နိုင်သော အချက်အလက်များကို ၁၉၇၇ ခုနှစ်ထိတိုင် ကမ္ဘာမြေသို့ ပြန်လည်သတင်းပေးပို့နေခဲ့သည်။ အမေရိကန် အာကာသယာဉ်မှူးတို့ ကောက်ယူခဲ့သော ကင်မရာများနှင့် အာရုံခံကိရိယာများဖြင့် လမျက်နှာပြင်ကို ထောက်လှမ်းလေ့လာခဲ့သည်။

၁၉၇၂ ခုနှစ် ဧပြီ ၁၆ ရက်တွင် ပစ်လွှတ်ခဲ့သော အပိုလို-၁၆ ၏ ယာဉ်မှူးတို့ကလည်း လူနာရိုဗာယာဉ်ဖြင့် လပေါ်ရှိ ဒေးကတ်ဒေသတွင် ၂၅ ကီလိုမီတာကျော်မျှခရီးနှင်ကာ လေ့လာခဲ့ကြသည်။ အလားတူပင် ၁၉၇၂ ခုနှစ် ဒီဇင်ဘာလတွင် အာကာသယာဉ်မှူး ယူဂျင်းဆာနန်နှင့်ပထမဦးဆုံးသော ဘူမိဗေဒပညာရှင် အာကာသယာဉ်မှူး ဂျက်ရှမစ်တို့ကလည်း အပိုလို-၁၇ လပေါ်က ကျောက်တုံးများ၏ စုစုပေါင်းအလေးချိန်မှာ ၈၄၁ ပေါင်ရှိပြီး ၎င်းတို့ရိုက်ယူခဲ့ကြသောဓာတ်ပုံအရေအတွက်မှာ ၃၀၀၀၀ ခန့် ဖြစ်သည်။ အိမ်ဦးနှင့်ကြမ်းပြင်ပမာ လနှင့် ကမ္ဘာကြား ခေါက်တုံ့ခေါက်ပြန်ကူးသန်းသွားလာနိုင်ရေးအတွက် အမေရိကန်တို့က လုပ်ဆောင်ခဲ့ကြသော အပိုလိုစီမံကိန်းအတွက် နာဆာအဖွဲ့က သုံးစွဲခဲ့သော ငွေကြေးပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံခန့်ပင် ဖြစ်ပေတော့သည်။

❖ အပိုလို-၁၁ လွှတ်တင်မှု၏ ရည်ရွယ်ချက်သည် လကမ္ဘာဆီသို့ လူသားများကို အသွားအပြန်စေလွှတ်နိုင်ရေးကိုသာ အဓိကထားခဲ့သည်။ သို့ရာတွင် အပိုလို- ၁၂ ခရီးစဉ်မှအစပြုပြီး သိပ္ပံဆိုင်ရာစူးစမ်းမှုများကို အထူးအလေးထားကာ စတင်ဆောင်ရွက်ခဲ့ကြသည်။ အပိုလို-၁၂ ၏ အာကာသယာဉ်မှူးများဖြစ်ကြသော ပိကွန်ရတ်နှင့် အလန်ဘင်းတို့သည် လပေါ်သို့ဆင်းသက်ရာ၌ ဆင်းလိုသည့်နေရာဆီသို့ တိတိကျကျဖြင့် အောင်မြင်စွာဆင်းသက်နိုင်ခဲ့ကြသည်။ ထိုယာဉ်မှူး နှစ်ဦးသည် ၁၉၆၇ ခုနှစ်အစောပိုင်းက လပေါ်သို့ ကြိုတင်ပို့လွှတ်ထားခဲ့သော ဆာဗေယာ-၃ လူမဲ့အာကာသယာဉ်နှင့် နီးကပ်စွာဆင်းသက်နိုင်ခဲ့သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# လှမ်းခဲ့ပါနော် ပန်းမြို့တော်ကို

\- တောင်ပြာစိမ့်စမ်း အဆန်းဆန်းပြင်
ပန်းမျိုးအစုံ နှင်းငွေ့လုံလို့
နတ်ဘုံတမျှ ခမ်းနားလှမို့
လောကနိဗ္ဗာန် ဆိုသော်မှန်လိမ့်။

\- နှင်းဆီစံပယ် မြတ်လေးနွယ်၍
သွယ်သွယ်လျလျ စိမ်းမြမြနှင့်
အလှမျိုးစုံ မွှေးထုံကြိုင်သင်း
ပန်းမင်းတော်ဝင် ဂေါ်သဇင်ပွင့်
လန်းဆန်းတင့်သား အပွင့်ဝေဆာ
ဂန္ဓမာကြိုင်လှောက် ကြက်မောက်သစ္စာ
ဒေလီယာတို့ အခါမလင့်
တူပြိုင်ပွင့်လျက်
ဝင့်ကာဝင့်ကာ ဂုဏ်တင့်ဖြာသည့်
သာယာမှုမျိုး ပြည့်စုံဖြိုးသည့်
ပန်း၏မြို့တော် တစ်မည်ခေါ်တွင်
ပြင်ဦးလွင်မှ မျှော်လင့်စောင့်စား
သင့်အားကြိုဆိုနေမယ်လေ။

\- ချိုမွှေးပျံ့ကြည် ပန်းချယ်ရီကို
စီရီကေသာ ပန်လိုပါက
တစ်ခါတစ်ခေါက် လာရောက်ကြွမြန်း
ရှုလှည့်စမ်းပါ့ ရွှင်လန်းပျော်ပျော်
ပန်းမြို့တော်ကို။ ။

ဘိုမျိုး(ရွှေဘို)

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၆၁၇၀၂ ဧက ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၆၁၇၀၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။




ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးစိုက်ခင်းများကို ယခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၆၁၇၀၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ စပါးအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၉၀ ဒသမ ၂၂ တင်းထွက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့တဲ့ မိုးစပါးတွေကို နိုဝင်ဘာလပထမပတ်ကစပြီး ရိတ်သိမ်းနေပြီး ဒီနေ့ထိ မိုးစပါးဧက ၆၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဒီဒေသမှာ စိုက်ပျိုးရေဖူလုံတော့ စပါးစိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ ဒေသခံတောင်သူတွေကိုလဲ စပါးရိတ်သိမ်းခြွေလှေ့တာတွေနဲ့ပတ်သက်ပြီး အထွက်နှုန်းလျော့နည်းမှုမဖြစ်အောင်ရိတ်သိမ်းချိန်လွန်နည်းပညာတွေကို အသိပညာပေးတဲ့လုပ်ငန်းတွေ ဆောင်ရွက်ပေးထားပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၉၉၄၃ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ စပါး ၆၉၉၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်စပါးမျိုးများမှာ ရောမင်း၊ ရတနာတိုး၊ ပေါ်ဆန်းရင်၊ ချမ်းမြေ့မေ၊ ဆင်းသုခ၊ မနောသုခ၊ ပခန်းရွှေဝါ၊ သီးထပ်ရင်၊ ရောပဒေသာ စသည်တို့ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ကလောမြို့နယ် ကမ္ဘားနီ(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကလော ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ္ဘားနီကျေးရွာအုပ်စု ကမ္ဘားနီ(တောင်)ကျေးရွာ၌ ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာက ကမ္ဘားနီ(တောင်)ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၂၁ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကမ္ဘားနီ(တောင်)ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ဦးရေ ၁၈၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၂၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာထံမှ သိရသည်။

မောင်နိုင်

# ပေါင်မြို့နယ် ပိတောက်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပေါင် ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိတောက်ကုန်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ ပေါင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့်ဝန်ထမ်းများက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်အတူ ပိတောက်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားသည်။

ပိတောက်ကုန်းကျေးရွာတွင် အရှည် ၁၇၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ရန်ပုံငွေကျပ် ၇ ဒသမ ၂ သန်းဖြင့် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဒီဇင်ဘာလပထမပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လတ်ထံမှ သိရသည်။

သုတ

## နိုင်ငံတကာ သတင်းများ

# ရုရှားနျူကလီးယားစွမ်းအင်သုံး ရေခဲပြင်ခွဲကုန်တင်သင်္ဘော မီးလောင်မှုကို မီးသတ်သမားများထိန်းချုပ်နိုင်

**မော်စကို ဒီဇင်ဘာ ၂၅**

ရုရှားနိုင်ငံ၏ ဆိုဗီယက်ခေတ် နျူကလီးယားစွမ်းအင်သုံး ရေခဲပြင်ခွဲကုန်တင်သင်္ဘောပေါ်၌ ယနေ့တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆက်ဗ်မော့ပွတ် အမည်ရှိ အဆိုပါနျူကလီးယားစွမ်းအင်သုံး ရေခဲပြင်ခွဲကုန်တင်သင်္ဘောမီးလောင်မှုကို မီးသတ်သမားများကထိန်းချုပ်နိုင်ခဲ့ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဆက်ဗ်မော့ပွတ်နျူကလီးယားစွမ်းအင်သုံး ရေခဲပြင်ခွဲသင်္ဘောသည် ရုရှားမြောက်ပိုင်း မားမင့်စ်မြို့ လွှန်းကျင်းတစ်ခု၌ရှိနေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် ရေယာဉ်ဝန်ထမ်းများ အထိအခိုက်မရှိခဲ့သလို သင်္ဘော၏နျူကလီးယားဓာတ်ပေါင်းဖိုများလည်းအထိအခိုက်မရှိခဲ့ကြောင်း သိရသည်။

၁၉၈၈ ခုနှစ်တွင် ရေချခဲ့သည့် ဆက်ဗ်မော့ပွတ် နျူကလီးယားစွမ်းအင်သုံး ရေခဲပြင်ခွဲကုန်တင်သင်္ဘောသည် ရုရှားနိုင်ငံ၏တစ်စီးတည်းသော နျူကလီးယားစွမ်းအင်သုံးရေခဲပြင်ခွဲ သယ်ယူပို့ဆောင်ရေးသင်္ဘောဖြစ်သည်။

အဆိုပါသင်္ဘောကို ရုရှားနိုင်ငံပိုင် ရိုဆာတစ်နျူကလီးယားစွမ်းအင်ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီတစ်ခုက စီမံခန့်ခွဲလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# မက္ကဆီကိုနိုင်ငံ၌ ကမ်းရိုးတန်းနှစ်ခုကို ချိတ်ဆက်ပေးထားသည့်ရထားလမ်းပိုင်း စတင်ပြေးဆွဲ

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၂၅**

မက္ကဆီကိုနိုင်ငံသည် နိုင်ငံ၏ အကျဉ်းမြောင်းဆုံး ဆုံမှတ်ဖြစ်သည့် ပင်လယ်ကွေ့ကမ်းရိုးတန်းနှင့် ပစိဖိတ်ကမ်းရိုးတန်းတို့ကို ချိတ်ဆက်ပေးထားသည့် ရထားလမ်းပိုင်းကို ဒီဇင်ဘာ ၂၂ ရက်တွင် စတင် ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရထားလမ်းပိုင်းသည် လက်ရှိ မက္ကဆီကိုအစိုးရ၏ အဓိက ဦးစားပေးအခြေခံအဆောက်အအုံ စီမံကိန်းများထဲတွင် ပါဝင်သည်။

၎င်းရထားလမ်းပိုင်းသည် ဗီရာခရုစ်ပြည်နယ် ကိုအာဇာကိုးလ်ကော့စ်ကမ်းရိုးတန်းမြို့မှ ဆာလီနာခရုစ်ပြည်နယ် ပစိဖိတ်ဆိပ်ကမ်းသို့ ခရီးသည်နှင့် ကုန်စည်များကို သုံးနာရီအတွင်း ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

အခြားဒေသများထက် ပို၍ ဆင်းရဲသည့် မက္ကဆီကိုတောင်ပိုင်းသို့ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာနိုင်ရေးအတွက် သမ္မတလိုပက်ဇ် အော်ဘရေဒေါ ဦးဆောင်သည့် မက္ကဆီကိုအစိုးရက အဆိုပါရထားလမ်းကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရထားလမ်းပိုင်းသည် ပနားမားနိုင်ငံ၏ပနားမားတူးမြောင်းနှင့်အပြိုင် အဓိကကုန်စည်စီးဆင်းမှုလမ်းကြောင်း တစ်ခုဖြစ်လာနိုင်သည်။

ယင်းရထားလမ်းပိုင်းနှင့် ချိတ်ဆက်ထားသည့် အခြားရထားလမ်းများ တည်ဆောက်ရေးလုပ်ငန်းမှာ လာမည့်နှစ်အတွင်း အပြီးသတ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**




# ရုရှား၏လက်နက်ထုတ်လုပ်မှုနှုန်း အနောက်အုပ်စုကိုအသာစီးရထားကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် ပြည်တွင်းမီဒီယာများကို ထုတ်ဖော်ပြောကြား



**မော်စကို ဒီဇင်ဘာ ၂၅**

လက်နက်ထုတ်လုပ်နိုင်မှုနှုန်းအရ ရုရှားနိုင်ငံအနေဖြင့် အနောက်အုပ်စုအပေါ် အသာစီးရထားကြောင်း ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဒင်နစ် မင်တူရော့ဗ်က ရုရှားပြည်တွင်းမီဒီယာများသို့ ယနေ့တွင်ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများသည် ယူကရိန်းစစ်ပွဲအတွက် လက်နက်ထုတ်လုပ်မှုနှုန်းကို အပြိုင်အဆိုင်မြှင့်တင်လျက်ရှိသည်။

သို့သော် ရုရှားနိုင်ငံ၏လက်နက်ထုတ်လုပ်မှုနှုန်းသည် အနောက်အုပ်စုနိုင်ငံများထက် ပို၍အရှိန်ရနေကြောင်း ဒုတိယဝန်ကြီးချုပ် မင်တူရော့ဗ်က ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးချုပ် မင်တူရော့ဗ်၏အဆိုအရ ယခုနှစ်အတွင်း ရုရှားအစိုးရ၏ ကာကွယ်ရေးပစ္စည်းမှာယူမှုပမာဏသည် ၂၀၂၂ ခုနှစ်ကထက် နှစ်ဆမြင့်တက်လာပြီး လက်နက်ပစ္စည်းအချို့ထုတ်လုပ်မှုနှုန်းမှာ ၁၀ ဆထိမြင့်တက်လာခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ တင့်ကား၊ အမြောက်၊မောင်းသူမဲ့လေယာဉ်နှင့် သံချပ်ကာယာဉ်များတည်ဆောက်ထုတ်လုပ်မှုနှုန်းမှာ ယခုနှစ်အတွင်း မြင့်တက်လာကြောင်း ရုရှားသမ္မတကလည်း ပြောကြားထားပြီးဖြစ်သည်။

ယူကရိန်းစစ်ရေးပဋိပက္ခစတင်ခဲ့သည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ရုရှားနှင့်အနောက်အုပ်စုနိုင်ငံများအကြား ဆက်ဆံရေးမှာ အဆိုးဆုံးအနေအထားသို့ရောက်ရှိနေကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ဂျပန်မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီကြီးများ ထိုင်းနိုင်ငံ၌ ဒေါ်လာ လေးဘီလီယံကျော်ရင်းနှီးမြှုပ်နှံမည်

**ဗန်ကောက် ဒီဇင်ဘာ ၂၅**

ဂျပန်နိုင်ငံ၏ အဓိကမော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီများသည် လာမည့်ငါးနှစ်အတွင်း ထိုင်းနိုင်ငံ၌ ဘတ်ငွေ ဘီလီယံ ၁၅၀ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၄ ဘီလီယံ)ထိ ရင်းနှီးမြှုပ်နှံလိမ့်မည်ဖြစ်ကြောင်း ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။



ဂျပန်ကားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုသည် လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းဗဟိုချက်အဖြစ်သို့ အသွင်ကူးပြောင်းရေးအတွက် ထိုင်းနိုင်ငံ၏ကြိုးပမ်းမှုများကိုအထောက်အကူပြုနိုင်မည်ဖြစ်သည်။

ထိုင်းအစိုးရ ပြောရေးဆိုခွင့်ရှိသူ၏အဆိုအရ တိုယိုတာကုမ္ပဏီနှင့်ဟွန်ဒါကုမ္ပဏီတို့သည် လာမည့်ငါးနှစ်အတွင်း ထိုင်းနိုင်ငံ၌ ဘတ်ငွေ ဘီလီယံ ၅၀ စီ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ အီဆူဇူးကုမ္ပဏီက ဘတ်ငွေ ဘီလီယံ ၃၀ ထိလည်းကောင်း၊ မစ်ဆူဘီရှီကုမ္ပဏီက ဘတ်ငွေ ဘီလီယံ ၃၀ ထိလည်းကောင်း ထိုင်းနိုင်ငံ၌ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဂျပန်မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများထဲတွင် လျှပ်စစ်သုံးကုန်တင်ယာဉ်များထုတ်လုပ်ရေးလည်းပါဝင်ကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှ၏ အကြီးဆုံးမော်တော်ယာဉ်ထုတ်လုပ်တင်ပို့သူနိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ပင်လယ်နီ၌ ကုန်တင်သင်္ဘောများပြန်လည်ပြေးဆွဲရန် ဒိန်းမတ်အခြေစိုက် မက်စ်ကုမ္ပဏီပြင်ဆင်

**ကိုပင်ဟေဂင် ဒီဇင်ဘာ ၂၅**

ဒိန်းမတ်နိုင်ငံအခြေစိုက် မက်စ်ကုန်သေတ္တာတင်သင်္ဘောလိုင်းသည် ပင်လယ်နီနှင့် အေဒင်ပင်လယ်ကွေ့တို့၌ သင်္ဘောများပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း မက်စ်ကုမ္ပဏီက ဒီဇင်ဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ပင်လယ်နီရေလမ်းကြောင်းများ လုံခြုံရေးအတွက် အမေရိကန်နိုင်ငံဦးဆောင်သော နိုင်ငံစုံရေတပ်စစ်ဆင်ရေးအုပ်စုပေါ်ထွက်လာပြီးနောက် ပင်လယ်နီရေပြင်၌ ကုန်သေတ္တာတင်သင်္ဘောများ ပြန်လည်ပြေးဆွဲရန် မက်စ်ကုမ္ပဏီကစီစဉ်ထားခြင်းဖြစ်သည်။

ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုက ပင်လယ်နီရေပြင်အတွင်း သွားလာနေသည့် ကုန်တင်သင်္ဘောများကိုပိုမိုတိုက်ခိုက်လာခဲ့ပြီးနောက် မက်စ် ကုန်တင်သင်္ဘောကုမ္ပဏီသည် ပင်လယ်နီတောင်ပိုင်းဘက်အယ်လ်မင်ဒက်ရေလက်ကြားခရီးစဉ်များ ရပ်ဆိုင်းခဲ့သည်။

သို့ရာတွင် အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်များရန်မှ ပင်လယ်နီရေလမ်းကြောင်းများကို အကာအကွယ် ပေးရေးအတွက် နိုင်ငံစုံရေတပ်စစ်ဆင်ရေး စတင်နေပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံက ဒီဇင်ဘာ ၁၉ ရက်တွင် ကြေညာထားသည်။

လက်ရှိအချိန်တွင် မက်စ်ကုမ္ပဏီ၏ ကုန်သေတ္တာတင်သင်္ဘောများသည် ပင်လယ်နီရေလမ်းကြောင်းကို လမ်းကြောင်းပြောင်း၍ အာဖရိကတိုက် ဂွတ်ဟုပ်အငူကိုကွေ့ပတ်မောင်းနှင်နေကြရသည်။

မက်စ်ကုမ္ပဏီကဲ့သို့ပင် အခြားသောနိုင်ငံတကာသင်္ဘောလိုင်းအချို့သည်လည်း ပင်လယ်နီရေပြင်အတွင်း ပြေးဆွဲမှုများကိုရပ်ဆိုင်းထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဂျာမနီစစ်ဘက်၏ ရေဒါကင်းထောက်ဂြိုဟ်တုနှစ်စင်းကို Space-X ကုမ္ပဏီ လွှတ်တင်



**ဝါရှင်တန် ဒီဇင်ဘာ ၂၅**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် ဂျာမနီစစ်ဘက်၏ ရေဒါကင်းထောက်ဂြိုဟ်တုနှစ်စင်းကို ဒီဇင်ဘာ ၂၄ ရက်က လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

SARah-1 နှင့် SARah-2 အမည်ရှိ ဂျာမနီစစ်ဘက်ဂြိုဟ်တု နှစ်စင်းကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Space-X ကုမ္ပဏီသည် အဆိုပါ ဂြိုဟ်တုနှစ်စင်းကို မူလက ဒီဇင်ဘာ ၂၃ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသော်လည်း မလွှတ်တင်မီ စစ်ဆေးမှုများ ပြုလုပ်နိုင်ရေး အတွက် ဒီဇင်ဘာ ၂၄ ရက်မှသာ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၂၅ မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် ဂျာမနီ စစ်ဘက်၏ ရေဒါဂြိုဟ်တု နှစ်စင်း ကို ကမ္ဘာပတ်လမ်းကြောင်း အနိမ့် ပိုင်းပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပင်မ ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ရှစ်မိနစ် ခန့်အကြာတွင် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းနယ်မြေ၌ အောင် မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ယခု နှစ်အတွင်း လက်ရှိကာလထိ အာ ကာသမစ်ရှင်ပေါင်း ၉၄ ခုလွှတ် တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အောစီးရစ်-ရက်စ်အာကာသယာဉ်၏ ဂြိုဟ်သိမ်လေ့လာရေးတာဝန်သစ်ကို အောစီးရစ်-အေပက်စ်ဟူ၍ နာဆာက အမည်သစ်ပေးထား

**ဝါရှင်တန် ဒီဇင်ဘာ ၂၅**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲ ရေးအေဂျင်စီ(နာဆာ)သည် အော စီးရစ်-ရက်စ် အာကာသယာဉ်၏ ဂြိုဟ်သိမ်လေ့လာရေး တာဝန်သစ် ကို အောစီးရစ်-အေပက်စ် ဟူ၍ အမည်သစ် ပေးထားကြောင်း ဒီဇင်ဘာ ၂၄ ရက်သတင်းများအရ သိရသည်။

အောစီးရစ်-ရက်စ် အာကာသ ယာဉ်သည် ဘန်နူးဂြိုဟ်သိမ်နမူနာ ကျောက်သားများကို ကမ္ဘာပေါ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီးနောက် ပစ်မှတ်သစ်ဖြစ်သည့် အပိုးဖစ် အမည်ရှိ ဂြိုဟ်သိမ်ဆီသို့ ဦးတည် ပျံသန်းလျက်ရှိသည်။

သို့ဖြစ်ရာ အပိုးဖစ်ဂြိုဟ်သိမ် လေ့လာရေးတာဝန်ကို ရည်ညွှန်း၍ နာဆာအဖွဲ့သည် အောစီးရစ်- ရက်စ်ကို အောစီးရစ်-အေပက်စ် ဟူ၍ အမည်သစ်ပြောင်းထား ခြင်းဖြစ်သည်။

အောစီးရစ်-အေပက်စ် အာ ကာသယာဉ်သည် ၂၀၂၉ ခုနှစ် ဧပြီ လတွင် အပိုးဖစ်ဂြိုဟ်သိမ်ဆီသို့ ရောက်ရှိနိုင်ကြောင်း နာဆာအဖွဲ့ က ခန့်မှန်းထားသည်။

အပိုးဖစ်ဂြိုဟ်သိမ်သည် ၂၀၂၉ ခုနှစ် ဧပြီလတွင် ကမ္ဘာမြေကို မိုင် ပေါင်း ၂၀၀၀၀ အကွာမှဖြတ်သန်း မည်ဖြစ်သည်။



အပိုးဖစ်ဂြိုဟ်သိမ်ကဲ့သို့ အရွယ် အစားအားဖြင့် အချင်းမီတာ ၃၄၀ ထိရှိသော ဂြိုဟ်သိမ်များ ထိုမျှ လောက်နီးကပ်သည့်နေရာမှ ကမ္ဘာ ကို ဖြတ်ကျော်ပျံသန်းမှုသည် နှစ် ၇၅၀၀ မှသာ တစ်ကြိမ်ဖြစ်နိုင် သည့် ပျံသန်းမှုမျိုးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ဥရောပတောင်ပိုင်း နက္ခတ်တာရာလေ့လာရေးဌာနက အီးအယ်လ်တီရေဒီယိုတယ်လီစကုပ်၏ ပထမအသုတ် ပင်မကြေးမုံချပ်အစိတ်အပိုင်း ၁၈ ခုကို ချီလီနိုင်ငံသို့ ပို့ဆောင်နေ

**ပဲရစ် ဒီဇင်ဘာ ၂၅**

ဥရောပတောင်ပိုင်း နက္ခတ် တာရာ လေ့လာရေးဌာနသည်၎င်း



တည်ဆောက်နေသော အီးအယ်လ် တီအမည်ရှိ ရေဒီယိုတယ်လီစကုပ် ၏ ပထမအသုတ် ပင်မကြေးမုံချပ် အစိတ်အပိုင်း ၁၈ ခုကို ချီလီနိုင်ငံ သို့ ပို့ဆောင်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

ချီလီနိုင်ငံသို့ရောက်ရှိချိန်တွင် အဆိုပါအလင်းစုအလင်းပြန် ကြေးမုံ ချပ် အစိတ်အပိုင်းများကို အီး အယ်လ်တီ ရေဒီယိုတယ်လီစကုပ်၌ တပ်ဆင်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်သည်။

အီးအယ်လ်တီရေဒီယိုတယ်လီ စကုပ်၏ ပင်မအလင်းစုအလင်းပြန် ကြေးမုံချပ်ကို ကြေးမုံချပ်ငယ်ပေါင်း ၇၉၈ ခုဖြင့် ဖွဲ့စည်းတည်ဆောက် မည်ဖြစ်ကြောင်း သိရသည်။

တပ်ဆင်ပြီးချိန်တွင် အီးအယ်လ် တီရေဒီယိုတယ်လီစကုပ်၏ ပင်မ ကြေးမုံချပ် အရွယ်အစားမှာအချင်း ၃၉ မီတာကျော် ရှိမည်ဖြစ်ရာ ကမ္ဘာ့အကြီးဆုံး ရေဒီယိုတယ်လီ စကုပ် ကြေးမုံချပ်ဖြစ်လာလိမ့်မည် ဖြစ်ကြောင်း သိရသည်။

ဥရောပတောင်ပိုင်း နက္ခတ် တာရာ လေ့လာရေးဌာနသည် အီး အယ်လ်တီ ရေဒီယိုတယ်လီစကုပ် ကို ချီလီနိုင်ငံ အက်တာကာမာ သဲ ကန္တာရအတွင်း တည်ဆောက်နေ ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## ပြိုကွဲရန်ခက်ခဲသည့် ဓာတုပစ္စည်းများကြောင့် ကင်ဆာဆဲလ်များ လျင်မြန်စွာပျံ့နှံ့နိုင်

**နယူးယောက် ဒီဇင်ဘာ ၂၅**

ပိုက်သွယ်ရေများနှင့်နေ့စဉ်သုံး ပစ္စည်းပစ္စယ အများအပြားတို့၌ ရှိနေသော ပြိုကွဲရန်ခက်ခဲသည့် ဓာတုပစ္စည်းများကြောင့် လူ့ကိုယ် ခန္ဓာအတွင်း၌ ကင်ဆာဆဲလ်များ လျင်မြန်စွာ ပျံ့နှံ့သွားနိုင်ကြောင်း သုတေသနပညာရှင်များက ဒီဇင် ဘာ ၂၄ ရက်တွင် ပြောကြားသည်။

Per and Polyfluoroalkyl Substances (PFAS) ခေါ် ဓာတု ပစ္စည်းများသည် ကင်ဆာရောဂါ များနှင့် အဆက်အစပ်ရှိနိုင်ကြောင်း ယခင်လေ့လာချက်များအရ သိခဲ့ရ ပြီးဖြစ်သည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ယေးလ်တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိ ချက်အရ PFAS ဓာတုပစ္စည်းများ သည် ကင်ဆာဆဲလ်များပျံ့နှံ့နိုင်မှု နှင့်လည်း ဆက်စပ်နေကြောင်း သိရသည်။

အမေရိကန် သုတေသနပညာ ရှင်များသည် ဓာတ်ခွဲခန်းအတွင်း ၌ အူမကြီးကင်ဆာဆဲလ်များကို PFAS များဖြင့် ထိတွေ့ပေးပါက ကင်ဆာဆဲလ်များ လျင်မြန်စွာပျံ့နှံ့ လာမှုလက္ခဏာများ ပေါ်ထွက်လာ သည်ကို ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

အလိုအလျောက် ပြိုကွဲရန် ခဲယဉ်းလွန်းမှုကြောင့် ပတ်ဝန်းကျင် နေရာတိုင်းတွင် ရှိနေတတ်သော PFAS ဓာတုပစ္စည်းများကို အမြဲ တည်ဓာတုပစ္စည်းများဟူ၍ သုတေ သနပညာရှင်များက နာမည်ပေး ထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ လူတိုင်း နီးပါး သွေးထဲတွင် PFAS ဓာတု ပစ္စည်းများ ထောက်လှမ်းတွေ့ရှိနိုင် သောအဆင့်ထိ ရှိနေတတ်ကြောင်း သုတေသန ပညာရှင်များ၏အဆို အရ သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## သွေးလေးဖက်နာကု ထိုးဆေးတစ်မျိုးက ရောဂါဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်

**လန်ဒန် ဒီဇင်ဘာ ၂၅**

သွေးလေးဖက်နာ ရောဂါ (Rheumatoid Arthritis) ကို ကုသရာတွင် အသုံးပြုသောထိုးဆေး တစ်မျိုးသည် ၎င်းရောဂါဖြစ်နိုင်ခြေ ကိုလည်း လျှော့ချပေးနိုင်ကြောင်း ဒီဇင်ဘာ ၂၄ ရက်သတင်းများအရ သိရသည်။

ဗြိတိန်သုတေသနပညာရှင်များ သည် Abatacept အမည်ရှိ အဆိုပါ ဆေးကို သွေးလေးဖက်နာမရှိ သေးသော်လည်း ရှိလာနိုင်ခြေ မြင့်မားသူများဖြင့် စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

စမ်းသပ်မှု ရလဒ်များအရ Abatacept ဆေး ရယူခဲ့သော လူနာများထဲတွင် လူနာ ခြောက် ရာခိုင်နှုန်း၌သာ သွေးလေးဖက်နာ ရောဂါ ဖြစ်နိုင်ခြေရှိမှုလက္ခဏာ များပေါ်ထွက်လာခဲ့ပြီး Abatacept ဆေးယောင် (Placebo) ရယူထားသူများထဲတွင်မူ သွေး လေးဖက်နာရောဂါ ဖြစ်နိုင်ခြေရှိမှု လက္ခဏာများပြသလာသူ ရာနှုန်း မှာ ၂၉ ရာခိုင်နှုန်းထိရှိသည်ဟု သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ Abataceptထိုးဆေး သည် သွေးလေးဖက်နာရောဂါကို ကုသရာတွင်အထောက်အကူပေးနိုင် သည်သာမက၎င်းရောဂါကိုကာကွယ် ရာတွင်လည်း အထောက်အကူပြု နိုင်သည်ဟု ဗြိတိန်သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

သွေးလေးဖက်နာရောဂါသည် ခုခံအားစနစ် ဖောက်ပြန်မှုရောဂါ တစ်မျိုးဖြစ်ပြီး ခုခံအားစနစ်က အရိုးဆက်အတွင်းရှိ ဆဲလ်များကို မှားယွင်းတိုက်ခိုက်ချိန်တွင် ဖြစ်ပွား တတ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၂၃ ခုနှစ်အတွင်း ရှုံးပွဲအများဆုံးအသင်းကြီးအဖြစ် ချဲလ်ဆီးအသင်း မှတ်တမ်းဝင်

**လန်ဒန် ဒီဇင်ဘာ ၂၅**

ချဲလ်ဆီးအသင်းသည် ပရီးမီးယားလိဂ်အမှတ်ပေးပွဲစဉ်အဖြစ် ဝုဖ်အသင်းနှင့်ကစားခဲ့သည့် ပွဲစဉ်တွင် နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုနှစ်အတွင်းရှုံးပွဲအများဆုံးအသင်းကြီးအဖြစ် မှတ်တမ်းဆိုးတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

ချဲလ်ဆီးအသင်း အနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း ပြောင်းရွှေ့ကြေး တစ်ဘီလီယံကျော်ထိ အသုံးပြုခဲ့ပြီး နည်းပြအပြောင်းအလဲများ ပြုလုပ်ခဲ့သော်လည်း ရလဒ်ပိုင်းတိုးတက်လာခဲ့ခြင်းမရှိဘဲ ပြိုင်ပွဲစုံတွင်ရှုံးပွဲ ၁၉ ပွဲရှိခဲ့ပြီး ဥရောပထိပ်သီးကလပ်အသင်းများတွင် ရှုံးပွဲအများဆုံးအသင်းကြီး တစ်သင်းဖြစ်လာခဲ့ကြောင်း သိရသည်။

ထို့ပြင် ဥရောပထိပ်သီးလိဂ်ငါးခုတွင် ချဲလ်ဆီးအသင်းနောက်၌ ၂၀၂၃ ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ရှုံးပွဲအများဆုံးအသင်းများမှာ စီးရီးအေကလပ်အမ်ပိုလီအသင်းက ရှုံးပွဲ ၂၀၊ ဘွန်ဒက်လီဂါကလပ် ဝါဒါဘရီမင်အသင်းက ရှုံးပွဲ ၂၀၊ လာလီဂါကလပ် အယ်မာရီယာအသင်းက ရှုံးပွဲ ၂၄ ပွဲဖြင့် အစဉ်လိုက် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် ဝုဖ်အသင်းနှင့်ပွဲစဉ်တွင် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ရာ ပြိုင်ဘက်ကို ဖိအားပေးနိုင်ခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်မသေချာမှုများကြောင့် ဂိုးမရခဲ့ဘဲ ဝုဖ်အသင်းက ပွဲကစားချိန် ၅၁ မိနစ်နှင့် ပွဲချိန်နာကျင်အချိန်ပို ၉၃ မိနစ်တို့တွင် ဦးဆောင်ဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ချဲလ်ဆီးအသင်းက ပွဲချိန် ၉၆ မိနစ်တွင် ချေပဂိုး တစ်ဂိုးသာရရှိခဲ့သဖြင့် နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး ပရီးမီးယားလိဂ် ပြိုင်ပွဲ ၁၈ ပွဲကစားခဲ့ရာ ခြောက်ပွဲနိုင်၊လေးပွဲသရေရှုံးပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့သကဲ့သို့ ယခုနှစ်အတွင်း ရှုံးပွဲ ၁၉ ပွဲထိရှိခဲ့သောကြောင့် မှတ်တမ်းဆိုးတစ်ရပ်ရရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : ML





## အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းက လူငယ်ကစားသမား ဂူယူကို ၂၀၂၅ ခုနှစ်မှ သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ဆက်လက်ထိန်းသိမ်းရန်အတွက် စာချုပ်သက်တမ်းတိုးရန်ကြိုးပမ်းနေကြောင်း သိရသည်။
- နိုက်အသင်းအနေဖြင့် အသင်းပိုင်ရှင် ရက်ကလစ်ဖ်လက်ထက်တွင် လေးနှစ်အတွင်း ပြောင်းရွှေ့ကြေးအသုံးစရိတ် စတာလင်ပေါင် သန်း ၂၀၀ ကျော်အသုံးပြုခဲ့ပြီး စတာလင်ပေါင် သန်း ၂၀ ကျော်သည့် ကစားသမားခေါ်ယူခဲ့ခြင်းမရှိကြောင်း သိရသည်။
- လာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင် မားကို့စ်အလွန်ဆိုနှင့် ဆာဂျီရော်ဘတ်တို့အနေဖြင့် အသင်းပြောင်းရွှေ့ရန်အတွက် လွတ်လပ်စွာဆွေးနွေးခွင့်ပြုခဲ့ကြောင်း ဘာစီလိုနာအသင်းက ပြောကြားခဲ့သည်။

ML

# UFC မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း အဒီဆန်ညာ UFC လောကသို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်



**ဝယ်လင်တန် ဒီဇင်ဘာ ၂၅**

UFC မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်ကို နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးခဲ့ဖူးသည့် နယူးဇီလန် UFC ကစားသမား အဒီဆန်ညာသည် ပြီးခဲ့သည့်စက်တင်ဘာလက ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆုံးရှုံးခဲ့ရပြီးနောက် UFC လောကမှ အနားယူလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သော်လည်း အသက် ၃၄ နှစ်အရွယ် အဒီဆန်ညာက ၎င်းအနေဖြင့် UFC လောကမှ အနားယူရန် ထုတ်ပြန်ကြေညာခဲ့ခြင်းမှာ ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆုံးရှုံးခဲ့ရပြီးနောက် စိတ်ဓာတ်ပိုင်း အနားယူရန် လိုအပ်သည့်အတွက် ခေတ္တအနားယူခြင်းသာဖြစ်ကြောင်း၊ UFC လောကသို့ အမြန်ဆုံး ပြန်လည် ဝင်ရောက်လာမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဒီဆန်ညာသည် ပြီးခဲ့သော စက်တင်ဘာ ၁၀ ရက်က ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် အမေရိကန် UFC ကစားသမား စထရစ်ကလန်းနှင့် ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့်ရှုံးနိမ့်ပြီး ကမ္ဘာ့ချန်ပီယံခါးပတ်ကို လက်လွှတ်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

အဒီဆန်ညာအနေဖြင့် UFC လောကမှအနားယူကြောင်း ထုတ်ပြန်ကြေညာခဲ့စဉ်က လေးနှစ်ခန့်အနားယူမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သော်လည်း လက်ရှိအခြေအနေအရ ၂၀၂၄ ခုနှစ်အတွင်း၌ UFC လောကသို့ ပြန်လည်ဝင်ရောက်လာဖွယ် ရှိနေကြောင်း သိရသည်။

Ref : RT

Trs : AZL

# ယခုနှစ်ပရီးမီးယားလိဂ် အကောင်းဆုံးအသင်းစာရင်းတွင် အာဆင်နယ်နှင့်အေဗီလာအသင်းမှ ကစားသမားအများဆုံးပါဝင်

**လန်ဒန် ဒီဇင်ဘာ ၂၅**

၂၀၂၃-၂၀၂၄ ဘောလုံးရာသီအတွက် Goal ကထုတ်ပြန်ခဲ့သည့် ပရီးမီးယားလိဂ် တစ်နှစ်တာ အကောင်းဆုံး ကစားသမားစာရင်းတွင် အာဆင်နယ်အသင်းမှကစားသမားသုံးဦးနှင့် အေဗီလာအသင်းမှ ကစားသမားသုံးဦးထိ အများဆုံး ပါဝင်နေကြောင်း သိရသည်။

အဆိုပါ အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းတွင် စပါးအသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးထားသည့် ဂိုးသမားဗီကာရီအိုနှင့် တိုက်စစ်မှူး ဆွန်ဟောင်မင်၊ အေဗီလာအသင်းအား အမှတ်ပေးဇယားအဆင့်(၃) သို့ရောက်ရှိအောင်ကူညီနိုင်ခဲ့သည့် ခံစစ်ကစားသမား အဲရစ်ကွန်ဆာ၊ ကွင်းလယ်ကစားသမား ဒေါက်ကလပ်လူးဝစ်၊ တိုက်စစ်မှူးအိုလီဝက်ကင်း၊ အာဆင်နယ်အသင်းကို အမှတ်ပေးဇယား ထိပ်သို့ရောက်ရှိအောင်စွမ်းဆောင်နိုင်ခဲ့သည့် ခံစစ်ကစားသမားဆာလီဘာ၊ ကွင်းလယ်ကစားသမားဒီကလန်ရိုက်၊တိုက်စစ်မှူးဆာကာတို့ ပါဝင်ခဲ့သည်။

ထို့ပြင် လီဗာပူးအသင်းမှခံစစ်ကစားသမားဗန်ဒိုက်၊ တိုက်စစ်မှူး ဆာလာဟ်နှင့် မန်စီးတီးအသင်းမှ တိုက်စစ်မှူး ဟာလန်းတို့ပါဝင်ခဲ့ပြီး အာဆင်နယ်အသင်းနှင့် အေဗီလာအသင်းမှကစားသမား အများဆုံး ပါဝင်နေကြောင်း သိရသည်။

လက်ရှိ အမှတ်ပေးဇယားတွင် အာဆင်နယ်အသင်းက ရမှတ် ၄၀ ဖြင့် အဆင့်(၁)၊ လီဗာပူးအသင်းက ရမှတ် ၃၉ မှတ်ဖြင့် အဆင့်(၂)၊ အေဗီလာအသင်းက ရမှတ် ၃၉ မှတ်ဖြင့် အဆင့်(၃)၊ စပါးအသင်းက ရမှတ် ၃၆ မှတ်ဖြင့် အဆင့်(၄)၊ မန်စီးတီးအသင်းက ရမှတ် ၃၄ မှတ်ဖြင့် အဆင့်(၅)နေရာတွင် ရပ်တည်နေပြီး ပရီးမီးယားလိဂ်ချန်ပီယံဆုအတွက် မန်စီးတီး၊ လီဗာပူး၊ အာဆင်နယ်အသင်းတို့က ထိပ်ဆုံးမှရေပန်းစားလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : ML

# ခံစစ်ကစားသမား ဂျိုနသန်တာ့နှင့်ဟင်ကာပီတို့ကို ရောင်းချမည်မဟုတ်ကြောင်း လေဗာကူဆင်အသင်း ထုတ်ပြန်ပြောကြား

**ဘာလင် ဒီဇင်ဘာ ၂၅**

ဘွန်ဒက်လီဂါ အမှတ်ပေးဇယားကိုဦးဆောင်နေသည့် လေဗာကူဆင်အသင်းက ခံစစ်ကစားသမား ဂျိုနသန်တာ့နှင့် ဟင်ကာပီတို့ကို လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ရောင်းချမည်မဟုတ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၂၇ နှစ်ရှိ ဂျိုနသန်တာ့နှင့် အသက် ၂၁ နှစ်ရှိ ဟင်ကာပီတို့သည် ယခုနှစ်ဘောလုံးရာသီတွင် လေဗာကူဆင်အသင်း ခံစစ်ပိုင်းကို အကောင်းဆုံးဦးဆောင်နိုင်ခဲ့ပြီး အသင်းအား ပြိုင်ပွဲစုံတွင် ၁၅ ပွဲပေးဂိုးမရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် ချဲလ်ဆီးအသင်းအပါအဝင် ဥရောပကလပ်အသင်းကြီးများကခေါ်ယူရန် ချိတ်ဆက်နေသောကြောင့် လေဗာကူဆင်အသင်းက လာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင် ရောင်းချမည်မဟုတ်ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။

ဂျိုနသန်တာ့သည် ယခုနှစ်တွင် အသင်းအတွက် ပြိုင်ပွဲစုံသွင်းဂိုး လေးဂိုးသွင်းယူနိုင်ခဲ့ပြီး ခြေစွမ်းပြကစားနေသော်လည်း ၎င်းအနေဖြင့် လာမည့်နွေရာသီတွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး လက်ရှိစာချုပ်ဖျက်သိမ်းကြေးမှာလည်း ယူရို ၁၈ သန်းသာရှိနေသဖြင့် ချဲလ်ဆီးအသင်းက ခံစစ်ပိုင်း လိုအပ်ချက်အတွက် ခေါ်ယူရန်ကြိုးပမ်းနေသောကြောင့် လေဗာကူဆင်အသင်း စီမံခန့်ခွဲမှုဒါရိုက်တာရိုလ်ဖက်စ်က လာမည့် ဆောင်းရာသီ အပြောင်းအရွှေ့တွင် ရောင်းချမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။





ထို့ပြင် လူငယ်ကစားသမား ဟင်ကာပီသည်လည်း ဗဟိုခံစစ်ပိုင်းနှင့် တောင်ပံခံစစ်ပိုင်းတို့တွင်ပါဝင်ကာ ပြိုင်ပွဲစုံ ဂိုးပန်တီးမှုတစ်ကြိမ်ပြုလုပ်ထားနိုင်သော်လည်း ဥရောပ၏ အကောင်းဆုံးခံစစ်ကစားသမားများထဲတွင် ပါဝင်နေသူဖြစ်သောကြောင့် ရောင်းချရန်အစီအစဉ်မရှိဟု ရိုလ်ဖက်စ်က ထပ်မံပြောကြားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik

Trs : ML

# World Tennis League တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို PBG Eagles အသင်း ဆွတ်ခူး



**ဒူဘိုင်း ဒီဇင်ဘာ ၂၅**

အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တွင် ကျင်းပခဲ့သည့် World Tennis League တင်းနစ်ပြိုင်ပွဲတွင် PBG Eagles အသင်းက SG Mavericks Kites အသင်းကို (၂၉-၂၆)ရလဒ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဒီဇင်ဘာ ၂၄ ရက်အစောပိုင်းတွင် ဒဏ်ရာပြဿနာကြောင့် World Tennis League တင်းနစ်ပြိုင်ပွဲမှနုတ်ထွက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သော ဂရိတင်းနစ်ကစားသမားစတီဖာနို့စ်က ၎င်း၏အသင်းဖော်အဖြစ် ပါဝင်ယှဉ်ပြိုင်မည့် အတူနေချစ်သူ ဘာဒိုဆာ၏ တိုက်တွန်းချက်ကြောင့် ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ကာ ပြိုင်ပွဲဝင်ခဲ့သည်။

အဆိုပါ အမျိုးသား၊အမျိုးသမီး နှစ်ယောက်တွဲပွဲစဉ်အဖြစ် PBG Eagles အသင်းမှ မျက်ဒဗျက်နှင့် အန်ဒရီဗာတို့အတွဲနှင့် SG Mavericks Kites အသင်းမှ စတီဖာနို့စ်နှင့်ဘာဒိုဆာတို့အတွဲ ယှဉ်ပြိုင်ကစားခဲ့ကြရာ စတီဖာနို့စ်တို့အတွဲက (၇-၆)ရလဒ်ဖြင့်အနိုင်ရရှိကာ SG Mavericks Kites အသင်းက စတင်ဦးဆောင်ခွင့်ရခဲ့သည်။

SG Mavericks Kites အသင်းက ဦးဆောင်ခွင့်ရခဲ့ပြီးနောက် PBG Eagles အသင်းကနောက်မှလိုက်ကစားခဲ့ရပြီး အမျိုးသမီးနှစ်ယောက်တွဲပွဲစဉ်တွင် PBG Eagles အသင်းမှ အန်ဒရီဗာနှင့်ဆိုဖီယာကီနင်တို့အတွဲက SG Mavericks Kites အသင်းမှဘာဒိုဆာနှင့် ဆာဘာလင်ကာတို့အတွဲကို (၅-၂) ရလဒ်ဖြင့်ပြန်လည်အနိုင်ရရှိခဲ့သည်။

အမျိုးသားနှစ်ယောက်တွဲပွဲစဉ်တွင်လည်း PBG Eagles အသင်းမှ မျက်ဒဗျက်နှင့် ရှုဘာလက်ဖ်တို့အတွဲက SG Mavericks Kites အသင်းမှ ဟာရစ်နှင့်ဒီမီထရော့ဖ်တို့အတွဲကို (၆-၃)ရလဒ်ဖြင့်အနိုင်ရရှိကာ ပြန်လည်ဦးဆောင်ခွင့်ရရှိခဲ့သည်။

အမျိုးသမီးတစ်ဦးချင်းပွဲစဉ်တွင် ဆိုဖီယာကီနင်က ဆာဘာလင်ကာနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ(၆-၄)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် PBG Eagles အသင်းက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ နေပြည်တော်၌ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို ယနေ့တွင် နေပြည်တော်၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဝန်ကြီးဌာနပေါင်းစုံအမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ရှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

**STA**

# ပြေးခုန်ပစ်အားကစားလောကတွင် အားကစားသမားများ လူမျိုးရေးခွဲခြားခံရမှုနှင့် လိင်ပိုင်းဆိုင်ရာခွဲခြားဆက်ဆံမှုများရှိနေသည်ကို အဆုံးသတ်ရန်လိုကြောင်း ရစ်ဂျီအွန် တိုက်တွန်း

**မိုနာကို ဒီဇင်ဘာ ၂၅**

ယခုနှစ် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ပြေးခုန်ပစ်အားကစားသမားများအနေဖြင့် လူမျိုးရေးခွဲခြားမှုနှင့် လိင်ပိုင်းဆိုင်ရာခွဲခြားဆက်ဆံမှုများဖြင့် ဆိုးရွားစွာရင်ဆိုင်ခဲ့ကြရပြီး ယင်းသို့သောဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားရေးအတွက် ထိရောက်စွာအရေးယူခြင်းပြုလုပ်ရန် လိုအပ်နေကြောင်း ပြင်သစ်နိုင်ငံ မိုနာကိုမြို့တွင် အခြေစိုက်သည့် အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်အဖွဲ့ချုပ်၏ အမှုဆောင်ချုပ်ဖြစ်သူရစ်ဂျီအွန်က ယနေ့တွင် တိုက်တွန်းချက်ထုတ်ပြန်ခဲ့သည်။

အထူးသဖြင့် ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့တွင် ပြီးခဲ့သည့် ဩဂုတ် ၁၈ ရက်မှ ၂၈ ရက် အတွင်း ကျင်းပပြုလုပ်ခဲ့သည့် World Athletics Championships ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြေးခုန်ပစ်အားကစားသမားများမှာ လူမျိုးရေးခွဲခြားမှုနှင့် လိင်ပိုင်းဆိုင်ရာခွဲခြားဆက်ဆံမှုများဖြင့် အဆိုးရွားဆုံးရင်ဆိုင်ခဲ့ကြရသည်။

အများစုမှာ လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် X (ယခင် Twitter)တွင် ကစားသမားများကို တိုက်ရိုက် လူမျိုးရေးခွဲခြားမှုနှင့် လိင်ပိုင်းဆိုင်ရာခွဲခြားဆက်ဆံမှုများ ပြုလုပ်ခဲ့ကြောင်းလည်း ရစ်ဂျီအွန်က စစ်တမ်းများနှင့်တကွထုတ်ပြန်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာပြေးခုန်ပစ်အဖွဲ့ချုပ်က ကောက်ယူခဲ့သော စစ်တမ်းများအရ ၂၀၂၂ ခုနှစ်တွင် ပြုလုပ်ခဲ့ကြသော လူမျိုးရေးခွဲခြားမှုနှင့် လိင်ပိုင်းဆိုင်ရာခွဲခြားဆက်ဆံမှုများထက် ယခုနှစ်တွင် ၁၄ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ယခုနှစ် ဥရောပအကောင်းဆုံးအဆင့်သတ်မှတ်ချက်တွင် မန်စီးတီးအသင်း အဆင့်(၁)နေရာ၌ရပ်တည်

**ဇူးရစ် ဒီဇင်ဘာ ၂၅**

ဥရောပဘောလုံးအဖွဲ့ချုပ်က ယခုနှစ်၏ ဥရောပအဆင့်သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ရာတွင် ချန်ပီယံလိဂ်နှင့် ကလပ်ကမ္ဘာ့ဖလားချန်ပီယံ မန်စီးတီးအသင်းက အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ထိပ်ဆုံး ၁၀ သင်းစာရင်းတွင် မန်ယူအသင်းလည်း ပါဝင်လာခဲ့ကြောင်း သိရသည်။

ဥရောပဘောလုံးအဖွဲ့ချုပ်က ကလပ်အသင်းများ၏ နိုင်ပွဲရရှိမှု၊ သရေပွဲရရှိမှုနှင့် ဥရောပအဆင့်ပြိုင်ပွဲများ ဝင်ခွင့်ရရှိမှုတို့အပေါ် အခြေခံပြီး အဆင့်သတ်မှတ်ချက်များကို တွက်ချက်ခဲ့ခြင်းဖြစ်ပြီး မန်စီးတီးအသင်းသည် နောက်ပိုင်းနှစ်များတွင် ဥရောပ၌အောင်မြင်မှုများရရှိလာခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ချန်ပီယံလိဂ်ဖလားနှင့်ယခုနှစ်ဘောလုံးရာသီတွင် ယူအီးအက်ဖ်အေစူပါဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ရမှတ် ၁၄၁ မှတ်ဖြင့် အဆင့်(၁) နေရာတွင် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်၏ ဥရောပအကောင်းဆုံးအဆင့်သတ်မှတ်ချက်အရ ထိပ်ဆုံး ၁၀ သင်းစာရင်းမှ မန်စီးတီးအသင်းနောက်တွင် ဘိုင်ယန်မြူးနစ်အသင်းက ရမှတ် ၁၃၆ မှတ်ဖြင့် အဆင့်(၂)၊ ရီးရဲလ်မက်ဒရစ်အသင်းက ရမှတ် ၁၂၃ မှတ်ဖြင့် အဆင့်(၃)၊ ပီအက်စ်ဂျီအသင်းက အဆင့်(၄)၊ လီဗာပူးအသင်းက အဆင့်(၅)၊ အင်တာမီလန်အသင်းက အဆင့်(၆)၊ လိုက်ပ်ဇစ်အသင်းက အဆင့်(၇)၊ ချဲလ်ဆီးအသင်းက အဆင့်(၈)၊ မန်ယူအသင်းက အဆင့်(၉)နှင့် ရိုးမားအသင်းက အဆင့်(၁၀)နေရာတွင် အသီးသီးရပ်တည်ခဲ့ကြကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# FIFA-MFF U-17 League 2023 ပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်သည့်အသင်းများထွက်ပေါ်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းပြီး လူငယ်မျိုးဆက်သစ်ကစားသမားများပေါ်ထွက်လာစေရန်ရည်ရွယ်ချက်ဖြင့် ကျင်းပသည့် FIFA-MFF U-17 League 2023 ပြိုင်ပွဲ ခြေစစ်ပွဲစဉ်များပြီးဆုံးခဲ့ပြီးနောက် ခြေစစ်ပွဲအောင်မြင်သည့်အသင်းများ ထွက်ပေါ်လာခဲ့ကြောင်း သိရသည်။

FIFA-MFF U-17 Youth League Qualifying Round ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်း ပါဝင်ပြီး ငါးသင်းပါ နှစ်အုပ်စုဖြင့်ခွဲခြားကျင်းပလျက်ရှိနေကာ အုပ်စုတစ်ခုချင်းစီမှ အုပ်စုပထမနေရာ၊ ဒုတိယနေရာနှင့် တတိယနေရာရရှိသည့် အသင်းခြောက်သင်းအနေဖြင့် FIFA-MFF U-17 Youth League ပြိုင်ပွဲသို့ ဝင်ရောက်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

FIFA-MFF U-17 Youth League Qualifying Round ပြိုင်ပွဲ ခြေစစ်ပွဲအပြီးတွင် Maubin FC အသင်း၊Insein City အသင်း၊ Burmese Youth FC အသင်း၊ Nay Pyi Taw United အသင်း၊ Su Latt Myint Mo FC အသင်းနှင့် City Shwe Pyi Thar FC အသင်းတို့က ခြေစစ်ပွဲအောင်မြင်ခဲ့ကြခြင်းဖြစ်သည်။

FIFA-MFF U-17 Youth League Qualifying Round ပြိုင်ပွဲတွင် Rakhine United



အသင်း၊ Shwe Pyi Thar FC အသင်း၊ Royal Yangon Thet Lon FCအသင်း၊ Phar Si Myay အသင်းနှင့် Arthar Wady အသင်းတို့က တိုက်ရိုက်ဝင်ခွင့်ရရှိထားပြီး ခြေစစ်ပွဲအောင်မြင်သည့် အသင်းများနှင့်ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်ထိ ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# စာဆိုကျေးဇူး အထူးထူးလျှင် ညွှတ်နူးကော်ရော် လနတ်တော်

ပြေအေးသက်

စာဆိုတော်နေ့သည် မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်မှစ၍ ယခုသက္ကရာဇ် ၁၃၈၅ ခုနှစ် နတ်တော်လဆန်း ၁ ရက်ထိ ၇၉ နှစ်တာ စိန်ရတုသက်တမ်းကို ကျော်လွန်နိုင်သည့်ခရီးသို့ရောက်ရှိခဲ့ပြီဖြစ်သည်။ ရှေးစာရေးဆရာကြီးများ ဦးစီးသည့် စာရေးဆရာအသင်းကြီးက ဆောင်ရွက်သတ်မှတ်ခဲ့၍ စာဆိုတော်နေ့ ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။ ထို့ပြင် "စာဆိုတော်နေ့ကို ဘယ်နေ့သတ်မှတ်မှာလဲ"ဆိုပြီး စဉ်းစားဆွေးနွေးရာက နတ်တော်လတွင် ရှေးဘုရင်များက စစ်ဘက်၊ စာပေဘက်၊ အုပ်ချုပ်ရေးဘက်တွင် ထူးချွန်သောပညာရှင်များ၊ မင်းညီမင်းသား၊ မှူးမတ်စသည်တို့ကို ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်လေ့ရှိ၏။ ထိုသို့ ဘွဲ့နှင်းသဘင်ပွဲ ဆင်ယင်ကျင်းပခြင်းဖြင့် နိုင်ငံတော်တွင် စစ်သူရဲကောင်း၊ စာပေသူရဲကောင်း၊ အုပ်ချုပ်စီမံမှု ထူးချွန်သူများ ထွက်ပေါ်လာအောင် ဂုဏ်ပြုရာရောက်သဖြင့် ထိုကဲ့သို့ တိုင်းပြည်အတွက်အကျိုးရှိသောပွဲတော်မျိုးဖြစ်၍ နတ်တော်လဆန်း ၁ ရက်နေ့ကို ရွေးချယ်ခဲ့ခြင်းဟုဆိုသည်။ သို့နှင့် နတ်တော်လနှင့် စာဆိုတော်နေ့တို့ ဆက်နွယ်လာခဲ့ကြသည်။

**နတ်တော်လ**

နတ်တော်လသည် မြန်မာလများတွင် နဝမမြောက်လဖြစ်ပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလကြားအတွင်း ကျရောက်သည့်လဖြစ်သည်။ ရှေးကနတ်ပျော်လဟုခေါ်ရာမှ နတ်တော်လအဖြစ် ပြောင်းလဲခေါ်ဝေါ်ပြီး ရှေးမြန်မာတို့ ဗုဒ္ဓဘာသာကို လက်ခံရရှိခြင်းမရှိခဲ့စဉ်က နတ်ကိုးကွယ်ခဲ့သည်ဟု ဆိုကြသည်။ နတ်ဆိုသည်မှာ နာထ-အကြီးအကဲနှင့် တော်ဆိုသည်မှာ မြင့်မြတ်ကြီးကျယ်ခြင်းဖြစ်၍ ကြီးကဲမြင့်မြတ်သောလဟုလည်း ဆိုကြပြန်သည်။ အနော်ရထာမင်းမတိုင်မီ ပုဂံခေတ်ဦးပိုင်းကာလများတွင်ဖြစ်ပြီး ထိုစဉ်က မဟာပိန္နဲနတ်နှင့် မင်းမဟာဂီရိနတ်တို့ ကိုးကွယ်ကြသည်။ ပုဂံမင်းအဆက်ဆက်တို့သည် ပုပ္ပားတောင်သို့တက်၍ မဟာဂီရိနတ်ပူဇော်ပွဲကို နှစ်စဉ်ကျင်းပလေ့ရှိကြသည်။ မဟာပိန္နဲနတ်သည် ဟိန္ဒူအယူအဆမှဆင်းသက်လာပြီး မင်းမဟာဂီရိနတ်မှာ ပုပ္ပားတောင်ရှိ နတ်မောင်နှမတို့ဖြစ်သည်။

ထို့ကြောင့်လည်း တနင်္ဂနွေမင်းလက်ထက် ညောင်ရမ်းခေတ် ခရစ်နှစ် ၁၇၁၀ ပြည့်နှစ်ခန့်တွင် စာဆိုဦးအောင်ကြီးဖွဲ့ဆိုသော နတ်တော်လဖွဲ့လူးတားတွင် "သာစွလေ၊ နှင်းဝေမှိုင်းရီ၊ မိဂသီနှင့်၊ အညီမိုးလ၊ ပြည့်ဝန်းပလျက်၊ ချမ်းမြရတု၊ ရောက်ပြီဝန်းကျင်၊ ဂမုန်းအင်နှင့်၊ သဇင်ပွင့်ပေါ်၊ လနတ်တော်ကား၊ ပူဇော်ကြီးစွာ၊ မင်းဆရာတို့၊ မဟာပိန္နဲ၊ ကျွေးမြဲစီရင်၊ ရွှေကြိုင်ငင်လျက်၊ တိမ်ညင်သွင်းမြူ၊ သေရူးပွှမ်းပွှမ်း၊ ထိတ်ထိတ်မွှမ်းမျှ၊ ဆင်ဖမ်းသဘင်၊ ပျော်မြူးရှင်သည်"ဟု ဖွဲ့ဆိုထားသည်။ ဤလူးတားကဗျာတွင် မဟာပိန္နဲနတ်ကိုပူဇော်ခြင်း၊ ဆင်ဖမ်းခြင်း၊ သဇင်ပန်းနှင့် ဂမုန်းပန်းပွင့်ခြင်း၊ မိဂသီနက္ခတ်ဖြစ်ခြင်းနှင့် နှင်းဝေဖြာ ချမ်းအေးလှခြင်းတို့ကို ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။

ရှေးခေတ်က စစ်ဘက်အင်္ဂါပြည့်စုံစေရန် ဆင်တပ်၊ မြင်းတပ် စသည်တို့က အဓိကဖြစ်၏။ ဆင်တပ်၊ မြင်းတပ်ပြည့်စုံသော တိုင်းပြည်က စစ်ရေးစစ်ရာတွင် အသာရရန်များ၏။ သို့ဖြစ်၍ မြန်မာဘုရင်တို့သည် နတ်တော်လတွင် ဆင်ဖမ်းပွဲကို တခမ်းတနား ကျင်းပခဲ့ကြောင်းကို တောင်ငူခေတ်က ပေါ်ထွန်းခဲ့သော စာဆိုမင်းဇေယျရန္တမိတ်က "နတ်လသဘင်၊ ဖျင်လည်ရှိထမ်း၊ ဘွဲ့တပ်မည်ပေး၊ ဆုန်းရေတိုက်ဖက်၊ စွယ်ယှက်ခေါင်ခေါင်၊ ဆင်ပြောင်ရည်ရွှ၊ နန်းရတုကို"ဟူသောကဗျာဖြင့် ဖွဲ့ဆိုခဲ့သည်။

"ရာသီမသိ ပန်းနှင့်ညှိ"ဟု အဆိုရှိသည်။ ဆယ့်နှစ်ရာသီတွင် ဖူးပွင့်ဝေဆာနေသော ပန်းတို့ကို ကြည့်ခြင်းအားဖြင့် ဤလ၊ ဤရာသီသည် မည်သည့်လရာသီဖြစ်သည်ကို သိနိုင်သည်။ သို့ဖြစ်၍ သဇင်ပန်းကို မြင်လျှင် နတ်တော်လရောက်ပြီဟုဆိုရမည်။ "မြတ်ပန်းတော်ပန်း၊ ခိုင်လုံးလန်းကို၊ ဟိုလောင်းပန်းပွင့်၊ ဘယ်ဂုဏ်ကြောင့် ဝင့်မတုန်း၊ ဘုန်းနှင့်ကံနှင့် ရွှေသဇင်" ဟူ၍ သဇင်ပန်းကို စာဆိုဦးတိုးက ရာမရကန်တွင် တခမ်းတနား ချီးမွမ်းဖွဲ့နွဲ့သည်။ နတ်တော်လ၏ ရာသီပန်းမှာ သဇင်နှင့် ဂမုန်းပန်းဖြစ်သည်။ တချို့က နတ်တော်လတွင်ပွင့်သောနတ်ပန်းဟု အဆိုရှိသည်။ သဇင်ပန်းသည် တောတောင်အတွင်း၌သာ ပေါက်၍ တောတွင်းပန်းဖြစ်၏။ သို့သော် ထီးနန်းသုံးဖြစ်၍ တော်ဝင်ပန်းဟု သတ်မှတ်ကြ၏။

ထို့ပြင် နတ်တော်လတွင် မိုးလည်းရွာသွန်းတတ်ပေရာ "နတ်တော်ရောက်ငြား၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်၊ နတ်အိမ်မြောက်ချီး၊ မုန့်ဓားလှီး"ဟုဆိုကြသည်။ နတ်တော်လသို့ရောက်လျှင် ဆင်ခြေရာပျောက်ရုံရွာသော ဆင်ရာတိမ်မိုးဟူသော ရာသီမိုးရွာသည်။ ဆင်ခြေရာတိမ်မြုပ်အောင် မိုးရွာသောကြောင့် အဖျားအနာများ၍ နတ်များကိုသော်မှ ဆီကြော်မုန့်များအစားခားလှီးမုန့်နှင့် တင်ရသည်ဟု ဆိုကြသည်။

**လနတ်တော်နှင့် စာဆိုတော်နေ့**

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ ပညာတံခွန်အသင်း၏ဌာနခွဲကို ကွမ်းခြံကုန်းမြို့တွင်ဖွင့်လှစ်ထားခဲ့ပြီး စာဆိုဦးပုညကိုဂုဏ်ပြုသော အထိမ်းအမှတ်အခမ်းအနားတစ်ရပ်ကို ကျင်းပနိုင်ရေးအတွက် ခရစ်နှစ် ၁၉၄၄ ခုနှစ် မေ ၁၂ ရက်တွင် အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးသို့ ပညာကျွန်းမာစည်ပင်သာယာဝန်ကြီးဦးလှမင်း၊ တက္ကသိုလ်နာယက ဦးဖေမောင်တင်၊ ဦးဘညွန့်၊ ဦးကြီးဖေ၊ ဦးသန်းညွန့်(မြန်မာ့အလင်းသတင်းစာ)၊ ဦးတင်(ပညာတံခွန်အသင်း)၊ ဦးသိန်းဟန်(စာပေနှင့် စာကြည့်တိုက်ဌာနခွဲ)၊ ဦးကောင်း(ပညာရေးဌာန)၊ ဦးဟိန်(ဗမာ့ဝန်ထမ်း)၊ ဦးသိမ်းမောင်(စာရေးဆရာအသင်း)နှင့် ဦးချစ်မောင်(ဂျာနယ်ကျော်)တို့တက်ရောက်ခဲ့ကြသည်။ ထိုအစည်းအဝေးမှ ဦးပုညနေ့သည် စာဆိုတစ်ဦးတည်းကိုရည်ညွှန်းသောကြောင့် အခြားစာဆိုများကို ဂုဏ်ပြုရည်ညွှန်းချင်သဖြင့် စာဆိုတော်နေ့သတ်မှတ်ရေး ဆွေးနွေးနိုင်ခဲ့ကြပြီး တစ်ဆက်တည်းမှာပင် မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ်သတ်မှတ်ဆွေးနွေးနိုင်ခဲ့ကြသည်။

စာဆိုတော်နေ့အထိမ်းအမှတ်ပွဲများ ကျင်းပနိုင်ရန် နာယကအဖြစ် သခင်ကိုယ်တော်မှိုင်း၊ ဥက္ကဋ္ဌအဖြစ် ဦးဖေမောင်တင်တို့ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။ နတ်တော်လဆန်း ၁ ရက် (ခရစ်နှစ် ၁၉၄၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်) စာဆိုတော်နေ့တွင် ကန်တော်ကြီးစောင်းရှိ မြို့ပြဇာတ်ရုံ၌ သက်ကြီးစာဆိုတော်ကြီးများကို စာရေးဆရာများက လက်အုပ်ချီကန်တော့ခဲ့ကြပြီး ညနေပိုင်းတွင် ဗမာ့ခေတ် သတင်းစာတိုက်၌ မိတ်ဆုံလက်ဖက်ရည်ပွဲ တည်ခင်းသုံးဆောင်ကာ ညပိုင်းတွင် မြို့ပြဇာတ်ရုံ၌ ဦးပုည၏ ဝိဇယပြဇာတ်ကို ကပြခဲ့ကြသည်။ ဝိဇယပြဇာတ်ကပြမှုသည် ဖက်ဆစ်ဆန့်ကျင်ရေးလှုံ့ဆော်မှုတစ်ရပ်ဖြစ်၍ နိုင်ငံရေးအရ အောင်မြင်မှုရရှိခဲ့သည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

စာဆိုတော်နေ့သည် မြန်မာနိုင်ငံ စာရေးဆရာအသင်းကြောင့် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပြီး စာရေးဆရာအသင်းကို ၁၉၄၀-၁၉၄၁ ခုနှစ် ဒီးဒုတ်ဦးဘချိုဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ်ကတည်းက စတင်သုံးစွဲခဲ့ခြင်းဖြစ်သည်။ ခရစ်နှစ် ၁၉၃၉ ခုနှစ် မတိုင်မီက စာရေးဆရာတချို့ ဖွဲ့စည်းထားသည့်ကလောင်အဖွဲ့တစ်ခုမှသည် မြန်မာနိုင်ငံ စာရေးဆရာများအစည်းအရုံးဟု ခေါ်တွင်ခဲ့သည်။ ထိုမှ ခရစ်နှစ် ၁၉၄၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းဟု မှည့်ခေါ်ခဲ့ကြသည်။ အင်္ဂလိပ်စာရေးဆရာကြီး အိပ်ဂျီဝဲလ် မြန်မာနိုင်ငံရောက်ရှိခြင်းနှင့် ဆရာကြီးပီမိုးနင်းစျာပနအခမ်းအနားတို့မှစ၍ စာရေးဆရာအသင်းကြီးသည် နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်တို့ဖြင့် ဖက်ဆစ်ဆန့်ကျင်ရေးကာလမှသည် သမိုင်းအစဉ်အလာကောင်းစွာဖြင့် နှလုံးရည်တပ်မှုကောင်းများပီပီ စာပေအကျိုး၊ ပြည်သူအကျိုး၊ နိုင်ငံအကျိုးကို သယ်ပိုးထမ်းဆောင်ခဲ့ကြသည်။

ခရစ်နှစ် ၁၉၄၅ ခုနှစ် ဒုတိယအကြိမ်စာဆိုတော်နေ့တွင် ဦးပေါ်ဦးပြဇာတ်၊ ထို့နောက်တွင် ခံတော်မောင်ကျဘမ်းပြဇာတ်၊ ဝေသာလီပြဇာတ်၊ ဝန်ဇင်းမင်းရာဇပြဇာတ်၊ နတ်ရှင်နောင်ပြဇာတ်၊ မြဝတီမင်းကြီးဦးစပြဇာတ်၊ မောင်ဖေငယ်ပြဇာတ်၊ လှိုင်ထိပ်ခေါင်တင်ပြဇာတ်၊ ဦးပုညပြဇာတ်၊ လက်ဝဲသုန္ဒရပြဇာတ်၊ စာရေးဆရာ မောင်ဒေါနပြဇာတ်၊ နဝဒေးပြဇာတ်နှင့် ရှင်နှောင်းပြဇာတ်ဆိုပြီး တစ်နှစ်လျှင်တစ်ပုဒ် ကပြနိုင်ခဲ့ကြသည်။ သက်ကြီးစာဆိုတော်ကန်တော့ခြင်းများ၊ ကပွဲပဒေသာများ၊ တစ်ခန်းရပ်ပြဇာတ်များ၊ စကားရည်လုပွဲများ၊ စာပေဟောပြောပွဲများဖြင့် အခမ်းအနားကို နှစ်စဉ်ဆောင်ရွက်ခဲ့ကြသည်။ ခရစ်နှစ် ၁၉၅၀ ပြည့်နှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပသော စာဆိုတော်နေ့အခမ်းအနားကို လူထုအခမ်းအနားအသွင် စတင်ကျင်းပရာမှ စာဆိုတော်နေ့သည် ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သောနေ့တစ်နေ့အဖြစ် သတ်မှတ်လာခဲ့ကြသည်။

ထိုနှစ်မှစ၍ စာဆိုတော်နေ့အထိမ်းအမှတ်ပွဲများ ကျင်းပရာတွင် နိုင်ငံတစ်ဝန်း ပိုမိုကျယ်ပြန့်စွာ ကျင်းပပြုလုပ်လာခဲ့ကြသည်။ ပြဇာတ်ကခြင်း၊ ပဒေသာကပွဲကပြခြင်းအပြင် ရန်ကုန်မြို့တွင် ရပ်ကွက်အသီးသီး၌ စာပေဟောပြောပွဲများ ကျင်းပလာခဲ့ကြသည်။ စာပေဟောပြောပွဲများကို ပြည်သူအများက လက်ခံလာကြသည်ကစ၍ စာဆိုတော်နေ့အထိမ်းအမှတ်ပွဲများတွင် နိုင်ငံတစ်ဝန်း စာပေဟောပြောပွဲများကို ကျင်းပလာခဲ့ကြသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်သည်။ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ပြဇာတ်ကပြသောအစဉ်အလာသည် ခရစ်နှစ် ၁၉၅၈ ခုနှစ်တွင် အဆုံးသတ်ခဲ့ပြီးနောက် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာပေရေးရာစာတမ်းပြုစုဖတ်ကြားဆွေးနွေးခြင်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် စတင်ပေါ်ပေါက်လာပြီး မြို့နယ်အသီးသီး၌ စာပေဟောပြောပွဲအစဉ်အလာများ ပိုမိုကျယ်ပြန့်လာခဲ့ကြသည်။

၁၉၄၈ ခုနှစ်တွင် "စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု"ကို စတင်ချီးမြှင့်ခဲ့ပြီး "စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု"ကို "စာပေဗိမာန်ဆု၊ အနုပညာဆိုင်ရာစာပေဆု၊ အမျိုးသားစာပေဆု" စသည်ဖြင့် ဆုအမည်ကို ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲချီးမြှင့်ခဲ့သည်။ ခရစ်နှစ် ၁၉၆၉ ခုနှစ်မှစ၍ စာပေဗိမာန်စာမူဆုပြိုင်ပွဲကိုလည်း နှစ်စဉ်ကျင်းပပေးခဲ့သည်။ ရွှေသွေးနှင့်သုတပဒေသာစာစောင်တို့ကို ထုတ်ဝေခဲ့ကြသည်။ ပခုက္ကူဦးအုံးဖေစာပေဆုကို ခရစ်နှစ် ၁၉၉၃ ခုနှစ်မှစ၍ ချီးမြှင့်ခဲ့ရာ ဆုရွေးချယ်ရေးနှင့် ဆုနှင်းသဘင်ကျင်းပရေးကိစ္စများကို စာပေဗိမာန်ကပင် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ပခုက္ကူဦးအုံးဖေစာပေဆုတွင် တစ်သက်တာစာပေဆုနှင့် ဝတ္ထုရှည်၊ ဝတ္ထုတို ပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်၊ သုတေသနစာပေ၊ ကျမ်းစာဟူသော ဘာသာရပ်များပါရှိသည်။

**စာပေမြင့်လျှင်**

စာပေမြင့်လျှင် လူမျိုးတင့်၍ စာပေနိမ့်လျှင် လူမျိုးလည်းနိမ့်ပေမည်။ သဘောကတော့ စာပေနှင့် လူမျိုးသည် တိုက်ရိုက်အချိုးကျနေသည်ဟု ဆိုရပေမည်။ စာပေက 'ရေ'ဆိုလျှင် လူမျိုးက 'ကြာ'ဖြစ်ပြီး ရေမြင့်သလောက် ကြာလည်းတင့်ပေမည်။ စာပေသည် တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြသည်။ လူမျိုးတိုင်းတွင် အမျိုးသားစာပေဟူ၍ ရှိသည်။ စာပေမရှိသော လူမျိုးဟူ၍ မရှိပါ။ ရှိလျှင် ထိုလူမျိုးသည် မယဉ်ကျေးသည့်အဆင့်၌သာရှိသေးသော လူမျိုးဖြစ်ပေမည်။ စာပေနှင့်ကင်း၍ မည်သည့်လူမျိုးမျှ မတိုးတက် မဖွံ့ဖြိုးနိုင်၊ အခွန့်မရှည်နိုင်ပေ။

စာပေသည် ဤမျှအရေးပါအရာရောက်သည်ဆိုလျှင် စာပေကိုဖန်တီးပြုစုသည့် စာပေပညာရှင်များ၊ စာဆိုတော်များ၏ ဂုဏ်ကျေးဇူးသည်လည်း အထူးကြီးမားလှသည်ဟု ဆိုနိုင်သည်။ ခေတ်အဆက်ဆက်စာဆိုတော်ကြီးများသည် အမျိုးသားစာပေ၏ဂုဏ်ကို ထင်ရှားအောင် အားထုတ်လုပ်ဆောင်ခဲ့ကြသည်။ စာဆိုတော်ကြီးများကျေးဇူးကြောင့် စာပေအရည်အသွေး တင့်တယ်ပြောင်မြောက်ရသည်။ စာပေတင့်တယ်သည်နှင့်အမျှ လူမျိုးလည်း အဆင့်အတန်းမြင့်မား၍ ဂုဏ်သိက္ခာတက်ရပေသည်။ ထို့ကြောင့် စာဆိုတော်များ ဂုဏ်ကျေးဇူးကို အမှတ်ထင်ထင်ဖော်ထုတ်ဂုဏ်ပြုသည့်အနေဖြင့် "စာဆိုတော်ပွဲသဘင်"ကိုကျင်းပကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ နတ်တော်လဆန်း ၁ ရက်နေ့တိုင်းကျရောက်သည့် "စာဆိုတော်နေ့"တွင်လည်း စာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးကို အထူးတစ်ဖန် ပြန်လည်သတိရခဲ့ကြပေသည်။ စာဆိုတော်တို့ကြည်မွေ့ရာ ဤနတ်တော်လအခါမှာ ရှစ်ဦးပန်ဆင်၍ ရေးသားပူဇော်လိုက်ရပါသည်။

❖ စာပေသည် ဤမျှအရေးပါအရာရောက်သည်ဆိုလျှင် စာပေကို ဖန်တီးပြုစုသည့် စာပေပညာရှင်များ၊ စာဆိုတော်များ၏ ဂုဏ်ကျေးဇူး သည်လည်း အထူးကြီးမားလှသည်ဟု ဆိုနိုင်သည်။ ခေတ်အဆက်ဆက် စာဆိုတော်ကြီးများသည် အမျိုးသားစာပေ၏ဂုဏ်ကို ထင်ရှားအောင် အားထုတ်လုပ်ဆောင်ခဲ့ကြသည်။ စာဆိုတော်ကြီးများကျေးဇူးကြောင့် စာပေအရည်အသွေး တင့်တယ်ပြောင်မြောက်ရသည်။ စာပေတင့်တယ် သည်နှင့်အမျှ လူမျိုးလည်းအဆင့်အတန်းမြင့်မား၍ ဂုဏ်သိက္ခာ တက်ရပေသည်။ ❖

**ကိုးကား**


- **လုသမိန် ဆယ့်နှစ်လရာသီဖွဲ့ပေါင်းချုပ်**
- **မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၃)၊ အပိုင်း(စ)**
- **မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၀)**
- **မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၈၄)**

# ချိန်ခွင်လျှာဘယ်ညာပြေး အလေးမခိုးကြေး ဇာတ်လမ်းတွဲကို fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် ဒီဇင်ဘာ ၂၅**

ချိန်ခွင်လျှာဘယ်ညာပြေး အလေးမခိုးကြေး ရုပ်သံဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၂၉ ရက်တွင် fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် သွန်းဆက်က ပြောပြ၍ သိရသည်။

ချိန်ခွင်လျှာဘယ်ညာပြေး အလေးမခိုးကြေး ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဟော့လိုင်းက ရေးသားထားခြင်းဖြစ်ပြီး ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ဒါရိုက်တာ ရာဇဝင်ကိုက ပုံဖော်ရိုက်ကူးထားသည့် အချစ်၊ ဟာသဇာတ်လမ်းတွဲလည်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲလေးကတော့ မိတဆိုးလေးမို့လို့ ငယ်ငယ်ကတည်းက အလိုလိုက်ထားတဲ့ မောင်နှမနှစ်ယောက်ရဲ့ အချစ်ဟာသဇာတ်လမ်းလေးပါ။ အကြောင်းအမျိုးမျိုးကြောင့် အမွေလိုနေတဲ့ မောင်နှမနှစ်ယောက်အတွက် အိမ်ထောင်အရင်ပြုတဲ့သူကို အမွေပေးမယ်လို့ မောင်နှမနှစ်ယောက်ရဲ့ အဖေက ပြောတဲ့အခါကျတော့ သူထက်ငါ အပြိုင် အမွေအမြန်ရဖို့ ရည်းစားရှာဖို့ ကြိုးစားကြတယ်ပေါ့။ မောင်နှမနှစ်ယောက်ထဲမှာ ဘယ်သူက အရင်အိမ်ထောင်ကျမလဲ။ အမွေကိစ္စနဲ့ပတ်သက်ပြီး ဖခင်ဖြစ်သူရဲ့ဆန္ဒပြည့်အောင် လုပ်ဆောင်နိုင်ပါ့မလား။ အချစ်စစ်နဲ့ကောတွေ့ဆုံနိုင်ပါ့မလားဆိုတာကို ရယ်မောပျော်ရွှင်စွာကြည့်ရှုရမဲ့ အချစ်ဟာသဇာတ်လမ်းတွဲလေး ဖြစ်ပါတယ်" ဟု သရုပ်ဆောင် သွန်းဆက်က ပြောပြသည်။

ချိန်ခွင်လျှာဘယ်ညာပြေး အလေးမခိုးကြေး ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ထူးမြတ်၊ သွန်းဆက်၊ ဝိုဝို၊ ညီညီမောင် (စမ်းချောင်း)၊ ကောင်းဆက်ထူး၊ သံစဉ်ဖြိုးပိုင်၊ ငှက်ပျောကြော်တို့က အဓိက ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါဇာတ်လမ်းတွဲကို fortune tv ရုပ်သံလိုင်းမှ ဒီဇင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ည ၈ နာရီတွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Salaar ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁ သန်းကျော်ရရှိ

**နယူးဒေလီ ဒီဇင်ဘာ ၂၅**

Salaar ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁ သန်းကျော် ရရှိခဲ့ကြောင်း ဒီဇင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။


Salaar ဇာတ်ကားသည် ပထမဆုံးရုံတင်ပြသခဲ့သည့် ဒီဇင်ဘာ ၂၁ ရက်မှာပင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၅ သန်းထိ ရရှိခဲ့သည်။

အထက်ပါ ဝင်ငွေပမာဏကြောင့် Salaar ဇာတ်ကားသည် ယခုနှစ်အတွင်း အိန္ဒိယရုပ်ရှင်လောက၏ အဖွင့်ဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်လာခဲ့ရသည်။


Salaar ဇာတ်ကားရရှိခဲ့သော ပထမဆုံးရုံတင်ရက်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁ သန်းကျော်အနက် ၁၃ သန်းမှာ အိန္ဒိယပြည်တွင်းဈေးကွက်မှ ရရှိခဲ့သောဝင်ငွေဖြစ်သည်။

လှုံ့ဆော်မှုသည်းဖို့အက်ရှင်ဇာတ်ကားဖြစ်သည့် Salaar ကို ဒါရိုက်တာ ပရာရှန့်နီးက ရိုက်ကူးပေးထားပြီး အိန္ဒိယအက်ရှင်မင်းသား ပရာဘတ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




# ပိုလန်နိုင်ငံ၌ ကျင်းပမည့် Miss Supranational 2024 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ဒီး ဝင်ရောက်ယှဉ်ပြိုင်မည်



**ရန်ကုန် ဒီဇင်ဘာ ၂၅**

၂၀၂၄ ခုနှစ် ဇွန်လအတွင်း ပိုလန်နိုင်ငံတွင် ကျင်းပမည့် Miss Supranational 2024 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ဒီး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အလှမယ်ဒီးသည် Miss Supranational Myanmar 2024 Winner ဖြစ်ပြီး Miss Universe Myanmar 2023 ပြိုင်ပွဲတွင် မော်လမြိုင်ကိုယ်စားပြုအလှမယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ Miss Universe Myanmar 1st Runner Up ဆုကို ရရှိသူဖြစ်ကြောင်း သိရသည်။

"ဒီးကို အခုလိုမျိုး ယုံယုံကြည်ကြည်နဲ့ သွားပြိုင်ခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီးပြိုင်ပွဲအတွက် လိုအပ်တာတွေကိုလဲ ပြင်ဆင်ပြီး မြန်မာနိုင်ငံအတွက် မျက်နှာမငယ်ရအောင် အကောင်းဆုံး ကြိုးစားသွားပါမယ်"ဟု အလှမယ် ဒီးက ပြောပြသည်။

အလှမယ် ဒီးသည် အရပ်အမြင့် ၁၇၁ စင်တီမီတာ၊ အသက် ၂၃ နှစ်အရွယ်ဖြစ်ပြီး အင်္ဂလိပ်ဘာသာရပ်အထူးပြုဖြင့် ဘွဲ့ရရှိထားသူလည်းဖြစ်ကြောင်း၊ ဖက်ရှင်၊ ဂီတ၊ Thrifting နဲ့ ပရဟိတအလုပ်များကို စိတ်ဝင်စားသူဖြစ်ပြီး လက်ရှိတွင် Model တစ်ဦးအဖြစ် အနုပညာအလုပ်များကို လုပ်ဆောင်နေသူဖြစ်ကြောင်း သိရသည်။ ASH

# Scream-7 ဇာတ်ကားမှ ဒါရိုက်တာ ခရစ္စတိုဖာလန်ဒန် နုတ်ထွက်

**နယူးယောက် ဒီဇင်ဘာ ၂၅**

ဒါရိုက်တာ ခရစ္စတိုဖာလန်ဒန်သည် Scream-7 ဇာတ်ကားရိုက်ကူးရေးအစီအစဉ်မှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

Scream ဇာတ်ကားများ၏ အဓိကသရုပ်ဆောင်များဖြစ်သော မင်းသမီး မယ်လစ်ဆာဘာရီယာနှင့် ဂျင်နာအော်တေးဂါတို့ နုတ်ထွက်ခဲ့ပြီးနောက် ဒါရိုက်တာ ခရစ္စတိုဖာလန်ဒန်လည်း Scream-7 မှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

Scream-7 ဇာတ်ကားရိုက်ကူးရေးအစီအစဉ်မှ နုတ်ထွက်မှုကို ဒါရိုက်တာ ခရစ္စတိုဖာလန်ဒန်က အိတ်စ် လူမှုမီဒီယာစာမျက်နှာ၌ အတည်ပြုရေးသားထားသည်။

လက်ရှိအချိန်တွင် သရုပ်ဆောင် အဝင်အထွက်များရှိနေမှုနှင့်အတူ ဒါရိုက်တာ ခရစ္စတိုဖာလန်ဒန် နုတ်ထွက်ခဲ့ခြင်းကြောင့် Scream-7 ဇာတ်ကားရိုက်ကူးရေးမှာ မသေချာဖြစ်နေကြောင်း သိရသည်။

ဒါရိုက်တာ ခရစ္စတိုဖာလန်ဒန်သည် Happy Death Day ဇာတ်ကားများဖြင့် ထင်ရှားသောဟောလိဝုဒ်ဒါရိုက်တာတစ်ဦးဖြစ်သည်။

လက်ရှိအချိန်တွင် Scream-7 ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Spy Glass မီဒီယာအုပ်စုက ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO




# ကျိုက်မရောမြို့နယ် နတ်စမ်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ထားမှု စစ်ဆေး

**ကျိုက်မရော ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်စမ်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်အတူ အလျား ၃၃ ပေ၊ အနံ ပေ ၂၀၊ အမြင့် ပေ ၂၀ ရှိ စာကြည့်တိုက် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

နတ်စမ်းကျေးရွာ စာကြည့်တိုက် ပြုပြင်ခြင်းလုပ်ငန်းကို စီမံကိန်းရန်ပုံငွေကျပ် ၁၉ ဒသမ ၉ သန်းဖြင့် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်း ခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးက ပြောပြ၍ သိရသည်။ **သုတ**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing takes part in 4th Mekong-Lancang Cooperation Leaders' Meeting through video conferencing




**Senior General Min Aung Hlaing participates in the 4th Mekong-Lancang Cooperation Leaders' Meeting through video conferencing.**

**Nay Pyi Taw December 25**

The 4th Mekong-Lancang Cooperation Leaders' Meeting was held this afternoon, participated by Chairman of State Administration Council Prime Minister of the Republic of Union of Myanmar Senior General Min Aung Hlaing through video conferencing.

The Chairman of State Administration Council Prime Minister of the Republic of Union of Myanmar Senior General Min Aung Hlaing and Prime Minister of People's Republic of China Mr Li Qiang jointly presided over the meeting. Present were Prime Minister of Cambodia Mr Samdech Moha Borvor Thipadei Hun Manet, Prime Minister of Lao People's Democratic Republic Mr Sonexay Siphandone, Prime Minister of Thailand Mr Srettha Thavisin, and Prime Minister of Socialist Republic of Vietnam Mr Pham Minh Chinh.

First, the joint chairmen of the meeting gave opening addresses respectively. Leaders of the member countries of Mekong-Lancang Cooperation reviewed the developments of the cooperation and exchanged views on future tasks.

In his discussions, The Chairman of State Administration Council Prime Minister of the Republic of Union of Myanmar Senior General Min Aung Hlaing said established in 2016, the Mekong-Lancang Cooperation has passed the basic level and reached the multiple development level during the seven years.

Myanmar obtained 106 special fund projects with a value of USD 31.6 million, which helped support socio-economic undertakings of the State, during the period from 2017 to 2023. The Chairman of State Administration Council Prime Minister of the Republic of Union of Myanmar Senior General Min Aung Hlaing thanked the PRC for its continuous flow of aid and assistance for Mekong-Lancang countries.

He said theme of today's meeting **"Join Hands on the Building of a Community of Shared Future and Modernization among Lancang-Mekong Countries"** meets the current situation. Member countries should provide mutual assistance under the Mekong-Lancang Cooperation for industrial development and economic modernization. To reach this goal, members should carry out the tasks through the Belt and Road Initiative of China and Mekong-Lancang development path. Work to realize the Mekong-Lancang innovation corridor and adoption of cooperation plans should be conducted with added momentum. In addition, The Chairman of State Administration Council Prime Minister of the Republic of Union of Myanmar pointed out the need to prioritize human resources promotion programs for MSMEs and agro-based economic enterprises. He said Covid-19 has shown a lesson to effectively render cooperation in public health undertakings. Member countries should share technology and expertise for progress of public health sector and infrastructure development through Mekong-Lancang Cooperation. He then thanked China for the assistance it has provided in building the **National Infectious Disease Control and Training Centre** in Nay Pyi Taw. The centre will be completed in early 2024.

The processes of **"Establishment of Mekong-Lancang Tourism Cities"** and **"Mekong-Lancang Air Travel Development and Partnership"** are welcomed. As the crimes such as cross-border crimes, Illegal production and trade of drugs, human trafficking, violence, cybercrimes and online gambling hinder regional security and economic development, member countries need to increase law enforcement co-operation. Importance of the role of regional cooperation and coordination carried out by the **"Mekong-Lancang Security and Law Enforcement Cooperation Center"** is also recognized.




**Senior General Min Aung Hlaing participates in the 4th Mekong-Lancang Cooperation Leaders' Meeting through video conferencing.**

Environmental damage has an impact on climate change and causes deterioration of the ecosystem. Therefore, I would like to stress that we must work together to respond to climate change in order to be able to build a peaceful and resilient community.

As the co-chair and responsible member Myanmar has always valued the policies of Mekong-Lancang Cooperation and given a pledge to continue to actively participate in implementation of the policies in accordance with the policies and the sentiments.

At the meeting, the **"Nay Pyi Taw Declaration"** was approved and issued as a policy guide for future plans, and the **"Mekong-Lancang Cooperation Action Plan (2023-2027)"**, and **"Joint Initiative on Development of Mekong-Lancang Innovation Corridor"** were also approved and issued with the aim of boosting neighborliness, friendship and practical cooperation among the member countries.

At the meeting, the Chairman of State Administration Council Prime Minister of the Republic of Union of Myanmar Senior General Min Aung Hlaing handed over the alternate co-chairmanship of the Mekong-Lancang Cooperation to Thailand.

The 4th Mekong-Lancang Cooperation summit was also attended by Joint Secretary of State Administration Council Lt-Gen Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, Deputy Minister for Foreign Affairs U Lwin Oo and officials.

The Mekong-Lancang Cooperation was formed in 2016 with the aim of bringing peace and prosperity to the region, reducing development gaps and supporting the efforts of the countries of the region to achieve inclusive and sustainable development. It comprises Cambodia, China, Laos, Myanmar, Thailand and Vietnam. Myanmar successfully served as the alternate co-chairmanship of the Mekong-Lancang Cooperation together with China, the permanent co-chair, from August, 2020, to December, 2023. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Social security guarantee registration certificates issued to more than 110,000 workers from workplaces this financial year


A small private industry in operation.

**Mandalay December 25**

Mandalay Region Social Security Office stated that social security guarantee registration certificates have been issued to 115,452 insured workers from workplaces in districts and townships of Mandalay Region this financial year.

Relevant government departments and workplace owners registered their workers to become insured workers. In this regard, a total of 115,542 workers from 7,457 workplaces were registered as ID for insured workers, said Deputy Director U Than Naing Oo of Mandalay Region Social Security Office.

"Our department issued social security ID to insured workers from workplaces in the region. Those insured workers will have to enjoy insurance rights. We registered them to be insured to enjoy the rights and entitlement. At a time when those insured workers face social problems, the social security board is very reliable. As part of fees, employers have to pay 3 per cent and workers 2 per cent, totalling five per cent on a monthly basis," he explained.

The workplaces being run with more than five workers can take registration of social security in the region. These workplaces comprise manufacturing industries, banking services, cooperative societies, private workplaces, joint ventures and others. In Mandalay Region, workplaces under social security totalled 7,457. Of them, 115,452 workers have social security registration. 185

# Kalay Township completes harvest of more than 50,000 acres of monsoon paddy

**Kalay December 25**

A total of 50,036 acres of monsoon paddy has been harvested in Kalay Township of Sagaing Region, according to Kalay Township Agriculture Department.

In 2023-24 financial year, Kalay Township has harvested 50,036 acres of monsoon starting from October, yielding 85.50 baskets per acre.

"This year, farmers from the whole township cultivated more than 120,000 acres of monsoon paddy in Kalay Township. At present, remaining monsoon paddy are being harvested. More than 50,000 acres of monsoon has been harvested. Yield of paddy is high," said U Naing Tun Win of Kalay Township Agriculture Department.

In 2023-24 financial year, Kalay Township set a target cultivation for monsoon as 128,558 acres of monsoon paddy. Starting from June to September this year, Kalay Township grew 126,448 acres of monsoon paddy. In 2022-23 FY, the township planned to grow 128,552 acres of monsoon paddy, accounting for cent per cent completion.


Monsoon paddy being harvested with the help of machinery.

Township Agriculture Department provides quality strains of paddy seeds, use of fertilizers and awareness of cultivation techniques to local farmers.

Moreover, staff of the township department made field trips to the paddy fields to assist in farming tasks of local farmers in Kalay Township. 206

# Maize of Bamar strain in high trading at Mandalay market

**Mandalay December 25**

Bamar maize strains are in high demand at Mandalay market, said U Set Maung Swe, secretary of Mandalay Brokers, Merchants and Millers Association.

"Bamar maize strain is in high demand from merchants of Mandalay, Yangon and Taunggyi at the domestic market. So, prices of Bamar maize are high in Mandalay," he added.

Bamar maize fetched K53,000 per 54 viss in Mandalay market on 23 December. Likewise, high demand flow into Mandalay market from Thailand, the Philippines and India for purchasing Bamar maize.

"Currently, number of merchants is on the rise in trading Bamar maize in Mandalay depot. Moreover, merchants from Yangon and other major cities are also increasing in the market to trade Bamar maize," he added. 184

# Czech Republic mourns university shooting victims

**Prague December 25**

The Czech Republic on Saturday mourned the victims of a university shooting in the capital Prague that has left 14 people dead.

Czech flags flew at half-mast at official and public institutions. At noon, church bells rang across the country, and people observed a minute of silence in memory of the victims of the shooting at the Faculty of Arts of Charles University.

Saturday has been declared a state mourning day by the government. In Prague, people came in the rain to the faculty's building in the city center, placing candles and flowers outside the building. A memorial service was also held in the St. Vitus Cathedral at Prague Castle. Christmas markets in some Czech cities have also canceled or reduced their programs.

On Thursday, a 24-year-old student from the faculty shot and killed 14 people before committing suicide. The tragic incident also left 25 others injured, among whom, three were foreigners, according to police.

Following the shooting, police on Friday tightened nationwide preventive measures concerning schools and other so-called soft targets.

Czech Interior Minister Vit Rakusan has called the shooting "a terrible act, unprecedented in the history of the Czech Republic," adding that there is no indication that the shooting was linked to "international terrorism."

Before this latest incident, the most devastating mass shooting in the Czech Republic occurred in 2015, when a gunman unleashed gunfire in the southeastern town of Uhersky Brod, claiming eight lives before fatally shooting himself.

Xinhua

# Palestinian death toll in Gaza climbs to 20,258: ministry

**Gaza December 25**

The death toll of Palestinians from Israeli attacks in the Gaza Strip has so far risen to 20,258 since Oct. 7, with 53,688 others being injured, the Gaza-based Health Ministry said in a statement on Saturday.

It added that at least 201 Palestinians were killed and 368 injured in Israeli attacks in the past 24 hours.

Medical and security sources told Xinhua that at least 18 people were killed, and several others wounded on Saturday following an Israeli airstrike in central Gaza's al-Bureij refugee camp.

Meanwhile, another Israeli airstrike targeting the Jabalia refugee camp in northern Gaza resulted in dozens of deaths and injuries, the sources added.

Israel has been launching a large-scale offensive against Hamas in the Gaza Strip to retaliate against a Hamas rampage through the southern Israeli border on Oct. 7, during which about 1,200 people were killed and more than 200 were taken hostage.

Xinhua



# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်ကို တီထွင်ထုတ်လုပ်ရန် ဂျာမနီနိုင်ငံ Rheinmetall ကုမ္ပဏီနှင့် ဟန်ဂေရီနိုင်ငံ စာချုပ် ချုပ်ဆို



ဂျာမနီနိုင်ငံ ကာကွယ်ရေးလုပ်ငန်းစု Rheinmetall ကုမ္ပဏီသည် လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်ကို တီထွင်ထုတ်လုပ်ရန် ဟန်ဂေရီနိုင်ငံနှင့် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒီဇင်ဘာ ၁၅ ရက်က Budapest တွင် လက်မှတ်ရေးထိုးခဲ့သော ယူရိုသန်း ၃၀ တန် စာချုပ်သည် ဟန်ဂေရီနိုင်ငံ၏ လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရာတွင် မဟာဗျူဟာမြောက်လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ကြောင်း Rheinmetall ကုမ္ပဏီက ကြေညာခဲ့ကြောင်း သိရသည်။

Rheinmetall ကုမ္ပဏီက မှတ်ချက်ပြုထားသည့်အတိုင်း Lynx ချိန်းတပ်သံချပ်ကာယာဉ်တွင် ပေါင်းစပ်ထားသည့် Skyranger 30 Turret (ဆုံလည်)ကို ခေတ်ပြိုင်ခြိမ်းခြောက်မှုများ၊ အထူးသဖြင့် ဒရုန်းတိုက်ခိုက်မှုများနှင့် လေကြောင်းခြိမ်းခြောက်မှုများကိုတန်ပြန်ရန် အံဝင်ခွင်ကျစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

Lynx Skyranger 30 Turret သည် ခေတ်မီဆန်းပြားပြီး စွယ်စုံရလေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို ခေတ်မီဆန်းသစ်သော Skyranger လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြင့် Lynx ခြေလျင်တိုက်ခိုက်ရေးယာဉ် နည်းပညာပေါင်းစည်းလုပ်ဆောင်ထားခြင်းပင်ဖြစ်သည်။ ဤပေါင်းစပ်စနစ်တွင် ပေါ်ပေါက်လာသော တာတိုအတွင်း ခြိမ်းခြောက်မှုအန္တရာယ်များကိုတန်ပြန်ရန် ၃၀ မီလီမီတာ အလိုအလျောက် လေယာဉ်ပစ်စက်အမြောက်များ၊ မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များနှင့် အာရုံခံကိရိယာအစုံအလင်တို့ ပါဝင်ဖွဲ့စည်းထားကာ ရွေ့လျားနိုင်မှု၊ ရပ်တည်ရှင်သန်နိုင်မှု၊ လိုက်လျောညီထွေရှိမှုနှင့် တိုက်ပွဲဝင်ရာတွင် တိကျမှုတို့ပိုင်ဆိုင်ထားကြောင်း သိရသည်။

Lynx Skyranger 30 Turret သည် ပဲ့ထိန်းဒုံးကျည်များနှင့် ဒရုန်းများအပါအဝင် လေကြောင်းခြိမ်းခြောက်မှု အမျိုးမျိုးကို တန်ပြန်နိုင်စွမ်းရှိသော ထိပ်တန်းစွမ်းဆောင်ရည်ရှိသည့်စနစ်တစ်ခု ဖြစ်သည်ဟု Rheinmetall ကုမ္ပဏီ၏အမှုဆောင်ဘုတ်အဖွဲ့ဥက္ကဋ္ဌ Armin Papperger က ထုတ်ဖော်ပြောကြားထားသည်။

ဤဖွံ့ဖြိုးတိုးတက်မှုသည် Europe Sky Shield Initiative (ESSI) နှင့်လည်းကိုက်ညီပြီး NATO အဖွဲ့ဝင်နိုင်ငံတစ်ဝန်းရှိ ဥရောပ၏လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန်၊ ပူးတွဲဝယ်ယူမှု၊ ဖြန့်ကြက်မှုနှင့် အဆင့်မြှင့်စက်ပစ္စည်းကိရိယာ(ဟာ့ဒ်ဝဲ)များ ပြုပြင်ထိန်းသိမ်းမှုတို့ကို လွယ်ကူချောမွေ့စေရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဂျာမနီစစ်ဘက်နှင့် ဒိန်းမတ်စစ်ဘက်တို့သည် မတူညီသော ရစ်ဘီးတပ်သံချပ်ကာယာဉ်နှင့်တင်ဆောင်ထားသည့် Skyranger 30 စနစ်များကို ဝယ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း ဖော်ပြခဲ့ပြီး ဥရောပလက်နက်ကိုင်တပ်ဖွဲ့များ၏ လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရာတွင် လက်နက်စနစ်၏ ရေပန်းစားလူကြိုက်များမှုကို မီးမောင်းထိုးပြခဲ့ကြောင်း သိရသည်။

**Rheinmetall to develop new air defense system for Hungary ကို ဘာသာပြန်ဆိုထားပါသည်။**

## နယူးဇီလန်နိုင်ငံက ကြည်းတပ်အတွက် ဒရုန်းများဝယ်ယူရန် ကုမ္ပဏီသုံးခုနှင့် လက်မှတ်ရေးထိုး

နယူးဇီလန်နိုင်ငံသည် ကြည်းတပ်အတွက် ဒရုန်းများနှင့် ဆက်စပ်မြေပြင်အခြေစိုက် အဝေးထိန်းအာရုံခံကိရိယာများကိုဝယ်ယူရန် စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ သုံးခုနှင့် သဘောတူညီချက်တစ်ရပ်လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ သဘောတူညီချက်၏ ပဏာမခြေလှမ်းသည် ၂၀၂၄ ခုနှစ်အရောက်တွင် ကြည်းတပ် တပ်ဖွဲ့များထံ ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်စွမ်းရည်များကို ပံ့ပိုးပေးရန်နှင့် ခေတ်မီအဆင့်မြှင့်တင်နိုင်စေရန် နယူးဇီလန်ကာကွယ်ရေးဝန်ကြီးဌာန၏ လက်ရှိလုပ်ဆောင်နေသော စစ်ဘက်ကွန်ရက်အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

စီမံကိန်းအတွက် Wellington အခြေစိုက် EPE ကုမ္ပဏီသည် ကျောပိုးအိတ်များဖြင့် သယ်ဆောင်အသုံးပြုနိုင်ပြီး ၇၅ စက္ကန့်အတွင်း တိုက်ပွဲဝင်အသင့်ဖြန့်ကြက်နိုင်သော မိုက်ခရိုဒရုန်းများကို အမှတ်(၂/၁) တော်ဝင်နယူးဇီလန်ခြေလျင်တပ်ရင်းကြီးထံ ပံ့ပိုးပေးသွားမည်ဖြစ်သည်။ EPE ကုမ္ပဏီသည် သဘောတူစာချုပ်အတွက် အလိုအလျောက် လုပ်ဆောင်နိုင်သောစနစ်များ ထုတ်လုပ်နေသည့် အမေရိကန်နိုင်ငံ Skydio ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး အလေးချိန် ၁၃၂၅ ဂရမ် (၂ ဒသမ ၉ ပေါင်)ရှိ X2D ဒရုန်းစနစ်များကို ပေးအပ်သွားမည်ဖြစ်သည်။

ထို့ပြင် အဆိုပါခြေလျင်တပ်ရင်းကြီးအနေဖြင့် ရွေ့လျားပစ်မှတ်များကို တည်နေရာဖော်ပြနိုင်ရန်နှင့် စိစစ်ခွဲခြားသတ်မှတ်ရန်အတွက် အသံပိုင်းဆိုင်ရာ၊ တုန်ခါမှုနှင့် အနီအောက်ရောင်ခြည် လုပ်ဆောင်ချက်များကို ပေါင်းစပ်ထားသော အာရုံခံစနစ်များကို လက်ခံရရှိဦးမည်ဖြစ်သည်။

EPE ကုမ္ပဏီနှင့် Skydio ကုမ္ပဏီတို့သည် ပိုမိုလုံခြုံသောကမ္ဘာတစ်ခုဆီသို့ ပံ့ပိုးကူညီရန်နှင့် တပ်ဖွဲ့ဝင်များကို မဟာဗျူဟာမြောက်အားသာချက်များကို ပိုင်ဆိုင်နိုင်စေရုံမျှသာမက ခြိမ်းခြောက်မှုများကို ကာကွယ်ပေးနေစဉ် ဆုံးဖြတ်ချက်ချရာတွင်လည်း ပိုမိုကောင်းမွန်မည့် နည်းပညာများ မျှဝေအသုံးပြုသွားရန် ဆန္ဒရှိနေကြသည်။ အဖွဲ့အနေဖြင့် ဒီဇိုင်းထုတ်လုပ်ခြင်းမှသည် နောက်ဆုံးအပြီးသတ်အဆင့်ထိ လွှဲပြောင်းပေးအပ်ခြင်းများလုပ်ဆောင်ပေးသွားမည်ဖြစ်သည်ဟု EPE New Zealand ကုမ္ပဏီမှ အထွေထွေမန်နေဂျာ Andy Cross က ပြောကြားခဲ့သည်။

တစ်ချိန်တည်းတွင် အမှတ်(၂/၁) တော်ဝင်နယူးဇီလန် ခြေလျင်တပ်ရင်းကြီးသည် ဩစတြေးလျနိုင်ငံ Criterion Solutions ကုမ္ပဏီထံမှ နာနိုဒရုန်းများကိုလည်း လက်ခံရရှိမည်ဖြစ်သည်။ ဒရုန်းတစ်စင်းစီတွင် ပန်ကာတစ်ခုဖြင့် အိတ်သေးလေးများဖြင့် ထည့်သွင်းနိုင်သော လေယာဉ်ကိုယ်ထည်တစ်ခုပါရှိပြီး စက္ကန့် ၂၀ အတွင်း ပျံသန်းလုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် အမေရိကန်နိုင်ငံ Quantum Systems ကုမ္ပဏီသည် အမှတ်(၁၆) စစ်မြေပြင်တပ်ရင်းကြီးအတွက် အသေးစားဒရုန်းများ လွှဲပြောင်းပေးအပ်လိမ့်မည်ဖြစ်သည်။ ဤစနစ်များသည် တောင်ပံအလျားသုံးမီတာရှိပြီး သုံးမိနစ်အတွင်း ပစ်လွှတ်နိုင်ကာ ကျစ်လျစ်ပေါ့ပါးသောကွန်တိန်နာများဖြင့် သယ်ယူပို့ဆောင်ပေးနိုင်သည်။



အဆိုပါစနစ်များသည် အန္တရာယ်ဖြစ်နိုင်မှုအကဲဖြတ်ဆန်းစစ်ခြင်း၊ တိကျသော၊ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ လိုအပ်သောစစ်ဆင်ရေးအစီအမံများအတွက် ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်မှုကို အဆင့်မြှင့်တင်နိုင်ရန် မျှော်မှန်းထားကြောင်း နယူးဇီလန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

တိုက်ခိုက်ရေး အထောက်အပံ့များအပြင် ဒရုန်းများကိုရှာဖွေကယ်ဆယ်ရေး၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအတွက် အသုံးပြုနိုင်လိမ့်မည်ဖြစ်သည်။ စနစ်များ၏ အဓိကအခန်းကဏ္ဍမှာ “Line-of-Sight.” ထက်ကျော်လွန်၍ အခြေအနေကြိုတင်သတိပေးနိုင်မှုစွမ်းရည်များ တိုးမြှင့်နိုင်ရန်ဖြစ်သောကြောင့် တိုက်ခိုက်ရေးဒရုန်းများအဖြစ်အသုံးပြုရန် လက်နက်များတပ်ဆင်အသုံးပြုသွားမည်မဟုတ်ကြောင်း ထည့်သွင်းဖော်ပြထားသည်။

**New Zealand Buys Aerial Drones for Army ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၁၁၆၆၈၇ ဧက ရိတ်သိမ်းပြီးစီး



**ငပုတော ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၁၁၆၆၈၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးစိုက်ခင်းများကို အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၁၆၆၈၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၀၄၁၂၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စပါးတွေကို ရိတ်သိမ်းနေတာ ဒီနေ့ထိ ၁၁၆၆၈၇ ဧကပြီးပါပြီ။ မိုးစပါးလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် ရွှေခရုကျရောက်တာမရှိပေမဲ့ ရွှေခရုနဲ့ပတ်သက်ပြီးတော့ တောင်သူပညာပေး လုပ်ငန်းတွေကိုလဲ ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတွေက ကျေးရွာအုပ်စုအလိုက် နယ်လှည့်ပြီး အသိပညာပေးတာတွေကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ပေးခဲ့လို့ အခုလို စပါးတွေရိတ်သိမ်းတဲ့အခါ အခက်အခဲမရှိ ရာနှုန်းပြည့် ရိတ်သိမ်းနိုင်တာပါ"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၀၄၁၂၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ငပုတောမြို့နယ်တွင် မိုးစပါး ၁၁၆၆၈၆ ဧကကို ရိတ်သိမ်းဆောင်ရွက်ရာတွင် စပါးတစ်ဧကလျှင် ၉၁ ဒသမ ၄၈ တင်း ထွက်ရှိကြောင်း၊ အဆိုပါ မိုးစပါးများ ရိတ်သိမ်းနိုင်ရေး စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပူတာအိုမြို့နယ် မုဒုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပူတာအို ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုဒုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံပြီး မုဒုံကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမင်းဇော်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



မုဒုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ ငွေကျပ်သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၁ ဦးကို ငွေကျပ်သိန်း ၄၄၀ ထုတ်ချေးပေးထားကြောင်း ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဇော်ထံမှ သိရသည်။

**ကျော်ဦး**

# လွိုင်းဘွဲ့မြို့နယ် ဒိုင်းပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၂၅**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် ဒိုင်းပြကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ကျေးလက်နေပြည်သူများ စားသုံးဆီဖူလုံစေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ဒိုင်းပြကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူခြောက်ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၃၁၁ သိန်း ထုတ်ချေးပေးထားကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ထွန်းထံမှ သိရသည်။

**ဘိုဘို**


အဖိုးတန်ရေချိုကို ချွေတာကြပါစို့
သက်ရှိကမ္ဘာကြီး ရှင်သန်ရပ်တည်ဖို့...
သဘာဝတောတောင်များ ထာဝရတည်တံ့စေဖို့...
သင့်ဘဝ သန့်ရှင်းကျန်းမာလှပစေဖို့...
နေ့စဉ်နှင့်အမျှ ရှားပါးလာသော
အဖိုးတန်ရေချိုကို ချွေတာကြပါစို့။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၅-၁၂-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧွှေဒီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၁၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ရန်ကုန်အခြေပြု ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တွေ့ဆုံ





**ရန်ကုန် ဒီဇင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Studio-A တွင် ရန်ကုန်အခြေပြု ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ဝန်ထမ်းများကို တွေ့ဆုံသည်။

ဦးစွာ တက်ရောက်လာကြသည့် ဝန်ထမ်းများကို "တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှုအန္တရာယ်" ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှားများ အကြောင်းအရာကိုလည်းကောင်း၊ "နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်မီဒီယာ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း Video Clip များဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ယခင်အစိုးရအဖွဲ့၏ မဲလိမ်မဲခိုးဖြစ်စဉ်များကြောင့် နိုင်ငံတော်တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာဘဲ ရယူထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အဂ္ဂမဟာဗျူဟာဖြစ်သော အမျိုးသားရေးမျှော်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကိုလည်းကောင်း၊ နိုင်ငံရေးမျှော်မှန်းချက်နှစ်ရပ်ဖြစ်သော စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကိုလည်းကောင်း မူဝါဒသတ်မှတ်ပြီး မဟာဗျူဟာဖြစ်သော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နည်းဗျူဟာဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်၍ အကောင်အထည်ဖော် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မူလသတ်မှတ်လုပ်ငန်းတာဝန်များကို နှပျိုးသစ်လွင်ပြီး သွက်လက်ထက်မြက်သောပုံစံဖြင့် မပြုပြင်ပြောင်းလဲဆောင်ရွက်နေမှု၊ နိုင်ငံတော်အဆင့်အခမ်းအနားများကို ထည်ထည်ဝါဝါနှင့် ခမ်းခမ်းနားနားဖြစ်စေရန် ထဲထဲဝင်ဝင်ပါဝင်ပြီး ကြိုးစားဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်တာဝန်အရပ်ရပ်ကို ကျရာကဏ္ဍမှပါဝင်ပြီး အားကြိုးမာန်တက် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Studio-A မျက်နှာစာရှေ့ Lobby တွင် တွေ့ဆုံပွဲနှင့် ခရစ္စမတ်ပျော်ပွဲရွှင်ပွဲသို့ တက်ရောက်လာကြသည့် ဝန်ထမ်းများနှင့်အတူ ဆက်လက်တက်ရောက်၍ တေးဂီတဖျော်ဖြေတင်ဆက်မှု၊ ခရစ္စမတ်လက်ဆောင်ပစ္စည်းများ ပေးအပ်မှုနှင့် စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံမှုတို့ကို ကြည့်ရှုအားပေးကာ ဝန်ထမ်းများနှင့်အတူ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေ ၄၉၅၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၂၆ ရက်မှ ၃၁ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေ ၄၉၅၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၆၀ | ၂၆၁၀ | ၂၆၀၀ | ၂၅၇၀ | ၂၆၀၅ | ၂၆၃၀ | ၂၆၁၅ | ၂၅၉၅ | ၂၆၉၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၅၀ | ၂၈၈၀ | ၂၉၀၀ |
| 95 Ron | ၂၆၆၀ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၀ | ၂၇၁၀ | ၂၇၃၅ | ၂၇၂၀ | ၂၆၉၅ | ၂၇၉၅ | ၂၈၁၀ | ၂၇၀၀ | ၂၇၂၀ | ၂၇၄၅ | ၂၇၅၀ | ၂၇၅၀ | ၂၉၈၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၅၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၀ | ၂၅၅၅ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၅၀၀ | ၂၇၂၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၆၅ | ၂၅၁၅ | ၂၅၁၅ | ၂၄၇၅ | ၂၅၁၅ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၀၅ | ၂၅၂၀ | ၂၅၅၀ | ၂၅၅၅ | ၂၅၅၅ | ၂၇၈၅ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၇၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၀ | ၂၅၂၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၁၅ | ၂၅၂၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၅ | ၂၇၉၀ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၄၀ | ၂၅၂၂ |
| 95 Ron | ၂၅၃၉ | ၂၆၂၃ |
| HSD (500 ppm) | ၂၂၉၄ | ၂၃၇၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၂၇ |
| HSD (10 ppm) | ၂၃၅၇ | ၂၄၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မြိတ်မြို့ သီတဂူဇီဝိတစက္ခုဒါနဆေးရုံ၌ ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ သီတဂူဇီဝိတစက္ခုဒါနဆေးရုံတော်၌ မြိတ်၊ ကျွန်းစု၊ တနင်္သာရီ၊ ပုလောနှင့် ဘုတ်ပြင်းမြို့တို့မှ မျက်စိဝေဒနာရှင် ဒေသခံပြည်သူများကို မျက်စိအထူးကုဆရာဝန်ကြီးများ၊ ပါရဂူများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိရောဂါနှင့်ပတ်သက်၍ ဒီဇင်ဘာ ၂၃ ရက်မှစတင်ကာ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ယနေ့နံနက်ပိုင်းတွင် ကမ္ဘာ့သာသနာပြု ရွှေကျင်နိကာယသာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မကထိကဗဟုဇနဟိတဓရ Ph.D.D.Litt သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ မျက်စိရောဂါကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ထိ စုစုပေါင်းလူနာ ၄၇၅ ဦးကို ကုသပေးနိုင်ခဲ့ပြီး ဒီဇင်ဘာ ၂၉ ရက်ထိ ဆက်လက်ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ကမ္ဘာ့သာသနာပြု ရွှေကျင်နိကာယသာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ Ph.D.D.Litt သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရ သီတဂူဇီဝိတစက္ခုဒါနဆေးရုံ၌ ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေးစဉ်။**



# ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်




**မန္တလေး ဒီဇင်ဘာ ၂၅**

ခရစ်ယာန်ဘာသာ Good News Church (Mandalay)က ကြီးမှူးကျင်းပသည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ Good News Church (Mandalay)မှ သိက္ခာတော်ရဆရာတော် ဦးခွန်ထူးနှင့် တာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများ၊ ခရစ်ယာန်ဘာသာဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းသာယာဝပြောစေကြောင်းနှင့် ပျော်ရွှင်ချမ်းမြေ့မှု အပေါင်းပြည့်စုံသည့် မေတ္တာဓာတ်များ လွှမ်းခြုံနေကြောင်း တောင်းဆုခြွေကြသည့် ခရစ္စမတ်ပွဲတော်အခါသမတွင် ခရစ်ယာန်ဘာသာဝင်များနှင့်အတူ ပါဝင်ဆင်နွှဲရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ခရစ်ယာန်ဘာသာဝင်များ အားလုံးနှင့်တကွ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ အပါအဝင် ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံး ခရစ်တော်၏မေတ္တာတရားနှင့် ငြိမ်းချမ်းသာယာရှိကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဘာသာရေးနှင့်ပတ်သက်လျှင် လွတ်လပ်စွာကိုးကွယ်ဆည်းကပ်ခွင့်ပြုထားသည့် နိုင်ငံဖြစ်ပြီး သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နိုင်မှု အခွင့်အရေးများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)တွင် ပွင့်လင်းမြင်သာစွာ အသိအမှတ်ပြု ဖော်ပြထားပြီးဖြစ်ပါကြောင်း၊ ဘာသာတိုင်းတွင် မေတ္တာကရုဏာအခြေခံသဘောတရားများ ပါရှိပြီးဖြစ်ပါကြောင်း၊ မေတ္တာသည် အရာရာတိုင်းကိုကျော်လွှားထိုးဖောက်နိုင်သော အင်အားကြီးမားသည့် စွမ်းအားတစ်ခုဖြစ်ပါကြောင်း၊ ငြိမ်းချမ်းခြင်းကို မေတ္တာဖြင့်ရယူနိုင်မည်ဖြစ်ပါကြောင်း၊ လူသားတစ်ဦးချင်းမှ လူ့အသိုင်းအဝိုင်းတစ်ခုလုံး၊ နိုင်ငံတစ်ခုလုံး၊ ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာဝပြောလာမည်ဖြစ်ကြောင်းနှင့် ခရစ္စမတ်၏ကောင်းခြင်းမင်္ဂလာအဖြာဖြာ ခံစားနိုင်ကြပါစေကြောင်းဖြင့် ဆုမွန်ကောင်းတောင်းစကားပြောကြားသည်။

ထို့နောက် Good News Church (Mandalay)မှ သိက္ခာတော်ရဆရာတော် ဦးခွန်ထူးက မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး ကောင်းချီးမင်္ဂလာများရရှိရန် မေတ္တာပို့သဆုတောင်းပေးပြီး ခရစ္စမတ်အကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက Good News Church (Mandalay)မှ ခရစ်ယာန်ဘာသာဝင်လူငယ်များ၏ ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း၊ ခရစ္စမတ်တေးသီချင်းများနှင့်အတူ ကပြဖျော်ဖြေ ဂုဏ်ပြုတင်ဆက်ခြင်းများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်လာကြသည့် ခရစ်ယာန်ဘာသာဝင်များ၊ ဆရာတော်များ၊ လူငယ်အဖွဲ့များနှင့်ရပ်မိရပ်ဖများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးပြီး ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အထိမ်းအမှတ် ဧည့်ခံသည့် လန်းဆန်းစာများကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**






# ခိုလမ်မြို့ရှိ ခရစ်ယာန်အသင်းတော်များ၌ ခရစ္စမတ်ပွဲတော် ပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၅**


ခရစ်ယာန်ဘာသာဝင်တို့၏ အထွတ်အမြတ်ပွဲတော်ဖြစ်သည့် ခရစ္စမတ်ပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ ခရစ်ယာန်အသင်းတော်များ၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ခရစ်ယာန်အသင်းတော်မှ သင်းအုပ်၊ ဓမ္မဆရာများ၊ ခရစ်ယာန်ဘာသာဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ခရစ္စမတ်ပွဲတော်ကို ခရစ်ယာန်ဘာသာဝင်လူငယ်များက ဓမ္မသီချင်းဖြင့် သီဆိုချီးမွမ်းဖွင့်လှစ်ကြသည်။ ထို့နောက် လူမျိုးပေါင်းစုံ ခရစ်ယာန်အသင်းတော်၏ သိက္ခာတော်ရဆရာတော် ဦးကျော်အောင်နှင့် ကက်သလစ်ခရစ်ယာန်ဂေါပကအဖွဲ့ဝင် ဦးဒေါမိနစ်တို့က ခရစ္စမတ်သဝဏ်လွှာကို ဖတ်ကြားကြသည်။ ယင်းနောက် တိုင်းမှူးက ခရစ္စမတ်နေ့အထိမ်းအမှတ် ဂုဏ်ပြုငွေများပေးအပ်ရာ သက်ဆိုင်ရာကျောင်းများရှိ သိက္ခာတော်ရဆရာတော်များက လက်ခံရယူကြသည်။

ထို့နောက် လူမျိုးပေါင်းစုံ ခရစ်ယာန်အသင်းတော်များအဖွဲ့နှင့် ခရစ်ယာန်ဘာသာဝင် စစ်သည်၊ မိသားစုဝင်များက ဓမ္မသီချင်းများ၊ ခရစ္စမတ်ဆုတောင်းသီချင်းများဖြင့် သီဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ခရစ္စမတ်နေ့အထိမ်းအမှတ် ဂုဏ်ပြုငွေများ ပေးအပ်စဉ်။**

## ကောဇာဂြိုဟ်စီးဂြိုဟ်မြင် သုတေသနကျမ်း




ဒေါက်တာဗိုလ်လေးနေ့သားသည့် ကောဇာဂြိုဟ်စီးဂြိုဟ်မြင် သုတေသနကျမ်းကို မြဝတီစာပေတိုက်က ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

မြန်မာဗေဒင်ပညာလောကတွင် ဗေဒင်ဆရာများ၏ သည်းခြေကြိုက်နည်းစနစ်တစ်ခုမှာ ကောဇာဂြိုဟ်စီးဂြိုဟ်မြင်နည်းစနစ်ဖြစ်ပါသည်။ ယင်းနည်းစနစ်အား ဗေဒင်ဆရာတိုင်းလိုလို ကြိုက်နှစ်သက်ကြသော်လည်း ယနေ့အထိ စနစ်တကျစီစဉ်သုတေသနပြုလုပ်ကာ ပြုစုထားသော စာအုပ်ကောင်းဟူ၍ တစ်အုပ်မှမရှိခဲ့ပေ၊ တစ်ပိုင်းတစ်စပါရုံမှတစ်ပါ၊ ပြည့်စုံသောကျမ်းများ ပေါ်ထွက်မလာခဲ့ခြင်းကား ဗေဒင်ပညာရပ်အတွက် လိုအပ်သောကွက်လပ်ကြီးပင်ဖြစ်ပါသည်။

ယင်းလိုအပ်နေသောကွက်လပ်ကြီးအား ဆရာကြီးဒေါက်တာဗိုလ်လေးက အနှစ်နှစ်အလလ လက်တွေ့လေ့လာသုတေသနပြုပြီး ဤစာအုပ်ကို ပြုစုခဲ့ပါသည်။ ဤစာအုပ်ကိုဖတ်လျှင် ကောဇာဂြိုဟ်စီးဂြိုဟ်မြင်နည်းစနစ်ကို လက်တွေ့နားလည်သွားမည့်အပြင် လက်တွေ့ဇာတာပေါင်း နှစ်ရာခုနစ်ဆယ်ကျော်ကိုလည်း လေ့လာပြီးသားဖြစ်ပေမည်။

ထို့ပြင် ကုန်းဘောင်မင်းဆက် ၁၁ ပါးစလုံး၏ဇာတာများကို ကွန်ပျူတာနှင့်တွက်ချက်ပြီး ကြိုစတွာဇာတာဖွဲ့ပေးထားခြင်းကား ဤစာအုပ်၏ အဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးပင်ဖြစ်ပါသည်။

ဤစာအုပ်ကို စာကောင်းပေမွန်များ စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိသည့် မြဝတီစာပေတိုက်က ၂၀၂၄ ခုနှစ်၊ မတ်လတွင် ရိုက်နှိပ်ထုတ်ဝေသွားမည်ဖြစ်ပြီး တန်ဖိုးမှာ ၃၅၀၀ ကျပ်ဖြစ်ပါသည်။

ကြိုတင်မှာယူလိုပါက မြဝတီစာပေတိုက်၊ ဖြန့်ချိရေး ဖုန်း ၀၉ ၃၂၄ ၉၈၇ ၂၄ သို့ မှာယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## စတုဓမ္မသာရ ကိုးခန်းပျို့



ရှင်မဟာရဋ္ဌသာရ၏ အကောင်းဆုံးလက်ရာဖြစ်သော စတုဓမ္မသာရကိုးခန်းပျို့ကို မူရင်းအတိုင်း မြဝတီစာပေတိုက်က ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

စတုဓမ္မသာရ ကိုးခန်းပျို့သည် ဘုရားဟော ဝီသတိနိပါတ် ဟတ္ထိပါလဇာတ်တော်ကို အလင်္ကာ တန်ဆာဆင်ကာ မြန်မာဘာသာသို့ပြန်ဆိုဖွဲ့နွဲ့ထားသော ပျို့ဖြစ်ခြင်းကြောင့် ဟတ္ထိပါလပျို့ဟုလည်း အမည်တွင်သည်။ ဆရာတော်ရှင်မဟာရဋ္ဌသာရသည် လောကအကြောင်း၌ နိုင်နင်းသူဖြစ်သည့် အလျောက် ဓမ္မကြောင်းကို လောကကြောင်းဖြင့် အခွမ်းတင်ကာ ဖွဲ့ဆိုရေးသားရာတွင် အထူးပင် ထွန်းတောက်ပိုင်နိုင်လှပေသည်။ ဤကိုးခန်းပျို့သည် လောက၊ ဓမ္မ၊ ရာဇကြောင်း သုံးပါးစလုံး ပြည့်ဝစုံလင်လှပါသည်။

ပျို့ဟူသည့်အတိုင်း အကြောင်းအရာ၊ ဇာတ်၊ ဝတ္ထု ပုံပြင်တစ်ခုခုကို အသံနှင့်အနက် အဆင်တန်ဆာတို့နှင့် ပြည့်ဝစုံလင်စေလျက် နှစ်သက်ဖွယ်၊ စိတ်ကြည်နူးဖွယ်၊ နားဝင်ပီယ ဖြစ်ဖွယ်ကောင်းအောင် ပိုဒ်ရေများစွာဖြင့် ဖြယ်လှယ်သီကုံးထားသော စတုဓမ္မသာရ ကိုးခန်းပျို့ ပင်ဖြစ်ပါသည်။

ဤစာအုပ်ကို စာကောင်းပေမွန်များ စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိသည့် မြဝတီစာပေတိုက်က ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ရိုက်နှိပ်ထုတ်ဝေသွားမည်ဖြစ်ပြီး တန်ဖိုးမှာ ၃၄၀၀ ကျပ်ဖြစ်ပါသည်။

ကြိုတင်မှာယူလိုပါက မြဝတီစာပေတိုက်၊ ဖြန့်ချိရေး ဖုန်း ၀၉ ၃၂၄ ၉၈၇ ၂၄ သို့ မှာယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။


# ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ စိုက်ပျိုးရေဖူလုံပိုလျှံစွာရရှိရေးနှင့် လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး တောင်သူများနှင့် သက်ဆိုင်ရာဌာနများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဒီဇင်ဘာ ၂၃ နံနက်ပိုင်းတွင် တာချီလိတ်မြို့နယ် ဝမ်ပုံရွာအနီးရှိ ဝမ်ပုံမြေသားတမံပြုပြင်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေမျှတစွာအသုံးပြုနိုင်ရေး၊ စိုက်ပျိုးသည့် သီးနှံပုံစံအလိုက် ရေလိုအပ်ချက်ကို စနစ်တကျပေးသွင်းပြီး ရေချိုအရင်းအမြစ်များ အလေအလွင့်မရှိ အသုံးပြုနိုင်ရေး၊ ဒေသ၏လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့် သက်ဆိုင်ရာဌာနများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မိုင်းဟိကျေးရွာအနီး နမ့်မယ်ခွန်ချောင်းပေါ်တွင် နမ့်မယ်ခွန်ရေလွှဲဆည်တည်ဆောက်မည့်လျာထားနေရာကို ကြည့်ရှုစစ်ဆေးစဉ် မြေပြင်အနေအထားနှင့် ကိုက်ညီသည့် ဒီဇိုင်းပုံစံများ ရေးဆွဲဆောင်ရွက်ကြရန်၊ အရည်အသွေးပြည့်မီစွာ တည်ဆောက်နိုင်ရေးနှင့်တည်ဆောက်ပြီးစီးပါက လျာထားစိုက်ပျိုးဧကများအတိုင်း ရေအပြည့်အဝပေးဝေနိုင်ရေးဆွေးနွေးမှာကြားပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ရေအနည်းလိုသီးနှံများစိုက်ပျိုးနိုင်ရေးအတွက်နည်းပညာအပါအဝင် တောင်သူလိုအပ်ချက်များ ကူညီပံ့ပိုးပေးနိုင်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် တာချီလိတ်မြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်၏စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ကို မိမိတို့ဝန်ကြီးဌာန၏ လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒများနှင့်အညီ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ချမှတ်ထားသည့် ညွှန်ကြားချက်များအပေါ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ တစ်ဧကချင်း၏ သီးနှံအထွက်နှုန်းတိုးတက်ရေး၊ တောင်သူများလိုအပ်သည့် မျိုးကောင်းမျိုးသန့်နှင့် စိုက်နည်းစနစ်များ ဖြန့်ဝေပေးနိုင်ရေး၊ မွေးမြူရေးလုပ်ငန်းတွင် လွတ်ကျောင်းစနစ်မှ တိရစ္ဆာန်အစာကျွေး၍ လှောင်မွေးသည့်စနစ်ဖွံ့ဖြိုးလာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

# ခရစ္စမတ်နေ့အထိမ်းအမှတ် နေပြည်တော်ရှိ ခရစ်ယာန်ဘုရားကျောင်းနှင့် အသင်းတော်များ၌ ဝတ်ပြုဆုတောင်းခြင်း၊ မိတ်ဆုံစားခြင်းနှင့် ပျော်ပွဲရွှင်ပွဲများ စိတ်အေးချမ်းသာစွာဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ယနေ့သည် ယေရှုခရစ်တော်ဖွားမြင်တော်မူသည့်နေ့ကို အထိမ်းအမှတ်ပြုသည့် ခရစ္စမတ်နေ့ဖြစ်သည့်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ခရစ်ယာန်ဘာသာဝင်များသည် သက်ဆိုင်ရာခရစ်ယာန်ဘုရားကျောင်းများအလိုက် ဝတ်ပြုဆုတောင်းခြင်းကျေးဇူးတော်ချီးမွမ်းခြင်းတို့ကို ဆောင်ရွက်ကြပြီး ညပိုင်းတွင် ရောင်စုံလျှပ်စစ်မီးများဖြင့် အလှဆင်ထွန်းညှိကြသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စိန့်မိုင်ကယ်ကက်သလစ် ဘုရားကျောင်း၊ မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်နှင့် အခြားခရစ်ယာန်ဘုရားကျောင်းများ၌ ခရစ်ယာန်ဘာသာဝင်များသည် ခရစ္စမတ်နေ့အခါသမယအခမ်းအနားကို အဖွင့်မေတ္တာပို့ဆုတောင်း၍ ဖွင့်လှစ်ပေးကာ ဓမ္မသီချင်းများကို စုပေါင်းသီဆိုချီးမွမ်းကြသည်။

ထို့နောက် ခရစ်ယာန်ဘုန်းတော်ကြီးများ၊ သိက္ခာတော်ရဆရာတော်များနှင့်အတူ ခရစ်ယာန်ဘာသာဝင်များသည် သမ္မာကျမ်းစာဖတ်ကြားပြီး မေတ္တာပို့ဆုတောင်းခြင်းများဆောင်ရွက်ကြကာ ကျေးဇူးတော်ချီးမွမ်းခြင်းအထိမ်းအမှတ် မိတ်ဆုံစားခြင်းနှင့် ပျော်ပွဲ ရွှင်ပွဲများကို စိတ်အေးချမ်းသာစွာဆောင်ရွက်ကြသည်။

ထို့ပြင် ခရစ်ယာန်ဘုရားကျောင်းများ၌ ခရစ္စမတ်နေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအဖြစ် ဓမ္မတေးသီဆိုမှုများ၊ အပြန်အလှန်လက်ဆောင်ပေးခြင်းအစီအစဉ်များဆောင်ရွက်ကြပြီး ညပိုင်းတွင်ဘုရားကျောင်းများ၌ ရောင်စုံလျှပ်စစ်မီးများ အလှဆင်ထွန်းညှိ၍ ခရစ်တော်မွေးနေ့ကို ပျော်ရွှင်စွာဖြင့်ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်းသိရသည်။**(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်တင်ပို့သည့်နေ့မှ ယခင် ရက် ၉၀ အစား ရက် ၆၀ သို့လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက်ထည့်သွင်းရန် ပြင်ဆင်သတ်မှတ်လိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၄။ ဤအမိန့်ကြော်ငြာစာအား လိုက်နာဆောင်ရွက်ခြင်းမရှိပါက နိုင်ငံခြားငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူခြင်းခံရမည်။

**သန်းသန်းဆွေ**

**ဥက္ကဋ္ဌ**

# ဒီဇင်ဘာ ၁၇ ရက်မှ ၂၄ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉ ဦးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက် ည ၈ နာရီမှ ဒီဇင်ဘာ ၂၄ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၉၈၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲ အတည်ပြုလူနာသစ် ၂၉ဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၂ ရာခိုင်နှုန်းဖြစ်သည်။ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကျောက်တံခါးမြို့နယ် ဘာဘူကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အသက် ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ လေးဦး ထိခိုက်ဒဏ်ရာရရှိ

ကျောက်တံခါးမြို့နယ်၊ ဘာဘူကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများ Drop-Bomb ချခဲ့သည့်နေရာပြပုံ





**နေပြည်တော် ဒီဇင်ဘာ ၂၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်အချို့၌ အကြမ်းဖက်မှုကိုလိုလားသူ လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများ သွားလာရာလမ်းတံတားများ၊ နေထိုင်ရာ ရပ်ကွက်၊ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်လုပ်စိန်ပြောင်း၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့်နေအိမ်များကို အကြောင်းမဲ့မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည်။

ယနေ့တွင်လည်း PDF အမည်ခံအကြမ်းဖက်သမားများက ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဘာဘူကုန်းကျေးရွာအတွင်းသို့ ကျေးရွာ၏မြောက်ဘက် သုံးမိုင်ခန့်အကွာ အမြင့်မီတာ ၅၀၀ ခန့်မှနေ၍ Drop Bomb ဖြင့် နှစ်ကြိမ် ပစ်ချတိုက်ခိုက်ခဲ့ရာ ကျေးရွာအတွင်း Drop Bomb များကျရောက်ပေါက်ကွဲခဲ့ပြီး အဆိုပါကျေးရွာနေ အသက် ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့ပြည်သူလေးဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အသက်ခြောက်နှစ်အရွယ်ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူလေးဦးတို့ကို ကျောက်တံခါးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း၊ ထိုသို့ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများ၏ ရက်စက်ယုတ်မာသောလုပ်ရပ်များအား ဒေသခံပြည်သူများအနေဖြင့် လက်မခံနိုင်ဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ပုသိမ်ရွှေမုဋ္ဌောဘုရား ရွှေသင်္ကန်းကပ်လှူရန်ကောက်ခံထားသည့် ငွေကျပ် သိန်း ၆၀၀၀ ကို တိုင်းစစ်ဌာနချုပ်မှရန်ပုံငွေအဖြစ် သိမ်းယူခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောဘုရားအတွက် ရွှေသင်္ကန်းကပ်လှူရန် အလှူခံရရှိထားသည့် ငွေကျပ်သိန်း ၆၀၀၀ကို တိုင်းစစ်ဌာနချုပ်မှ ရန်ပုံငွေအဖြစ် သိမ်းယူခဲ့ကြောင်းနှင့် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စုရှိ မော်တင်စွန်း စေတီတော်မြတ် ရင်ပြင်တော်တိုးချဲ့ရန် ကောက်ခံရရှိထားသည့် အမေရိကန် ဒေါ်လာများကို တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့်လဲလှယ်ခဲ့ကြောင်း တရားမဝင် အကြမ်းဖက်အားပေး Ayarwaddy Timeက လူမှုကွန်ရက်စာမျက်နှာများတွင် ကောလာဟလသတင်းတု၊သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ အကြောင်းအရာနှင့်ပတ်သက်၍ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးတို့၏ ပြောကြားချက်အရ စေတီတော်ကြီးများအတွက် လှူဒါန်းထားသည့် အလှူတော်ငွေများကို မည်သည့်ဌာနဆိုင်ရာအဖွဲ့အစည်းများမှ သိမ်းဆည်းယူဆောင်ထားခြင်းမရှိဘဲ သက်ဆိုင်ရာ ဂေါပကအဖွဲ့များထံတွင်သာ စနစ်တကျ ထိန်းသိမ်းထားရှိကြောင်းနှင့် အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများသည် ဘာသာရေးဆိုင်ရာ စေတီပုထိုးများနှင့်ပတ်သက်၍ မဟုတ်မမှန်ဝါဒ ဖြန့်ချိမှုများကို လုပ်ကြံရေးသားခြင်းသာဖြစ်ပြီး ကောလာဟလသတင်း အမှားသာဖြစ်ကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းမှားများ၊လုပ်ကြံသတင်းများကို နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူများမှ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ သွေးထိုးလှုံ့ဆော်ကာ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "SurajBjr" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် မြို့ဦးရပ်ကွက်နေ အောင်အောင်ထွန်း(ခ)ဆူဒါန်းအား မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ "HtetAungPaing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကယားပြည်နယ် လွိုင်ကော်မြို့နယ် လောဓမ္မရပ်ကွက်နေ ထက်အောင်ပိုင်အား ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "ဉူးရေပြား"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပိန်းနဲကုန်းကျေးရွာနေ သိန်းသန်းအောင်အား ည ၇ နာရီ ၁၀မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေးအသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# တပ်မတော်မှ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုပြတိုက်ကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့၍ ကျောက်စာခန်းကိုကျရောက်ခဲ့ပြီး ကျောက်စာများ ပျက်စီးသွားခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၂၅**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ပေါ်ရှိ မြောက်ဦးရှေးဟောင်း ယဉ်ကျေးမှုပြတိုက်ကို တပ်မတော်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျောက်စာခန်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ကျောက်စာချပ်များပျက်စီးခဲ့ကြောင်း တရားမဝင် အကြမ်းဖက်အားပေး Narinjara က လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ အကြောင်းအရာနှင့်ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေလုံခြုံရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးပြောကြားချက်အရ ၂၄ ရက် ညပိုင်းတွင် AA လက်နက်ကိုင်သောင်းကျန်းသူများက မြောက်ဦးမြို့ရှိ ရဲစခန်း နှစ်ခုကို ဗျောက်ကိုက်ဒုံး၊လက်နက်ကြီးများဖြင့် အဝေးမှရမ်းသန်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒေသခံပြည်သူများနေထိုင်ရာ မြို့အတွင်းရှိ လူနေအဆောက်အအုံနှင့် မြောက်ဦးရှေးဟောင်း ယဉ်ကျေးမှုပြတိုက်တို့တွင် ကျရောက်ပေါက်ကွဲခဲ့ပြီး လူနေအဆောက်အအုံအချို့နှင့် ကျောက်စာချပ်များပျက်စီးခဲ့ကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများမှAA အကြမ်းဖက်သောင်းကျန်းသူများ၏ ရှော့တိုက်ဒုံး၊ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်မှုများကို ဖုံးကွယ်လိုသော ရည်ရွယ်ချက်ဖြင့် တပ်မတော်က ပစ်ခတ်သည်ဟု မဟုတ်မမှန်ရေးသား၍ သွေးထိုးလှုံ့ဆော်ကာ ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

# ဂျာမနီနိုင်ငံတွင် နှစ်သစ်ကူးပွဲတော်ကာလတစ်လျှောက် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေ



**ဘာလင် ဒီဇင်ဘာ ၂၅**

ဂျာမနီနိုင်ငံ ဆက်ဆိုနီပြည်နယ် တစ်လျှောက် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့်အတွက် နှစ်သစ်ကူးပွဲတော်ကာလတစ်လျှောက် ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း ဂျာမနီ မိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆက်ဆိုနီပြည်နယ်အရှေ့ဘက်ပိုင်းနှင့် တောင်ဘက်ပိုင်းတွင် ရေကြီးရေလျှံမှုအဆိုးရွားဆုံးအခြေအနေဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ဧရိယာများတွင် ဘာဗာရီယာပြည်နယ်လည်း ပါဝင်နေပြီး ဘာဗာရီယာပြည်နယ်အရှေ့တောင်ဘက်ပိုင်းတွင် ရေကြီးရေလျှံမှုမှာ အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိနေကြောင်း၊ ဆက်ဆိုနီပြည်နယ်တွင် ရေဘေးအန္တရာယ်ပမာဏ အဆင့်(၃)အဖြစ်သတ်မှတ်ထားကြောင်း၊ အန္တရာယ်အရှိဆုံးပမာဏမှာ အဆင့်(၄)ဖြစ်ပြီး အန္တရာယ်အရှိဆုံး ပမာဏသို့ ရောက်ရှိနိုင်ဖွယ်လည်းရှိကြောင်း သိရသည်။

"မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နှစ်သစ်ကူးပွဲတော်ကာလတစ်လျှောက် ရေဘေးအန္တရာယ်တွေ ဖြစ်ပေါ်ဖွယ်ရှိနေပါတယ်။ မိုးရွာသွန်းမှုက တစ်စတုရန်းမီတာမှာ ရေလီတာ ၁၀၀ ကနေ ၁၅၀ ထိရှိနေတဲ့အတွက်ကြောင့်လဲ ရေဘေးအန္တရာယ်ပမာဏကို အဆင့်(၃) အဖြစ် သတ်မှတ်ထားပါတယ်။ မူဒီမြစ်၊ အယ်လာမြစ်နဲ့ ဟာဗယ်လ်မြစ်တို့မှာလဲ မြစ်ရေပမာဏမြင့်တက်နေပြီး မြစ်ရေလျှံတက်မှုဖြစ်ပေါ်လာနိုင်တဲ့အခြေအနေမှာ ရှိပါတယ်။ မြစ်ရေ လျှံတက်မယ်ဆိုရင်တော့ ရေဘေးအန္တရာယ်က အန္တရာယ်အရှိဆုံးပမာဏ အဆင့်(၄)ထိ ရောက်ရှိနိုင်ပါတယ်"ဟု ဂျာမနီ မိုးလေဝသဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မူဒီမြစ်၊ အယ်လာမြစ်နှင့် ဟာဗယ်လ်မြစ်တို့တွင် မြစ်ရေပမာဏမြင့်တက်နေပြီး မြစ်ရေလျှံတက်မှုဖြစ်ပွားလာပါက မြစ်ကြောင်းတစ်လျှောက်တွင် တည်ရှိသောဒေသများတွင် အန္တရာယ်ရှိသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်လည်းရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# ပေကျင်းမြို့တွင် နှစ်ပေါင်း ၇၀ ကျော်အတွင်း အအေးဓာတ်အမြင့်မားဆုံးအခြေအနေသို့ ရောက်ရှိ

**ပေကျင်း ဒီဇင်ဘာ ၂၅**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ဒီဇင်ဘာလ ဒုတိယပတ်မှစတင်၍ အအေးဓာတ်မြင့်မားခဲ့ပြီး ၁၉၅၁ ခုနှစ်နောက်ပိုင်း နှစ်ပေါင်း ၇၀ ကျော်အတွင်း အအေးဓာတ်အမြင့်မားဆုံးသောအခြေအနေသို့ ရောက်ရှိနေကြောင်း တရုတ်မိုးလေဝသဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ မြောက်ဘက်ပိုင်းနှင့် အရှေ့မြောက်ဘက်ပိုင်းဒေသများတွင် ပြီးခဲ့သည့် ရက်သတ္တပတ်ကစတင်၍ အပူချိန်မှာ အနုတ် ၄၀ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းသွားခဲ့ပြီး အာတိတ်သမုဒ္ဒရာပိုင်းဇုန်မှ တိုက်ခတ်လာသော လေအေးကြောင့် အအေးဓာတ်ပိုမိုမြင့်မားလာခဲ့ခြင်းဖြစ်ကြောင်း တရုတ်မိုးလေဝသဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။

"ပေကျင်းမြို့မှာ ဒီဇင်ဘာ ၁၁ ရက်ကစပြီးတော့ အအေးဓာတ်မြင့်မားခဲ့တယ်။ အအေးလှိုင်းတွေလဲ ဖြတ်သန်းနေဆဲ ဖြစ်တဲ့အတွက် အအေးဓာတ်တွေ ဆက်လက်မြင့်



တက်ဖွယ်ရှိပါတယ်"ဟု တရုတ်မိုးလေဝသဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပေကျင်းမြို့တွင် အအေးဓာတ်မြင့်မားနေခြင်းမှာ ဒီဇင်ဘာ ၁၁ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး အအေးဓာတ်မြင့်မားသည့်ကာလမှာလည်း စံချိန်တင် ကြာမြင့်ခဲ့ကြောင်း၊ ပေကျင်းမြို့တွင် အပူချိန်အနုတ် ၁၀ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းနေသည်မှာ ကြာမြင့်နေပြီဖြစ်ပြီး အအေးလှိုင်းဖြတ်သန်းမှုမှာလည်း လာမည့်ရက်ပိုင်းထိ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိနေကြောင်း ထုတ်ပြန်ခဲ့သည်။

ဟီနန်ပြည်နယ်ရှိ မြို့အများစုတွင်လည်း အအေးလှိုင်းဖြတ်သန်းမှုကြောင့် အအေးဓာတ်မြင့်မားနေကြောင်း၊ အအေးဓာတ်မြင့်မားမှုဖြင့် ရင်ဆိုင်နေရသည့်မြို့များတွင်လည်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက အပူပေးစနစ်များ အဆက်မပြတ်မောင်းနှင်ပေးလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# အနောက်ဩစတြေးလျပြည်နယ်တွင် လောင်ကျွမ်းနေသည့်တောမီး စတင်ထိန်းချုပ်နိုင်ပြီဖြစ်

**ကင်ဘာရာ ဒီဇင်ဘာ ၂၅**

ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ် ပက်သ်မြို့အနီး၌ လောင်ကျွမ်းနေသည့်တောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း အနောက်ဩစတြေးလျ မီးသတ်နှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးကြောင့် နေအိမ်လေးလုံး ပျက်စီးခဲ့ပြီး ဒေသခံတချို့ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း၊ တောမီးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီပါ ရယူခဲ့ပြီးနောက် တောမီးကို ဒီဇင်ဘာ ၂၄ ရက် ညပိုင်းတွင် စတင်ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်သော်လည်း နမ်ဘီလပ်ဧရိယာနှင့် မြောက်ဒန်ဒါလပ်ဧရိယာ၌ တောမီးလောင်ကျွမ်းမှု အနည်းငယ် ကျန်ရှိနေသေးသည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်များက တောမီးကို ထိန်းချုပ်နိုင်ရန်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

"ပက်သ်မြို့အနီးမှာလောင်ကျွမ်းနေတဲ့တောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုနဲ့ အဓိကရင်ဆိုင်ခဲ့ရတဲ့ ကီးဘရော့ခ်မှာ တောမီးအန္တရာယ်တည်ငြိမ်သွားပြီဖြစ်ပေမဲ့နမ်ဘီလပ်ဧရိယာနဲ့ မြောက်ဒန်ဒါလပ်ဧရိယာမှာတော့ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေဆဲပါ။ အန္တရာယ်ရှိတဲ့အဆင့်တော့ မရောက်သေးပါဘူး။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေ ကြိုးစားပေးနေပါတယ်။ တောမီးကိုငြှိမ်းသတ်ရာမှာ လေကြောင်းအကူအညီကိုရယူခဲ့တဲ့အတွက် အချိန်တိုအတွင်း ထိန်းချုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေတော့ နေရပ်ကို ပြန်နိုင်ကြပါပြီ"ဟု အနောက်ဩစတြေးလျ မီးသတ်နှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ရက်ဆဲလ်ဝယ်လ်က ပြောကြားခဲ့သည်။

တောမီးအန္တရာယ် သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ပြီဖြစ်သော်လည်း အနောက်ဩစတြေးလျပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေသည့်အတွက် လာမည့်ရက်ပိုင်းအတွင်း တောမီးအန္တရာယ်ကို သတိပေးစောင့်ကြည့်သွားရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

## လျှောင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သောအကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသောသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ


၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



# ဝင့်ကြွေးရှိကကျေပါစေ

တိုမျိုး



(၁)

အောင်သူနှင့် ဖြူဖြူလွင်တို့သည် မန္တလေးမြို့ပေါ်တွင် အခြေခံစားသောက်ကုန်ပစ္စည်းများကို လက်လီလက်ကားရောင်းဝယ်ဖောက်ကားကြသော လူလတ်တန်းစား လင်မယားဖြစ်သည်။ ရခါစလင်မယားမဟုတ်ကြသော်လည်း ရခါစလင်မယားလိုပင် အလွန်တရာမှ ချစ်ခင်ကြင်နာကြသည်။ သူတို့လင်မယားသက်တမ်းသည် တစ်နှစ်ကျော်ရှိနေပြီဖြစ်သည်။ တစ်နှစ်ကျော်သည်ထိ ကလေးမရသေးပေ။

အောင်သူသည် အမြဲလိုလိုဖြစ်သလိုဝတ်စားတတ်ပြီးအလုပ်ကြိုးစားလုပ်နေသူဖြစ်ကာ သူ၏ဇနီးကို ရွှေများအိနေအောင် ဆင်မြန်းပေးထားသည်။ မန္တလေးဆိုသည့်အလျောက် သွားရေးလာရေးအတွက် ဆိုင်ကယ်ကိုသာ အဓိကအားထားအသုံးပြုကြသည်။

ယနေ့ အောင်သူက ဆိုင်ကယ်တစ်စီးဖြင့် အပြင်ထွက်ပြီး ဆိုင်အတွက်လိုအပ်သည့်ပစ္စည်းများကို သွားဝယ်နေသည်။ ဖြူဖြူလွင်ကတော့ အိမ်တွင်ကျန်ရစ်ခဲ့လေသည်။ သူတို့၏ဆိုင်ကလေးသည် အိမ်နှင့်တွဲလျက်ဖြစ်သည်။ ဆိုင်တွင် အလုပ်သမလေး နှစ်ဦးရှိသည်။ သူတို့သည် အားကိုးရသောကြောင့် ဆိုင်ကိုလွှတ်ထား၍ရသည်။ ထို့ကြောင့် ဖြူဖြူလွင်က အိမ်ပေါ်တက်ကာ သူ့အမျိုးသား၏ အဝတ်အစားများကို လျှော်ဖွပ်ရန်ပြုလုပ်သည်။ အဝတ်အစားများ ယူလာပြီးသော် အိမ်အောက်ထပ်က အဝတ်လျှော်စက်သို့သွားကာ အဝတ်များကို အဝတ်လျှော်စက်ထဲထည့်နေစဉ် ဖြူဖြူလွင် မူးလဲကျသွားတော့သည်။ ထိုမြင်ကွင်းကို ဆိုင်အတွင်းက အလုပ်သမလေး တစ်ဦးက လှမ်းမြင်လိုက်သောကြောင့် အပြေးအလွှားအိမ်ထဲသို့ပြေးဝင်သွားတော့သည်။ ဆိုင်ရှေ့တွင် ကျန်နေခဲ့သော အလုပ်သမလေးတစ်ဦးကလည်း အောင်သူထံသို့ ဖုန်းဆက်အကြောင်းကြားလိုက်သည်။

(၂)

"ဘာမှစိတ်ပူစရာမရှိပါဘူး။ မကြာခင် မင်းတို့အတွက်ဆည်းလည်းသံလား၊ တေးသံလား၊ ဘာသံလေးလဲ။ နောက်ထပ်ဘဝလေးတစ်ခု ရောက်လာတော့မယ်"

"ဗျာ. . . တကယ်"

ဆရာဝန်ကို အိမ်ပင့်ပြသည့်အခါ ဆရာဝန်က ထိုသို့ပြောသည်။ အောင်သူလည်း အင်မတန်အံ့ဩသွားသည်။

"တကယ်ပေါ့ကွာ။ လေးလတောင်ရှိနေပြီ။ သူ့အတွက် အားဆေးနဲ့ သောက်ဆေးတချို့ရေးပေးခဲ့မယ်။ ပြီးတော့ မွေးဖို့ဖွားဖို့အတွက် အိုဂျီအပ်ဖို့ကိုလဲ ဆေးစာရေးပေးခဲ့မယ်"

"ဟုတ်ကဲ့ပါဆရာ၊ ဟုတ်ကဲ့ပါ။ ကျွန်တော်က ကလေးမရနိုင်တော့ဘူးထင်နေတာ ဆရာရေ။ ပျော်သွားပြီဗျာ။ အိမ်ထောင်သက်တမ်း တစ်နှစ်ကျော်မှ ဒီသတင်းကို ကြားရတာ။ ပျော်လိုက်တာ ဆရာရေ"

"ပျော်တာလဲပျော်ပေါ့ အပျော်တွေလွန်ပြီးဂရုစိုက်ဖို့လဲ မေ့နေအုံးမယ်"

"အဲဒါတော့ စိတ်ချပါ ဆရာရေ"

"အဲဒါဆို ဆရာ့ကိုသွားခွင့်ပြုအုံးနော်။ ပြီးတော့ ဒီစားပွဲပေါ်မှာ လိုအပ်တဲ့သောက်ဆေးတွေနဲ့ ဆေးစာရေးထားပေးခဲ့တယ်"

ခုတင်ဘေးက စားပွဲခုံသေးသေးလေးပေါ်တွင် ဆရာဝန်ရေးသားထားသော စာရွက်အခေါက်ကလေးကို တွေ့ရသည်။ စကားပြောကြပြီးနောက် အောင်သူက ဆရာဝန်ကို ပြန်လိုက်ပို့သည်။ ဖြူဖြူလွင်မှာလည်း ခုတင်ပေါ် လှဲလျက် အပြုံးပန်းများဝေဆာနေသည်။ အောင်သူနှင့်ဖြူဖြူလွင်တို့ ကလေးရူး ရူးနေကြသည်မှာ တစ်ရပ်ကွက်လုံးက သိကြသည်။ ယခင်က အခြားသူများ၏ကလေးများကိုသာ ချစ်ရသည်။ ယခုတော့ ကိုယ့်ရင်သွေး ကိုယ့်သားသမီးကို မျက်ဝါးထင်ထင်ချစ်ခင်ကြင်နာရတော့မည်။ ဖြူဖြူလွင်မှာ မိမိရင်၌ ဖြစ်တည်လာသော မမြင်ရသေးသည့်ရင်သွေးလေးကို ချစ်ခွင့်ရတော့မည့် မျှော်လင့်ချက်ဖြင့် ပြုံးရွှင်ကြည်နူးနေတော့သည်။

"အန်တီဖြူ ပြုံးတာလေးက လှတယ်နော်"

ဆိုင်က အလုပ်သမလေးတစ်ဦးက ဖြူဖြူလွင့်ကို စကားပြောလိုက်သည်။

"ငါပြုံးတာ လှတာကအရေးမကြီးဘူး။ နင်တို့နှစ်ယောက်စလုံး ငါ့ဆိုင်ကို ပစ်ထားတာက အရေးကြီးတယ်"

"ဦးလေးက အန်တီဖြူမေ့လဲကတည်းက ဆိုင်ကိုပိတ်လိုက်တာ။ အန်တီဖြူ့အနားမှာ ပြုစုကြတဲ့"

"ကဲ. . . ငါအခု နေပြန်ကောင်းပြီ။ ဘာမှမဖြစ်ဘူး။ သွား ဆိုင်ပြန်သွားဖွင့်ချေ"

ဖြူဖြူလွင်က ငေါက်လိုက်သောကြောင့် အလုပ်သမလေးနှစ်ဦးမှာ အခန်းအပြင်ဘက်သို့ထွက်လာကာ အိမ်အောက်ထပ်သို့ဆင်းပြီး ဆိုင်ကိုပြန်ဖွင့်ရတော့သည်။

(၃)

ဖြူဖြူလွင် ကိုယ်ဝန်ခုနစ်လသို့ ရောက်ရှိလာခဲ့သည်။ ဗိုက်ကလေးမှာ မသိမသာလုံးလုံးကလေး။ အောင်သူကတော့ ဗိုက်ကလေးကိုပွတ်ကာ ဗိုက်ထဲက ကလေးနှင့်စကားပြောသည်။

ဖြူဖြူလွင် ဆေးခန်းပြရမည့်ရက်ကို ရောက်နေပြီဖြစ်သည်။ အောင်သူက ဆိုင်ကယ်တစ်စီးနှင့်အပြင်ထွက်နေသည်။ ထို့ကြောင့် ဖြူဖြူလွင်က အောင်သူထံသို့ ဖုန်းဆက်လိုက်သည်။

"ကိုရေ ဆေးခန်းသွားဖို့ အချိန်နီးနေပြီ။ ဘယ်ရောက်နေတာလဲ"

"လာနေပါပြီ ဖြူရဲ့။ နောက်ငါးမိနစ်ဆိုရင် ရောက်ပြီနော်"

"အိုကေ အိုကေ ငါးမိနစ်အတွင်းရောက်အောင်လာခဲ့နော် ကို။ ဒါပဲနော်"

ဖုန်းစကားပြောပြီးနောက် ဖုန်းချလိုက်ပြီး ဆေးခန်းပြရန် ဆေးစာအုပ်နှင့် လိုအပ်သည်များကို ပြင်ဆင်လိုက်သည်။

❖ ဖြူဖြူလွင်တို့ဆိုင်ကယ်ဘေးကပ်လာသော ဆိုင်ကယ်ပေါ်မှ အမျိုးသားတစ်ဦးက ထိုကဲ့သို့ဆွဲကြိုးဖြတ်လိုက်သောကြောင့် ဖြူဖြူလွင်က အနည်းငယ်ကိုယ်ကိုယိမ်းလိုက်သည်။ အောင်သူ၏ ဆိုင်ကယ်သည်လည်း ယိမ်းယိုင်သွားသည်။ ဖြူဖြူလွင်၏ ဆွဲကြိုးဖြတ်သွားသည်ကို သိလိုက်သောကြောင့် အောင်သူသည် ယိမ်းထိုးနေသည့်ကြားက လိုက်ရန်ပြင်သည့်အခါ ဆွဲကြိုးလုမ်းဖြတ်ခံလိုက်ရသောအရှိန်၊ ဆိုင်ကယ်ယိမ်းထိုးနေသောအရှိန်ကြောင့် ဖြူဖြူလွင်မှာ ဆိုင်ကယ်ပေါ်ကပြုတ်ကျသွားသည်။ ထို့ကြောင့် ဖြူဖြူလွင့်ကို ဆေးရုံတင်လိုက်ရသည်။ ❖

"ဖြူရေ ရယ်ဒီပဲနော်"

"ဩော်. . . ကိုရောက်လာပြီလား"

ဖြူဖြူလွင်တစ်ယောက် နောက်ဖေးဘက်ကနေ အိမ်ထဲအဝင်တွင် အောင်သူ၏ စကားသံကိုကြားလိုက်ရသောကြောင့် ဆေးခန်းသွားရန်ပြင်ဆင်ထားသော လက်ဆွဲအိတ်ကလေးကိုကိုင်ကာ ထွက်လာခဲ့သည်။

"ဖြူ ဆိုင်ကယ်ပေါ် ဖြည်းဖြည်းတက်နော်။ ဖြူ အဆင်သင့်ဖြစ်ပြီဆိုမှ ကို ဆိုင်ကယ်စက်နှိုးမယ်နော်။ ဖြူ ရပြီလား"

"ဟုတ် ကို ရပြီ"

"ဒါဆို မောင်းပြီနော်"

(၄)

အိမ်နှင့် ဆေးခန်းသည် အနည်းငယ်ဝေးလှသည်။ ဆိုင်ကယ်ဖြင့် ဆေးခန်းသို့သွားကြသည်။ ဆေးခန်းမရောက်မီ ဈေးတစ်ခုကိုဖြတ်ရသေးသည်။ ထိုဈေးနားအရောက်တွင် သူတို့ဆိုင်ကယ်ဘေးသို့ အခြားဆိုင်ကယ်တစ်စီးဝင်ကပ်လာသည်။ ဆိုင်ကယ်တစ်စီးကပ်လာသည့်အတွက် အောင်သူက လမ်းဘေးကို ကပ်သည်ထက်ကပ်ပြီးမောင်းသည်။ ခဏအကြာ ကပ်လာသောဆိုင်ကယ်နောက်ထိုင်ခုံမှ အမျိုးသားတစ်ဦးက ဖြူဖြူလွင်၏ လည်ပင်းပေါ်မှ ဆွဲသီးပါသောဆွဲကြိုးကို သူ့လက်ကြမ်းကြီးဖြင့် အားကုန်ဆွဲကိုင်ကာဖြတ်ယူလိုက်သည်။

ဖြူဖြူလွင်တို့ဆိုင်ကယ်ဘေးကပ်လာသော ဆိုင်ကယ်ပေါ်မှ အမျိုးသားတစ်ဦးက ထိုကဲ့သို့ဆွဲကြိုးဖြတ်လိုက်သောကြောင့် ဖြူဖြူလွင်က အနည်းငယ်ကိုယ်ကိုယိမ်းလိုက်သည်။ အောင်သူ၏ ဆိုင်ကယ်သည်လည်း ယိမ်းယိုင်သွားသည်။ ဖြူဖြူလွင်၏ ဆွဲကြိုးဖြတ်သွားသည်ကို သိလိုက်သောကြောင့် အောင်သူသည် ယိမ်းထိုးနေသည့်ကြားက လိုက်ရန်ပြင်သည့်အခါ ဆွဲကြိုးလုမ်းဖြတ်ခံလိုက်ရသောအရှိန်၊ ဆိုင်ကယ်ယိမ်းထိုးနေသောအရှိန်ကြောင့် ဖြူဖြူလွင်မှာ ဆိုင်ကယ်ပေါ်က ပြုတ်ကျသွားသည်။ ထို့ကြောင့် ဖြူဖြူလွင့်ကို ဆေးရုံတင်လိုက်ရသည်။

(၇)

ဆေးရုံတွင် ဖြူဖြူလွင်၏မိသားစုနှင့် အောင်သူ၏မိသားစုများ စုံစုံလင်လင် ရောက်ရှိနေကြသည်။ ဆရာဝန်ထွက်လာမည်ကို စောင့်နေကြသည်။ ခဏအကြာ ဆရာဝန်ထွက်လာသည်။

"ဖြူဖြူလွင်ရဲ့ အမျိုးသားက "

ဆရာဝန်က ဖြူဖြူလွင်၏ အမျိုးသားကို ခေါ်လိုက်သည်။

"ကျွန်တော်ပါ ဆရာ"

အောင်သူက ဆရာ့အနားကပ်ကာ တိုးတိုးညင်သာစွာဖြေသည်။

"စိတ်မကောင်းပါဘူးဗျာ။ ကလေးကိုတော့ မကယ်လိုက်နိုင်ဘူးဗျာ"

ရုတ်တရက် မိုးကြိုးပစ်ချခံလိုက်ရသလို အောင်သူခံစားလိုက်ရသည်။ ကလေးရူး ရူးနေသည်က သူတို့လင်မယား။ သို့သော် လူ့ဘဝထဲကိုဝင်လာတော့မည့် ကလေးလေးက ဥမမည် စာမမြောက်ဘဲ လူ့ဘဝထဲက ပြန်လည်ထွက်ခွာသွားရသည်။ လူ့လောကထဲသို့ ရောက်မလာသေးသည့် မိမိတို့၏ ရင်သွေးလေး သေဆုံးခဲ့ရခြင်းမှာ အတိတ်ဘဝက အောင်သူနှင့် ဖြူဖြူလွင်တို့တွင် ဝင့်ကြွေးများရှိခဲ့လေသလား။ ထိုဝင့်ကြွေးများ ရှိခဲ့ရင်လဲ သည်ဘဝတွင်ကျေပါစေဟု အောင်သူဆုတောင်းနေမိပါတော့သည်။

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရေဘဝဲပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**လပွတ္တာ ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရေဘဝဲပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာဝင်းက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ရေဘဝဲပိဿာချိန် ၃၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ရေဘဝဲပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလထက် နိုဝင်ဘာလတွင် ရေဘဝဲပိဿာချိန် ၂၀၀၀၀ ထိ ပိုမိုတင်ပို့ ရောင်းချခဲ့ရကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေဘဝဲအပါအဝင် ရေထွက်ကုန်တွေ တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ရေဘဝဲပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလဲ ရန်ကုန်ဘက်က ရေထွက်ကုန်တွေကို အဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့ လတ်ဆတ်မှုနဲ့ အရွယ်အစားအပေါ် မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ ရေဘဝဲတွေကို လတ်တလော ပင်လယ်စာအရောင်းဆိုင်တွေက အဝယ်လိုက်နေတာကြောင့် အခုလို တင်ပို့အားလဲ တက်လာတာပါ"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲအသေး လက်ရှည်တစ်ကီလိုလျှင် ငွေကျပ် ၁၉၅၀၀၊ ရေဘဝဲအသေးလက်တို တစ်ကီလိုလျှင် ငွေကျပ် ၁၇၅၀၀ ဈေးပေါက်နေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဇေယျာသီရိမြို့နယ် သာယာကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သာယာကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၄ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ သာယာကုန်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သာယာကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည်ပေ ၂၅၀၀၊ အကျယ် ၁၂ ပေ၊ ကျောက်ရောမြေအမြင့် တစ်ပေ၊ ရိုစာအမြင့် ကိုးလက်မ ခင်းခြင်းလုပ်ငန်းနှင့် ၎င်းကုန်ထုတ်လမ်းပေါ်တွင် Slab Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းတို့ကို နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေကျပ် ၃၀ ဒသမ ၅၆၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် Asiatic Dragon ကုမ္ပဏီက နိုဝင်ဘာလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၃ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးပါက သာယာကုန်းကျေးရွာရှိ အိမ်ခြေ ၃၀၈ အိမ်၊ လူ ၁၆၂၄ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၅၀ ကျော်မှ ထွက်ရှိသောထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သူသူ**



# နမ့်စန်မြို့နယ် ဝမ်ကျီအစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ ဝမ်ကျီအစ်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝမ်ကျီအစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၃၆ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

## နိုင်ငံ့ခွန်အား လူငယ်များ

\- လူငယ်သည် နိုင်ငံ့အားမို့
ကြိုးစားကြ လုပ်ငန်းခွင်၊
ကိုယ့်တာဝန် ကျေပွန်ထမ်း
လျှောက်လှမ်းအစဉ်၊
ပျင်းရိခြင်း ရှောင်ဖယ်ကြဉ်
ဘဝတွင် တိုးတက်ရေး၊
ပညာတွေကို သင်ယူလျက်
ရှေ့ဆက်မယ်လေး။

\- အချောင်ခို စိတ်မမွေးဘဲ
ရိုးသားမနေး အစဉ်သာ၊
ဖြူစင်ဖွယ် နှလုံးအလှနဲ့
အသုံးကျလူ့ရွာ၊
ရည်မှန်းချက် ထားရှိကာ
ကိုယ်လိုရာ ပန်းတိုင်လှမ်း၊
အခက်ခဲတွေ ရင်ဆိုင်သွားလို့
ကျော်လွှားဖြတ်သန်း။

\- လူငယ်တွေ စိတ်အစွမ်း
ထိပ်တန်း၌ တည်စေကွယ်၊
ဖြစ်ချင်ရာ ဖြစ်အောင်လုပ်
အားထုတ်ကြမယ်၊
နိုင်ငံ့အကျိုး ထမ်းပိုးသယ်
ကိုယ်ကျိုးရယ် မတွက်ဘဲ၊
ကိုယ့်ပြည်ရွာ ဘေးမသန်းလို့
အေးချမ်းစေအမြဲ။ ။

**ရဲသွေးနီ(တက်ဝန်)**

# ဝိုင်းမော်မြို့နယ် နန့်ဝါကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ဝိုင်းမော် ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နန့်ဝါကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဝင်း၊ ဝိုင်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ နန့်ဝါကျေးရွာ၌ အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကုန်ထုတ်လမ်းသဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဝင်းက လုပ်ငန်းများရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ဝိုင်းမော်မြို့နယ် နန့်ဝါကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၀ ဒသမ ၆ သန်းဖြင့် ဆွတ်မုန်းဒန်ကုမ္ပဏီက ဩဂုတ်လနောက်ဆုံးပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားသဖြင့် နန့်ဝါကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# အမျိုးသားစာပေတစ်သက်တာဆု (၂၀၁၃)ရှင် စည်သူ ဦးတင်လှိုင်

ဇော်လေး

၂၀၁၃ ခုနှစ်၊ အမျိုးသားစာပေတစ်သက်တာဆုရ



ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး
(သို့မဟုတ်)
စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်)

၁၉၇၀ ပြည့်နှစ်တွင် မွေးဖွားခဲ့သော ဆရာကြီး ပါမောက္ခ ဒေါက်တာခင်အေးသည် ယခုအခါ အသက် ၈၀ ကျော် ၈၄ နှစ်ထဲသို့ ရောက်နေပေပြီ။ စာရေးသူ လေးစားကြည်ညိုသော ရှေ့ဆောင်လမ်းပြဆရာတစ်ဆူ လည်းဖြစ်ပါသည်။ ဆရာ၏ ရင်းနှီးကျွမ်းဝင်သော တပည့်တစ်ဦးမဖြစ်ဖူးခဲ့ရပါသော်လည်း ဆရာကြီး၏ စကားပြေဆိုင်ရာ၊ စာပေသမိုင်းဆိုင်ရာ၊ ဘာသာဗေဒဆိုင်ရာ၊ မြန်မာစာသင်ကြားမှုဆိုင်ရာ၊ ဘဝအတွေ့အကြုံဆိုင်ရာ ရေးသားခဲ့သမျှ စာတိုပေစမှစ၍ ကျမ်းကြီးကျမ်းခိုင်များ၊ စာတမ်းများအပါအဝင် မလွတ်တမ်းစုဆောင်းလေ့လာဖတ်ရှုခဲ့ပါသည်။

ဘဝအတွေ့အကြုံမှတ်တမ်းများ သဘောသက်ရောက်သော အောက်ပါစာအုပ်များကိုလည်း နှစ်သက်သဖြင့် အကြိမ်ကြိမ်အခါခါ ဖတ်မိခဲ့ပါသည်။

နှစ်လေးဆယ်ဘဝမှတ်တိုင်များ(၂၀၀၂)၊ အိုဆာကာညွှန့်သည်(၂၀၀၉)၊ ပညာနှလုံးသား (၂၀၁၄)၊ တက္ကသိုလ်မြေခြေချခဲ့သောနွေကျောင်းသား (၂၀၁၅)၊ အမိတက္ကသိုလ်ရင်ခွင်မှာ(၂၀၁၇)၊ ကလောင်တစ်ချောင်း၏ အတ္ထုပ္ပတ္တိ (၂၀၂၀)၊ တစ်ဘဝတစ်ခဏ (၂၀၂၂)။

၂၁ ရာစုထဲမှာ ရေးသားထားသောစာအုပ်များကို ဖတ်ရသည်မှာ အချိန်ကာလနီးကပ်လတ်ဆတ်၍လောမသိ၊ ဖတ်ရှုရသည်မှာ ပိုပြီးရင်းရင်းနှီးနှီးနွေးနွေးထွေးထွေးပွေ့ပိုက်ခြင်းခံရသကဲ့သို့ ပို၍ အသက်ဝင်ပါ၏။

စကားပြေသဘောတရား၊ စကားပြေအတတ်ပညာနှင့်ပတ်သက်၍ မျက်မှောက်ကာလတွင် ဆရာတစ်ဆူဖြစ်သော ပါမောက္ခ ဒေါက်တာခင်အေး ၂၀၂၂ ခုနှစ်က ရေးသားခဲ့သည့် **"တစ်ဘဝ တစ်ခဏ"** စာအုပ်သည် သူ့ဘဝဖြတ်သန်းခဲ့ရသော အတွေ့အကြုံများကို မှတ်တမ်းတင်ထားသော အမှတ်တရ မှတ်မှတ်ရရများဖြစ်ကြပါသည်။ အခန်း (၇၁)တွင် **"အဟောအပြောကောင်းသူနှစ်ယောက်"**ဟူသော ခေါင်းစဉ်ဖြင့် စာရေးဆရာနှစ်ဦး၏ပုံရိပ်လွှာကို မီးမောင်းထိုးပြထားလေသည်။

**၁။ မောင်ဆုရှင် (ဦးမျိုးသန့်)**

**၂။ လယ်တွင်းသားစောချစ် (ဦးတင်လှိုင်)**

ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)သည် ဆရာမောင်ဆုရှင်၊ ဆရာလယ်တွင်းသားစောချစ်တို့ဖြင့် ခေတ်ပြိုင်လိုလို စာပေလောကအတွင်း ၂၀ ရာစု ဒုတိယနှစ် ၅၀ ကာလအတွင်း အတူတကွ ကျင်လည်လှုပ်ရှားခဲ့ကြသူချင်းဖြစ်ကြသည့်အပြင် စာပေလုပ်သား၊ စာရေးဆရာအသိုင်းအဝိုင်း၊ စာရေးဆရာအဖွဲ့အစည်းများတွင် အချိန်ကာလရှည်ကြာစွာ ရင်းနှီးချစ်ခင်ကြသူချင်းလည်း ဖြစ်ကြလေသည်။

အမှန်အတိုင်းပြောရလျှင် စာရေးဆရာတိုင်း အဟောအပြောမတော်ကြပေ။ စာရေးဆရာအနည်းငယ်မျှသာ စာပေပရိသတ်ကို ထိန်းနိုင်လောက်အောင် အဟောအပြောပညာတတ်မြောက်ကျွမ်းကျင်ကြလေသည်။ အခြေအနေအချိန်အခါအရ စာပေလောကမှ လေးစားအားကျရလောက်အောင် အပြောကောင်းကြသူများကား ရှိခဲ့ကြပါသည်။ ဆရာကြီး မောင်ခင်မင်က ဤစာအုပ်တွင် နမူနာနှစ်ဦးသာ ဖော်ပြပါသည်။

**မောင်ဆုရှင်၊ လယ်တွင်းသားစောချစ်၊** ဆန်းထွန်း (မန်းတက္ကသိုလ်)၊ လူထုဦးလှ၊ ဝိဓူရသခင်ချစ်မောင်၊ မင်းကျော်၊ ဗိုလ်ဗကို၊ မြတ်လေး၊ မောင်သော်က၊ ပျဉ်းမနားမောင်နီသင်း၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ အောင်သင်း . . . စသည့် (သက်ရှိထင်ရှားတော့ ဆရာကြီး လယ်တွင်းသား စောချစ်နှင့် ဆရာမောင်စိန်ဝင်း(ပုတီးကုန်း) နှစ်ဦးသာ ရှိနေကြပါတော့သည်)။ ဆရာကြီး လယ်တွင်းသားစောချစ်အကြောင်းကို ဤသို့ မှတ်တမ်းတင်ဖော်ပြထားပါသည်။

"နောက်ဆရာတစ်ယောက်ကတော့ မိတ်ဆွေကြီး လယ်တွင်းသားစောချစ်ပါ။ အကြောင်းအရာတစ်ခုတည်းကို လေအေးကလေးနဲ့ အရှိန်မပျက်ပြောပြီး ပရိသတ်ကို ဆွဲခေါ်သွားနိုင်တဲ့ ဆရာလယ်တွင်းသားရဲ့ ပြောပုံဆိုပုံကို အားကျမိပါတယ်။ အကြောင်းအရာအမျိုးမျိုး ထည့်ပြောတာမျိုးမဟုတ်ဘဲ အကြောင်းအရာတစ်မျိုးတည်းကို ပရိသတ်တစ်ချိန်လုံး စိတ်ဝင်စားအောင်ထိန်းထားနိုင်တဲ့ ပြောပုံဆိုပုံမျိုးပါ။ **ပန်းမြိုင်လယ်မှဥယျာဉ်မှူး** မှာ သူရေးခဲ့တဲ့ ဘဝအတွေ့အကြုံကို အစကအဆုံး တဖြည်းဖြည်း အရှိန်မြှင့်ပြီး ပြောပြသွားတာ။ လူပျိုလူရွယ်ဘဝမှာ စိတ်တိမ်းညွှတ်စရာ အတွေးအခေါ် အယူအဆတွေကို နှစ်သက်သာယာပြီး ဘဝလမ်းမှာ အတိမ်းအချော်ဖြစ်တော့မလိုဖြစ်နေတုန်း ဆရာကြီး ပီမိုးနင်းရဲ့ ကျမ်းတွေကိုဖတ်မိရာက လမ်းကြောင်းပြန်တည့်သွားပြီး အောင်မြင်မှုရပုံတွေကို ပြောပြရင်း လူငယ်တွေ စာဖတ်ချင်စိတ်နိုးကြားအောင် နှိုးဆွသွားတာတွေဟာ နားထောင်တဲ့ပရိသတ်အတွက် လေးစားအားကျစရာတွေပါပဲ။ အေးအေးကလေးနဲ့ ဆွဲဆောင်နိုင်တဲ့ ဆရာ့လေသံနဲ့လဲ အင်မတန်လိုက်ဖက်ပါတယ်"။

"ဆရာဟောပြောတာတွေထဲမှာ ဘိသိက်ဆရာနှစ်ယောက်အပြိုင် ဘိသိက်မြှောက်ကြတဲ့ ဘိသိက်ပြိုင်အကြောင်းကိုလည်း အများစိတ်ဝင်စားကြပါတယ်။ ဆားတောင်ရွာက ဆံတောင်သောင်းဆိုတဲ့ ဘိသိက်ဆရာကို ဆားတောင်သောင်းလို့ ခေါ်ကြတယ်။ အလှူဘိသိက်ပွဲမှာ အဝတ်နွမ်းနွမ်းနဲ့ ခပ်ကုပ်ကုပ်လုပ်နေတဲ့ ဆရာသောင်း အရက်ကြိုက်တတ်မှန်းသိလို့ တစ်ဖက်ဘိသိက်ဆရာ ရတနာပုံဆရာလှိုင်က အရက်သမားကြီးအဖြစ် ပရိသတ်မြင်လာအောင် မထိတထိပုတ်ခတ်ပြောတယ်။ ဆရာသောင်းအလှည့်ရောက်တော့ ဆရာလှိုင့်ကို ခွန်းတုံ့မပြန်တော့ဘဲ သူ့ဘဝအကြောင်းကလေး ပြောပြလိုက်၊ သံနေသံထားနဲ့ ဗုံထောက်သံကလေး ဆိုပြလိုက်၊ လွမ်းချင်းကလေးဆိုပြလိုက်၊ ပတ်ပျိုးထဲက အပိုဒ်တွေကိုကောက်နှုတ်ပြီး ဆိုပြလိုက်နဲ့ ဝေဝေဆာဆာ ပြောပြနေတာကို ဆိုင်းဝိုင်းကလည်း ဝေဝေဆာဆာလိုက်တီးပေးတော့ ပရိသတ်သိပ်သဘောကျသွားတာပေါ့။ ဆရာသောင်းရဲ့ ပညာအဆင့်ကိုလည်း အားလုံးအကဲခတ်မိသွားတာပေါ့။ ဆရာလှိုင်ရဲ့ အလှည့်လည်းရောက်ရော ဘာမှအထူးအထွေမပြောတော့ဘဲ ဆရာသောင်းကို ပညာရှိအဖြစ် ချီးကျူးပြီး ထိုင်ကန်တော့ပါတယ်။ ဆရာသောင်းကလည်း အမှားဝန်ခံရဲတဲ့ ဆရာလှိုင်ကို ပညာရှိရုံသာမက သူတော်ကောင်းလည်းဖြစ်ကြောင်း ချီးကျူးပြီး ဘိသိက်အတူမြှောက်ပေးလိုက်တော့ အားလုံးကျေနပ်သွားကြတာပေါ့။ ဆရာ လယ်တွင်းသားဟာ ဘိသိက်ပြိုင်အကြောင်းကို ဇာတ်ကြောင်းပြန်တဲ့အခါ အသေးစိတ်စီကာပတ်ကုံးပြောပြတတ်လို့ မျက်စိထဲမှာ အမူအရာတွေ မြင်ယောင်လာပြီး နားထဲမှာလဲ ဘိသိက်မြှောက်သံတွေ၊ သီချင်းသံတွေ ကြားယောင်လာရပါတယ်"။

တစ်သက်တာပတ်လုံး စာကောင်းပေမွန်များ ရေးသား၍ နိုင်ငံနှင့်လူမျိုးကောင်းကျိုးကို ထူးခြားထူးချွန်စွာ ဆောင်ရွက်ခဲ့သဖြင့် ၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်က **"အမျိုးသားစာပေတစ်သက်တာဆုရှင်"** အဖြစ် ဂုဏ်တင်ချီးမြှင့်ခဲ့ပါသည်။ လွန်ခဲ့သော ၁၀ နှစ်ကာလဆီက ဖြစ်ပါ၏။

ဆရာကြီး လယ်တွင်းသားစောချစ်သည် ဝတ္ထုတိုလည်း ရေးသည်။ **ဒိုးကျေးရွာဂျာနယ်** မှာ နှစ်ပေါင်းများစွာပင်တိုင် ရေးပေးခဲ့သည်။ ကျေးလက်တောရွာနေ တောင်သူလယ်သမားများအတွက် ဦးတည်သော ထိုဂျာနယ်တွင် ဆရာကြီး၏ ရသမြောက်သောဝတ္ထုများ မဖော်ပြမီက စောင်ရေ နှစ်သောင်းကျော်သာ ထုတ်ဝေခဲ့သော်လည်း ဆရာကြီး လယ်တွင်းသားစောချစ်၏ လက်ရာဝတ္ထုတိုနှင့် အခန်းဆက်ဝတ္ထုလတ်များ ဆွဲဆောင်အားကြောင့် ဂျာနယ်စောင်ရေလေးသောင်းငါးထောင်ထိ သိသိသာသာပြောင်းလဲတိုးတက်ခဲ့သည်က လက်တွေ့သက်သေပြစရာ တိတိကျကျတွေ့ရှိရပေသည်။ အနုပညာဖန်တီးမှုလက်ရာတွင် ပရိသတ်၏ အားပေးမှုအရေအတွက်သည် နှစ်သက်အားပေးခြင်း လက္ခဏာပင်မဟုတ်ပါလား။

ဆရာကြီး လယ်တွင်းသားစောချစ်၏ ဝတ္ထုရှည်များကလည်း အကြိမ်ကြိမ် ထပ်မံပုံနှိပ်နေရလောက်အောင် နှစ်ပေါင်းများစွာ ခိုင်ခိုင်မာမာပရိသတ်ထုထည်ကြီးမားစွာ အားပေးမှုကို ရရှိလေသည်။ ပန်းမြိုင်လယ်မှ ဥယျာဉ်မှူးဝတ္ထုသည် စာပေဗိမာန်စာမူဆုသာမက အမျိုးသားစာပေဆုလည်း ရွေးချယ်ချီးမြှင့်ခံခဲ့ရပေသည်။ ရောင်းတမ်းဝတ္ထုစာအုပ်နယ်ပယ်တွင်လည်း ဆရာကြီးလယ်တွင်းသားစောချစ်၏ ဝတ္ထုများသည် သူ့ခေတ်သူ့အခါအရ ထိပ်တန်းစောင်ရေ အဆက်မပြတ်ထုတ်ဝေခဲ့ရလေသည်။

ရသစာပေဝတ္ထုတို၊ ဝတ္ထုရှည် (Fiction) လိုင်းမှာသာအောင်မြင်သည်မဟုတ်ဘဲ သုတစာပေ (Non-Fiction) စာအုပ်များရေးသားရာတွင်လည်း စာဖတ်ပရိသတ်၏ စိတ်အားထက်သန်စွာ အားပေးမှုကို ရရှိလေသည်။ အမျိုးသားစာပေဆုရသော **"ဥပမိရုပ်"၊ "ပန်းလိုရှင် အပင်ကိုပျိုးတတ်မှ"** စသည့်စာအုပ်များသည် အကြိမ်ပေါင်း (၁၀)ကြိမ်၊ (၁၂)ကြိမ်ရိုက်နှိပ်ခဲ့ရပြီး ဆက်လက်ရိုက်နှိပ်ထုတ်ဝေနေရဆဲအခြေအနေ ဖြစ်ပါသည်။

ဆရာကြီး လယ်တွင်းသားစောချစ်သည် သုတစာပေလည်းထူးချွန်သည်။ ရသစာပေတွင်လည်း ထင်ရှားအောင်မြင်သည့်အပြင် အနုယ်နုယ်အရပ်ရပ်သို့ စာပေဟောပြောပွဲများ လှည့်လည်ဟောပြောရာတွင်လည်း မြို့ရောတောပါ၊ တက္ကသိုလ်ကောလိပ်ကျောင်းသား၊ ကျောင်းသူပရိသတ်မျိုးဖြစ်စေ၊ စက်ရုံ၊ အလုပ်ရုံ အလုပ်သမ၊ အလုပ်ကြမ်းသမားပရိသတ်ဖြစ်စေ၊ တောသူတောင်သား၊ လယ်သမား၊ ကိုင်းသမားဖြစ်စေ၊ ပရိသတ်အားလုံးကို ရယ်အောင်မောအောင် ဟောပြောနိုင်သကဲ့သို့ လွမ်းရဆွေးရကြေကွဲရမည့်နေရာတွင် မျက်ရည်မကျဘဲ မနေနိုင်အောင် ဆွေးမြည့်ရင်နင့်အောင် ပြောပြတတ်သူအဖြစ် သူ၏ ဟောပြောချက်ကို နားဆင်ဖူးသူတိုင်း သိကြပါပေသည်။ လှတောသား အကြောင်း လှတောရွာတွင် ဟောပြောရာ ဒေသခံ လှတောရွာသား၊ ရွာသူများ တဝါးဝါး တဟားဟား အံ့သြစွာရယ်မောကြလေသည်။

အောင်မြင်ထူးချွန်သော ဟောပြောသူနှင့်စာရေးဆရာအဖြစ် ကိုယ်တွေ့အတွေ့အကြုံသင်ခန်းစာလည်း များပြားခဲ့ပြီဖြစ်သည့်အတိုင်း **"ကလောင်သွေး၍စာရေးလိုလျှင်"**နှင့် **"ပရိသတ်ကို ဟောပြောနည်း"** စာအုပ်များကို ရေးသားပြုစုထားလေသည်။ စကားလည်း အပြောကောင်း၊ စာပေရေးသားရာတွင်လည်း ထူးခြားထူးချွန်သော ဆရာကြီးသည် စဥ့်ကိုင်မြို့ အနောက်တောင်အရပ် ခြောက်မိုင်ခန့်ကွာဝေးသော ထန်းတောရွာတွင် ၁၉၄၁ ခုနှစ် ဧပြီ ၁၂ ရက်တွင် အဖ လယ်သမား ဦးချစ်စိန်နှင့် အမိ ဆရာမ ဒေါ်စောရှင်တို့က မွေးဖွားခဲ့ပါသည်။

ဆရာကြီး လယ်တွင်းသားစောချစ်သည် စိတ်ကောင်းနှလုံးကောင်းရှိကြသော လယ်သမားနှင့် မူလတန်းပြဆရာမတို့ဆီမှာ လူဖြစ်လာသည်နှင့်အညီ ယခင်ဘဝက သုစရိတဘုံဘဝမှလာခဲ့ရသည့် အထုံပါခဲ့သည့်အလျောက် စာနာကြင်နာတတ်ခြင်း၊ ကူညီရိုင်းပင်းတတ်ခြင်း၊ အနစ်နာခံခြင်း၊ ခွင့်လွှတ်နိုင်ခြင်း၊ မေတ္တာတရားကျယ်ပြန့်ကြီးမားပြီး အမျက်ဒေါသနှင့် မနာလို ဝန်တိုမှုသဘောထားမျိုးမရှိသလောက် ဖြူစင်သန့်ရှင်းကြောင်း တွေ့ကြရပါသည်။

ဆရာကြီးသည် ပတ်ဝန်းကျင်အနီးအဝေး လူအများအားလုံးကို ထိရောက်စွာကောင်းကျိုးဆောင်၏။ ယခင်ဘဝဘဝက ကောင်းမွန်ခဲ့သောစိတ်ကောင်းနှလုံးကောင်းအထုံပါရမီနှင့် စရိုက်လက္ခဏာသည် ယခု ပစ္စုပ္ပန်ဘဝတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ(စေတနာ့ဝန်ထမ်း)တာဝန်မျိုးကို မညည်းမညူ ကြိုးပမ်းထမ်းဆောင်ခဲ့သည့်အပြင် စာပေရေးသားနည်း သင်တန်းများကို နှစ်စဉ် ဖွင့်လှစ်ပို့ချပေးခြင်းစသည့် ပရဟိတအကျိုးဆောင်လုပ်ဆောင်ချက်များစွာကို ထူးထူးချွန်ချွန် အကောင်အထည်ဖော်နိုင်သွားသူလည်းဖြစ်ပါ၏။ သူ၏သင်ကြားပြသခြင်း၊ နည်းပေးညွှန်ကြားခြင်းတို့ကြောင့် အောင်မြင်ထင်ရှား လူသိများသွားခဲ့သော တပည့်များလည်း မရေမတွက်နိုင်ပါပေ။

သူသည် ဆရာကြီး ဦးချမ်းမြ၊ ဆရာကြီး ဆန်းထွန်း (မန်းတက္ကသိုလ်)၊ ဆရာကြီး ဂုဏ်ထူးဦးသိန်းနိုင် စသည့် ဆရာမွန်ဆရာမြတ်တို့ထံတွင် ပညာဆည်းခွင့်ရခဲ့လေသည်။ သူ၏ ကျေးဇူးဖြင့် စာပေရေးသားတတ်လာသော ဆရာချစ်နိုင်(စိတ်ပညာ)ကလည်း သူ၏ စာပေပညာလက်ဦးဆရာသည် ကျေးဇူးရှင် ဆရာကြီး လယ်တွင်းသားစောချစ်ဖြစ်ပါသည်ဟု ရေးသားထုတ်ဖော်လေ့ရှိသည်မဟုတ်ပေလော။

ကောင်းမှုများဖြင့် ထုံမွမ်းသော ကောင်းရာဘုံဘဝတစ်ခုခုမှလာခဲ့သော ဆရာကြီး လယ်တွင်းသားစောချစ်သည် (ကျောင်းဆောက်လှူသော ကျောင်းဒကာစသော)များပြားကြီးမားသော ဤဘဝကောင်းမှုကုသိုလ် အမျိုးမျိုးများစွာတို့ကြောင့် အိုမင်းသည်၏နောက်တွင် . . .။

❖ အောင်မြင်ထူးချွန်သော ဟောပြောသူနှင့် စာရေးဆရာအဖြစ် ကိုယ်တွေ့အတွေ့အကြုံသင်ခန်းစာလည်း များပြားခဲ့ပြီဖြစ်သည့်အတိုင်း "ကလောင်သွေး၍ စာရေးလိုလျှင်"နှင့် "ပရိသတ်ကို ဟောပြောနည်း" စာအုပ်များကို ရေးသားပြုစုထားလေသည်။ စကားလည်း အပြောကောင်း၊ စာပေရေးသားရာတွင်လည်း ထူးခြားထူးချွန်သောဆရာကြီးသည် စဥ့်ကိုင်မြို့ အနောက်တောင်အရပ် ခြောက်မိုင်ခန့်ကွာဝေးသော ထန်းတောရွာတွင် ၁၉၄၁ ခုနှစ် ဧပြီ ၁၂ ရက်တွင် အဖ လယ်သမား ဦးချစ်စိန်နှင့် အမိ ဆရာမ ဒေါ်စောရှင်တို့က မွေးဖွားခဲ့ပါသည်။ ❖

# ယခုဘဏ္ဍာနှစ် နိုဝင်ဘာလက အမေရိကန်ဒေါ်လာ သုံးသန်းကျော်တန်ဖိုးရှိ နို့ဆီနှင့်နို့မှုန့်တန်ချိန် ၁၅၀၀ ကျော် တင်သွင်းခဲ့ရ



**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပြည်တွင်း လိုအပ်ချက်အရ ယခုဘဏ္ဍာနှစ် နိုဝင်ဘာလက အမေရိကန်ဒေါ်လာ သုံးသန်းကျော်တန်ဖိုးရှိ နို့ဆီနှင့် နို့မှုန့် တန်ချိန် ၁၅၀၀ ကျော်တင်သွင်းခဲ့ရကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

လက်ရှိမြန်မာနိုင်ငံတွင် နို့နှင့် နို့ထွက်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှုများ ရှိနေပြီး နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးဆောင်ရွက်ပေးနေသော်လည်း ပြည်တွင်းလိုအပ်ချက်အရ နှစ်စဉ် ပြည်ပမှ နို့နှင့် နို့ထွက်ပစ္စည်းများကို မှာယူတင်သွင်းနေရဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဘဏ္ဍာနှစ် နိုဝင်ဘာလအတွင်းက အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၉၂ သန်းတန်ဖိုးရှိ နို့ဆီနှင့်နို့မှုန့်တန်ချိန် ၁၅၀၀ ကျော်တင်သွင်းခဲ့ရကြောင်း သိရသည်။

အဆိုပါ နို့ဆီနှင့်နို့မှုန့်များကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ တင်သွင်းရာတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၆၅၄ သန်းတန်ဖိုးရှိ နို့ဆီတန်ချိန် ၅၀၀ ခန့်နှင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၃၈ သန်းတန်ဖိုးရှိ နို့မှုန့်တန်ချိန် ၁၀၀၀ ကျော် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်ပမှ လစဉ်တင်သွင်းနေရသဖြင့် နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းမှုလျှော့ချဆောင်ရွက်နိုင်ရေးနှင့် ပြည်တွင်းတွင် နို့နှင့်နို့ထွက်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံ နို့လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ပုဂ္ဂလိကကဏ္ဍတွင်လည်း တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဆောင်ရွက်ပေးနေမှုများအရ လက်ရှိတွင် ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအုပ်စု ပဲရုံဆိပ်ကျေးရွာ ရန်ကုန်-ပုသိမ်ကားလမ်းမကြီးဘေး မိုင်တိုင်အမှတ်(၃၇/၄)တွင် ထိပ်တန်းပုဂ္ဂလိက နို့စားနွားမွေးမြူရေးခြံတစ်ခြံ အောင်မြင်စွာလုပ်ကိုင်ဆောင်ရွက်နေပြီး လက်ရှိတွင် နို့ထွက်ပစ္စည်းများအဖြစ် နို့စိမ်း၊ နို့ပေါင်း၊ အဆီထုတ်နို့ပေါင်း၊ ဒိန်ချဉ်နှင့် အဆီထုတ်ဒိန်ချဉ်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေကြောင်း သိရသည်။ SKL

# မင်းလှမြို့နယ် နဂါးအိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းသိပ်သည်းမှု တိုင်းတာစစ်ဆေး

**မင်းလှ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နဂါးအိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းသိပ်သည်းမှု (Plate Bearing) တိုင်းတာခြင်းကို ဒီဇင်ဘာ ၂၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းတိုင်းတာရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ နဂါးအိုင်ကျေးရွာတွင် ကုန်ထုတ်လမ်း သတ်မှတ်အရည်အသွေးပြည့်မီမှု ရှိ၊ မရှိသိရှိနိုင်ရန်အတွက် လမ်း သိပ်သည်းမှု (Plate Bearing)တိုင်းတာခြင်းကို စနစ်တကျဆောင်ရွက်ပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံကို ကုန်ထုတ်လမ်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီး၍ ကျေးရွာလမ်းကော်မတီထံ လုပ်ငန်းလွှဲပြောင်းအပ်နှံရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

မင်းလှမြို့နယ် နဂါးအိုင်ကျေးရွာ ကုန်ထုတ်လမ်းအရှည် တစ်မိုင်ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မ အောက်ခံလွှာကျောက်ရောမြေခင်းခြင်းနှင့်မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေကျပ် ၆၀ ဒသမ ၁၂၅ သန်းဖြင့် စေတုတ္တရာချင်းတိုင်းရင်းသားများ ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇွန် ၂၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ အဆိုပါကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးဧက ၁၀၇၀ မှထွက်ရှိသော ဒေသထွက်ကုန်သီးနှံမျိုးစုံကို ရာသီမရွေး ဈေးကွက်သို့အချိန်မီ တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ကိုညီ**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ၄၀၆၆ ဧက စိုက်ပျိုးပြီးစီး

**ဝက်လက် ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ၄၀၆၆ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ဆောင်း ကြက်သွန်ဖြူ ၄၈၁၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၄၀၆၆ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဆောင်းကြက်သွန်ဖြူ ၄၈၁၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၄၀၆၆ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ကြက်သွန်ဖြူကို စီးပွားဖြစ်မစိုက်ကြဘဲ အိမ်သုံးလောက်ပဲ စိုက်ကြတာများတယ်။ စီးပွားဖြစ်စိုက်တာနည်းပါတယ်။ တချို့နေရာတွေမှာ ကြက်သွန်ဖြူကို စီးပွားဖြစ်စိုက်တာရှိပါတယ်''ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။



ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်ဖြူစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများဆောင်ရွက်ပေးခြင်း၊ ကြက်သွန်ဖြူကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့်အရည်အသွေးကောင်းမွန်သည့်ကြက်သွန်ဖြူဖြစ်စေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မိုးမိတ်မြို့နယ် ဘော်ဒေ(ဈေး)ကျေးရွာတွင် အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**မိုးမိတ် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစု ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ် သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ဘော်ဒေ(ဈေး) ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးမိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်း ဖွင့်လှစ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် သင်တန်းမှ သင်ကြားပေးမည့် သင်ခန်းစာများကို ကြိုးစားလေ့လာသင်ယူကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာမက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မိုးမိတ်မြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသူ ၁၅ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ကလေးဝတ်အင်္ကျီချုပ်နည်း၊ ဘောင်းဘီချုပ်နည်း၊ ဂါဝန်ချုပ်နည်း၊ အမျိုးသမီးဝတ်ရင်ဖုံးအင်္ကျီချုပ်နည်း၊ထဘီချုပ်နည်းစသည့်သင်ခန်းစာများကို ဒီဇင်ဘာ ၂၄ ရက်မှစ၍ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၈ ရက်ထိ ကျွမ်းကျင်နည်းပြဆရာများက စာတွေ့၊လက်တွေ့ဖြင့် အခမဲ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# စလင်းမြို့နယ် ပူးလှကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**စလင်း ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သမန်းကျင်းကျေးရွာအုပ်စု ပူးလှကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများသည် Shwe Group ကုမ္ပဏီမှတာဝန်ရှိသူများ၊ ပူးလှကျေးရွာ သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က လုပ်ငန်းရေရှည်ခိုင်မြဲစေရေး ကျေးရွာသူ၊ ကျေးရွာသားအားလုံး ပိုင်ဝန်းထိန်းသိမ်းရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

စလင်းမြို့နယ် ပူးလှကျေးရွာ၌ ရေရရှိရေးလုပ်ငန်းကို စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၅ သန်းဖြင့် အကျယ်လေးလက်မ၊ အနက်ပေ ၇၀၀ ရှိစက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ရေစုကန်တည်ဆောက်ခြင်းနှင့်အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို Shwe Group ကုမ္ပဏီက ယခုနှစ် ဇွန် ၂၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သန်းသန်းမိုး**


ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# တင့်ကားစစ်ဆင်ရေးအတွက် ပူးတွဲရင်းနှီးမြှုပ်နှံရန်ကြိုးပမ်းနေသော ပြင်သစ်နှင့် ဂျာမနီ

ပြင်သစ်နှင့် ဂျာမနီတို့၏ ပင်မမြေပြင်တိုက်ပွဲဝင် တိုက်ခိုက်ရေးစနစ်(MGCS) စီမံကိန်းသည် အနာဂတ်စစ်ဆင်ရေးကို ပြန်လည်သတ်မှန်ရန် ရည်မှန်းထားရှိသည်။ ၎င်းရည်မှန်းချက်သည် ဥရောပကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် စမ်းသပ်မှုတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။ ပြင်သစ်နှင့် ဂျာမနီတို့သည် ပြင်သစ်နိုင်ငံ၏ Leclerc နှင့် ဂျာမနီ၏ Leopard 2 တင့်ကားများနေရာတွင် ၂၀၄၀-၂၀၄၅ ခုနှစ်ခန့်၌ အစားထိုးနိုင်ရန် MGCS ကို သုတေသနပြုတည်ဆောက်လျက်ရှိသည်။ ယခင်က နှောင့်နှေးကြန့်ကြာမှုများရှိခဲ့သော်လည်း နှစ်နိုင်ငံစလုံးမှ ကာကွယ်ရေးဝန်ကြီးများသည် ၎င်းစီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် အခိုင်အမာအတည်ပြုထားရှိသည်။

အဆိုပါစီမံကိန်းတွင် ဂျာမနီ၏ KMW နှင့် ပြင်သစ်၏ Nexter တို့ ပူးတွဲရင်းနှီးမြှုပ်နှံထားရှိသည်။ KNDS တို့ကဲ့သို့သော အဓိကစက်မှုလုပ်ငန်းများလည်း ပါဝင်သည်။ ထို့ပြင် ဂျာမနီ၏ တင့်ကားထုတ်လုပ်သည့်ကုမ္ပဏီ Rheinmetall သည်လည်း ပူးတွဲရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သည်။ MGCS သည် လူကိုယ်တိုင်ကိုင်တွယ်၍သော်လည်းကောင်း၊ အလိုအလျောက်ပစ်ခတ်နိုင်သည့် ယာဉ်များပေါ်မှသော်လည်းကောင်း ပစ်ခတ်နိုင်သည့် စံနှုန်းကိုက်မော်ကျူလာစနစ်အဖြစ် ပြန်လည်ဆန်းသစ်တီထွင်ထားရှိခြင်းဖြစ်သည်။ သို့သော် ၎င်းစီမံကိန်းသည် တင့်ကားများရှိ ပင်မစက်သေနတ်၏စွမ်းဆောင်ရည်နှင့်ပတ်သက်၍ အငြင်းပွားမှုများအပါအဝင် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရလျက်ရှိသောကြောင့် မဟာဗျူဟာမြောက်ရည်မှန်းချက်များနှင့် စက်မှုလုပ်ငန်းဆိုင်ရာပြိုင်ဘက်အုပ်စုများကြား မတူကွဲပြားမှုများ ဖြစ်ပေါ်စေလျက်ရှိသည်။

ဂျာမနီနိုင်ငံသည် ၎င်း၏ရှိရင်းစွဲ Leopard 2 ဒီဇိုင်းပုံစံများကို အဆင့်မြှင့်တင်ရန် စိတ်ပါဝင်စားလျက်ရှိသကဲ့သို့ ပြင်သစ်နိုင်ငံသည် အခြေခံအားဖြင့် အမျိုးအစားသစ်များကို သုတေသနပြုတည်ဆောက်သွားရန် အခိုင်အမာပြောဆိုလျက်ရှိသည်။ MGCS စီမံကိန်းအောင်မြင်မှုရရှိရေးသည် နည်းပညာနှင့် ပထဝီနိုင်ငံရေးဆိုင်ရာစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်လိုအပ်သကဲ့သို့ ဘဏ္ဍာငွေနှင့် နိုင်ငံရေးဆိုင်ရာအတည်ပြုချက်ရရှိရေးတို့သည်လည်း သိသာထင်ရှားသောအတားအဆီးများပင်ဖြစ်သည်။ ထို့ပြင် ၎င်းစီမံကိန်းသည် ယူကရိန်းအရေးကြောင့် လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများ မြင့်တက်နေသည့်အချိန်တွင် ဥရောပနိုင်ငံများ၏ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအပေါ် စမ်းသပ်မှုတစ်ခုဖြစ်လာခဲ့သည်။ ပြင်သစ်နှင့်ဂျာမနီတို့သည် MGCS စီမံကိန်းအတွက် မတူကွဲပြားသောအမြင်များရှိနေခြင်းသည် ၎င်းတို့၏ မဟာဗျူဟာမြောက်ဦးစားပေးမှုများနှင့် နည်းပညာပိုင်းဆိုင်ရာဦးစားပေးမှုများတွင် မတူကွဲပြားမှုများရှိနေကြောင်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

ဂျာမနီဈေးကွက်သည် Leopard 2 တင့်ကားများဖြင့် လွှမ်းမိုးလျက်ရှိသည်။ အထူးသဖြင့် ယူကရိန်းအရေးကာလတွင် Leopard 2 တင့်ကားများ ပြည်ပသို့ တင်ပို့မှုမြင့်တက်လာခဲ့သည်။ သို့သော် ပြင်သစ်သည် ၂၀၀၈ ခုနှစ်တွင် Leclerc ထုတ်လုပ်မှုရပ်တန့်ထားရှိခြင်းသည် MGCS ထုတ်လုပ်မှုလုပ်ငန်းစဉ်ပြန်လည်စတင်ရန် နည်းလမ်းတစ်ရပ်ဖြစ်လာခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် ကန်ထရိုက်တာများနှင့် သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရန် မျှော်မှန်းထားရှိသည်။

MGCS စီမံကိန်း အပြီးသတ်အကောင်အထည်ဖော်သည့်အချိန်တွင် အခြားသောဥရောပနိုင်ငံများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်လာဖွယ်ရာရှိသည်။ အထူးသဖြင့် အီတလီနှင့် နယ်သာလန်နိုင်ငံတို့သည် လေ့လာသူနိုင်ငံများအဖြစ် ပါဝင်ဆောင်ရွက်ရန် စိတ်ပါဝင်စားကြောင်း ထုတ်ဖော်ပြောဆိုလျက်ရှိသည်။

MGCS သည် ပေါင်းစပ်တွန်းကန်အားစနစ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများအပြင် အုပ်ချုပ်ထောက်ပံ့မှုကိစ္စများလျှော့ချနိုင်ခြင်း၊ ဝေးကွာသောစစ်ဆင်ရေးတာဝန်များ ထမ်းဆောင်နိုင်ခြင်း၊ အသံလုံခြုံမှုရှိခြင်း၊ အချက်ပြစနစ်ထုတ်လွှတ်မှုလျှော့ချနိုင်ခြင်း စသည့်စွမ်းဆောင်ရည်များပါရှိမည်ဖြစ်သည်။ ထို့ပြင် MGCS သည် တပ်ဖွဲ့ဝင်အင်အားလျှော့ချနိုင်ခြင်း၊ သံချပ်ကာထု ပေါ့ပါးခြင်းနှင့် တုံ့ပြန်ကာကွယ်ရေးစနစ်တို့ပါရှိသည်။ ယာဉ်၏ကိုယ်ထည်



ပိုင်းကိုလည်း အထောက်အကူပြုယာဉ် မှုကွဲပုံစံများဖြင့် တည်ဆောက်ထားရှိသည်။

MGCS သည် Leclerc နှင့် Leopard 2 တို့တွင်အသုံးပြုသော ၁၂၀ မီလီမီတာစက်သေနတ်နှင့် စွမ်းဆောင်ရည်ယှဉ်နိုင်သည့် ပြောင်းအချင်းကြီးမားသောစက်သေနတ်ကြီးတစ်လက် ပါရှိမည်ဖြစ်သည်။ Nexter သည် MGCS အတွက် အလိုအလျောက်ကျည်ထိုးပစ်ခတ်နိုင်သည့် ASCALON အမျိုးအစား ၁၄၀ မီလီမီတာစက်သေနတ်အသစ် တည်ဆောက်ပေးရန် အဆိုပြုထားရှိသည်။ ASCALON သည် ကျည်အမျိုးမျိုးဖြင့် ပစ်ခတ်နိုင်သည့်အပြင် ကိုင်တွယ်အသုံးပြုသူကိုလည်း ရွေးချယ်ပိုင်ခွင့်များ ကမ်းလှမ်းထားရှိသည်။ ထို့ပြင် မြင်ကွင်းကျဉ်းနှင့် မြင်ကွင်းကျယ် (BLOS/NLOS) အကွာအဝေးရှိ ပစ်မှတ်များကို ချေမှုန်းနိုင်စွမ်းရှိသည့် အနာဂတ်တင့်ကားများတွင် အသုံးပြုနိုင်သော ခဲယမ်းများဖြင့်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

MCGS တွင်ပါဝင်မည့် အခြားသောစွမ်းဆောင်ရည်များမှာ လမ်းညွှန်လက်နက်များ (DEW)၊ အသံလွှန်ပဲ့ထိန်းဒုံးကျည်များ၊ BLOS/NLOS ပစ်မှတ်များကို သွယ်ဝိုက်ပစ်ခတ်နိုင်သောလက်နက်များ၊ တန်ပြန်ဒရုန်းစစ်ဆင်ရေးနှင့် လေကြောင်းရန်ကာကွယ်ရေးအခန်းကဏ္ဍတို့အတွက် စက်သေနတ်များနှင့် အလိုအလျောက်ပစ်ခတ်နိုင်သောစိန်ပြောင်းများဖြစ်သည်။ ထို့ပြင် အဆိုပါတင့်ကားသည် ဒစ်ဂျစ်တယ်နည်းပညာ၊ AI နည်းပညာနှင့် နည်းဗျူဟာမြောက်ကွန်ရက်ချိတ်ဆက်မှုတို့လည်း ပါဝင်သည်။

ပြင်သစ်နှင့် ဂျာမနီတို့သည် တင့်ကားဒီဇိုင်းများနှင့်ပတ်သက်၍ ယှဉ်ပြိုင်နေဆဲပင်ဖြစ်သည်။ နှစ်နိုင်ငံစလုံးသည် Eurosatory 2022 စစ်လက်နက်ပစ္စည်းပြပွဲ၌ တင့်ကား၏သဘောတရားများကို အပြိုင်အဆိုင်ပြသခဲ့ကြသည်။ ၎င်းတို့ကို ပြင်သစ်-ဂျာမနီ KNDS အဆင့်မြင့်ပင်မတိုက်ဝင်တင့် (EMBT) နှင့် ဂျာမနီ၏ KF 51 Panther ဟုခေါ်ဆိုသည်။ KF 51 Panther သည် ၎င်း၏ Rh-130 L/51 130 mm စက်သေနတ်ကို တပ်ဆင်ပြသခဲ့သည်။ KNDS EMBT သည် ၎င်း၏အဓိကလက်နက်ဖြစ်သည့် ASCALON 140 mm စက်သေနတ်မပါဘဲ 120 mm စက်သေနတ်၊ 30 mm နှင့် စိန်ပြောင်းတို့ကို တပ်ဆင်ထားရှိသည်။ KF 51 Panther ၏ အဓိက စက်သေနတ်သည် 120 mm စက်သေနတ်များထက် ထိရောက်မှု ၅၀ ရာခိုင်နှုန်းပိုမိုသော်လည်း ကျည်အတောင့် ၃၀ သာ သယ်ဆောင်ပစ်ခတ်နိုင်သည်။ Leopard 2 သည် ကျည် ၄၂ တောင့်ထိ ပစ်ခတ်နိုင်သည်။ ထို့ကြောင့် KF 51 Panther သည် ပစ်မှတ်တိကျရေးအတွက် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည်။

KF 51 Panther သည် တပ်ဖွဲ့ဝင်လေးဦးထိ သယ်ဆောင်နိုင်ပြီး ၎င်းအဖွဲ့သည် ဒရုန်းများထိန်းချုပ်ခြင်း၊ ခဲယမ်းများဖြည့်ဆည်းခြင်းနှင့် မောင်းသူမဲ့တင့်ကားလုံခြုံရေးကိုလည်း ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် ၎င်းတင့်ကားသည် ထိပ်ပိုင်းကာကွယ်မှုစနစ် (TAPS)ပါဝင်ပြီး ၎င်းစနစ်သည် ဒုံးကျည်တိုက်ခိုက်မှုများကို ချေမှုန်းနိုင်သည်။ အကြီးစားစက်သေနတ်ကြီးနေရာချထားရေးအတွက် ဆုံလည်စနစ်ကို အဆင့်မြှင့်တင်ရန်လိုအပ်သောကြောင့် KNDS EMBT အတွက် ASCALON အမျိုးအစား 140 mm သည် ၂၀၂၅ ခုနှစ်ထိ အသင့်ဖြစ်ဖွယ်ရာမရှိသေးပေ။ ၎င်းတင့်ကား၏ကိုယ်ထည်ပုံစံသည် Leopard 2 ကို အခြေခံတည်ဆောက်ထားရှိသည်။

ခေတ်သစ်စစ်ပွဲတွင် တင့်ကားများ၏ အသုံးတည့်မှုနှင့်စပ်လျဉ်း၍ ယူကရိန်းအရေးက အချေအတင်ဆွေးနွေးလျက်ရှိသည်။ နည်းပညာမြင့်မားသောစစ်ပွဲ၌ တင့်ကားများ၏လိုက်လျောညီထွေရှိမှုနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်သူများကြား အချေအတင်အငြင်းပွားလျက်ရှိသည်။ တင့်ကားများ၏ လက်ရှိသဘောတရားသည် အနာဂတ်တိုက်ပွဲများထိ ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ တင့်ကားများသည် စစ်ဆင်ရေးဆိုင်ရာလိုက်လျောညီထွေရှိခြင်း၊ နည်းဗျူဟာမြောက်ပူးပေါင်းလက်နက်များ လှုပ်ရှားစစ်ကစားနိုင်ခြင်းနှင့် အမျိုးသားစွမ်းအားဖြည့်ဆည်းခြင်းတို့တွင် များစွာအရေးပါလျက်ရှိသည်။

စစ်အေးတိုက်ပွဲကာလတွင် NATD အဖွဲ့၏ သံချပ်ကာတပ်ဖွဲ့များသည် ဥရောပဒေသ၏ အမျိုးသားဟန့်တားနိုင်စွမ်းအားကို ကိုယ်စားပြုနိုင်ခဲ့သည်။ လက်ရှိအချိန်တွင် မြောက်ကိုရီးယားနှင့် တရုတ်တို့၏ ခြိမ်းခြောက်မှုကြောင့် အိန္ဒိယနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ကမ္ဘာ့အကြီးမားဆုံးတင့်ကားတပ်ဖွဲ့များကို ထိန်းသိမ်းထားရှိသည်။

တင့်ကားများသည် မြေပြင်စစ်ဆင်ရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသောကြောင့် တင့်ကားများသည် ပဋိပက္ခများကို ထိန်းချုပ်ပံ့ဖော်နိုင်စွမ်းရှိသည်။ တင့်ကားများသည် ဈေးနှုန်းကြီးမားပြီး အုပ်ချုပ်ထောက်ပံ့မှုများလိုအပ်သော်လည်း အရေးကြီးသောအချိန်နှင့် နေရာတို့တွင် တိုက်ခိုက်ရေးစွမ်းဆောင်ရည် မြင့်မားလျက်ရှိသောကြောင့် တိုက်ပွဲအောင်မြင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။

တင့်ကားနည်းပညာတွင် အဆင့်မြှင့်တင်မှုများရှိနေသော်လည်း တင့်ကားအတားအဆီးများနှင့် ရှုံ့နှံ့များသည် ခေတ်သစ်စစ်ပွဲတွင် အတားအဆီးများအဖြစ် ဆက်လက်တည်ရှိနေဆဲပင်ဖြစ်သည်။ ထို့ပြင် ပဲ့ထိန်းဒုံးကျည်များနှင့် ဒရုန်းများ အဆင့်မြှင့်တိုးတက်လာခြင်းသည်လည်း တင့်ကားများ၏အခန်းကဏ္ဍကို မှေးမှိန်လာစေလျက်ရှိသည်။ တင့်ကားများသည် ကာကွယ်နိုင်စွမ်းအားမြှင့်တင်သွားရန် လိုအပ်သော်လည်း အရွယ်အစားနှင့် အလေးချိန်အပိုင်းတွင် ပြဿနာရှိနေသောကြောင့် ရွေ့ပြောင်းနိုင်စွမ်းနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့အပေါ် သက်ရောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ကြောင့် အနာဂတ်တင့်ကားများသည် အရွယ်အစား ပိုမိုသေးငယ်လာပြီး ယာဉ်မောင်းနှင့်သူမပါရှိဘဲ အဝေးမှ ကွပ်ကဲထိန်းချုပ်မောင်းနှင်သွားမည်ဖြစ်သည်။ ထို့ပြင် ၎င်းတင့်ကားများတွင် တပ်ဖွဲ့ဝင်စစ်သည်များကို ဘေးအန္တရာယ်ကင်းရှင်းအောင် အကာအကွယ်ပေးထားသည့်နည်းပညာများ တပ်ဆင်ထားရှိသည်။

Rheinmetall သည် တင့်ကားရောင်းချမှုသည် ၂၀၂၅ ခုနှစ်တွင် တင့်ကားရောင်းချမှုမှ ယူရို ၁၁ ဘီလီယံမှ ၁၂ ဘီလီယံထိ တိုးတက်ရောင်းချနိုင်ရန် မျှော်မှန်းထားရှိသည်။ Rheinmetall ၏ လက်ရှိစတော့တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉ ဘီလီယံခန့်ရှိသောကြောင့် ၂၀၂၂ ခုနှစ်အတွင်း ဝင်ငွေ ယူရို ၇၅၄ သန်းခန့်ရှိခဲ့သည်။

လက်ရှိအချိန်တွင် ပြင်သစ်နှင့် ဂျာမနီတို့သည် ပင်မမြေပြင်တိုက်ပွဲဝင်တိုက်ခိုက်ရေးစနစ် (MGCS) အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တင့်ကားများသည် အရွယ်အစားကြီးမားပြီး လှုပ်ရှားစစ်ကစားနိုင်စွမ်းတို့တွင် အခက်အခဲရှိသော်လည်း အရေးပေါ်အခြေအနေနှင့် နေရာများတွင် အဆုံးအဖြတ်ပေးနိုင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့တပ်မတော်များအနေဖြင့် မြေပြင်စစ်ဆင်ရေးတွင် အဆုံးအဖြတ်ပေးနိုင်သည့် ခေတ်မီတင့်ကားများကို ဝယ်ယူဖြည့်တင်းလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- France - Germany Venture aims to redefine tank warfare By Asia Times.

မောင်သောင်းဝင်း(တမန်ဟောင်း)

# ဇာတ်စင်၏အလင်းအမှောင်ရသ

ကိုဇော်ဌေး(ယဉ်ကျေးမှု)

ပွဲကြည့်သူက ပွဲကသူကိုမြင်သာထင်သာစွာကြည့်ရှုနိုင်ကြပါစေဟူသည့် စေတနာဖြင့် ဇာတ်စင်အလင်းအမှောင်စနစ်ကိုအသုံးပြုကြခြင်းဖြစ်သည်။ အသံသာကြား၍ ရုပ်မမြင်ရသည့်အခါ အားမလိုအားမရခံစားမှုမျိုးဖြစ်တတ်သည်။ စင်အထက်တင်ဆက်ကပြနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သောနေရာကို ဇာတ်စင်အလင်းအမှောင်စနစ် တစ်နည်း ကခွင်မီးသည် ထိုးထွက်နေရာယူလာတော့သည်။

ဇာတ်စင်အလင်းအမှောင်စနစ်ကို ၁၆ ရာစုနှစ်အတွင်း စတင်ဖော်ဆောင်ကြသည်။ ထိုစဉ်က ဖယောင်းတိုင်မီးကို ပြောင်လက်သော ဇလုံများကိုနောက်ခံထားလျက် အလင်းရောင်ကို ပိုမိုဖြန့်ကြက်စေရန် တီထွင်စမ်းသပ်ကြည့်ကြသည်။ ကြီးမားသောဖယောင်းတိုင်ကြီးများမှ ညှော်နံ့သက်သာစေရန် ပရုတ်၊ ဖုံးမသိန်များ ထည့်သုံးခဲ့ကြသည်။ ၁၇ ရာစုတွင် အင်္ဂလန်မှ အင်နီဂိုဂျုန်း(Inigo Jones )ဆိုသူက ဖယောင်းတိုင်ကြီးများအပြင် မီးခွက်၊ လက်ဆွဲလသာမှန်အိမ်၊ ရောင်ပြန်ခွက်များ စသည်ဖြင့်အသေးစိတ်တီထွင်တိုးချဲ့ခဲ့သည်။ အလင်းရောင်မှာငြိမ်သက်သောအရောင်သေဖြစ်သောကြောင့် သရုပ်ဆောင်သူများနှင့် ကခွင်ဧရိယာမှာ ရိုးစင်းမှေးမှိန်နေသဖြင့် အားရဖွယ်ထူးခြားချက်မရှိလှချေ။ ထိုမှဆက်၍ ကြိစည်အားထုတ်လာကြပြီး ၁၈ ရာစုတွင် ပဒေသာမီးအိမ်နှင့် နံရံကပ်မီးစင်များဖြင့် အလင်းရောင် ပိုမိုရရှိရန် စမ်းသပ်သုံးစွဲခဲ့ကြသည်။ ၁၉ ရာစုတွင် အလင်းအမှောင်၊ အသွေးအရောင်တို့ကိုပါ ဖန်တီးချုပ်ကိုင်ထုတ်လုပ်နိုင်သည်ထိ တိုးတက်လာခဲ့သည်။

မြန်မာ့ဇာတ်သဘင်၏ ဇာတ်စင်အလင်းအမှောင်စနစ်ကို ပြန်လည်စေ့ငုကြည့်ပါက နိပါတ်ခင်းများသည် အလင်းရောင်ရှိသည့်အချိန်များ၌ ဖျော်ဖြေတင်ဆက်ကြခြင်းဖြစ်သဖြင့် အလင်းအမှောင်ပေးခြင်းသဘောကို ဖော်ပြခြင်းကင်းမဲ့ခဲ့သည်။ နိပါတ်ခင်းအလွန် တစ်နည်းခေတ်ပြိုင်ဖွံ့ဖြိုးလာခဲ့သည့် ပုံရှည်ဇာတ်များ တင်ဆက်ချိန်၌မှ အလင်းအမှောင်သဘောကိုဖော်ပြလာခြင်းများတွေ့ရသည်။ ဖော်ပြချက်များအရ ပုံရှည်ဇာတ်ခင်းကျင်းသောနေရာအလယ်၌ ညဥ့်အခါဖြစ်လျှင် စဥ့်မီးခွက်ကြီးတစ်ခုကို ခွေးခြေခုံပေါ်ဖြစ်စေ၊ ဆန့်ဖွပ်သော လက်ဆုံမှောက်၍ဖြစ်စေ မီးခွက်ကြီးတစ်ခွက်ထဲထည့်၍ မီးထွန်းရလေသည်။ မီးစာမှာ အဝတ်ကြမ်းကိုကျစ်၍ ရေနံချေးစိမ်ပြီးလျှင် မီးခွက်အလယ်တွင်စိုက်ရသည်။ ရေနံစာမှာ ထမင်းခြောက်ကိုဖြစ်စေ၊ ဝါစေ့ကိုဖြစ်စေ မီးခွက်ထဲသို့ထည့်၍ ရေနံလောင်းရသည်။ နောက်မီးထွန်းသောအခါ မီးခြစ်မရှိ ထင်းမီးစကိုယူ၍ မီးထွန်းညှိရသည်။ မီးတစ်ခွက်တည်းနှင့်ပင် အလင်းရောင်များစွာရ၍ ပွဲကြည့်ပရိသတ်ကို ထင်ရှားစွာမြင်ကြပေသည်။ မီးတောက်အရှိန်အဝါ မှိန်ခဲ့သည်ရှိသော် တုတ်တံဖြင့် ရေနံစာကိုဆွပေးပြီး ရေနံထပ်၍ထည့်ပြန်လျှင် မီးတောက်မီးလျှံ ထွန်းလင်းသောအရောင်ကို ရကြသည်။

ပုံရှည်ဇာတ်နှင့် မြေဝိုင်းသဘင်ကာလသည် တစ်ဆက်တည်းဖြစ်သည်။ မြေဝိုင်းသဘင်အတွက် သတ်မှတ်ထားသောနေရာတွင် ဖျာကြမ်းများခင်းထားသည်။ ဖျာကြမ်းခင်းထားသောနေရာ၏ ရှေ့ပိုင်းသုံးပုံနှစ်ပုံခန့်ကို ကပြသူများနေရာအဖြစ်သတ်မှတ်သည်။ အလယ်တွင် ရင်ခေါင်းခန့်ရှိသောဝါးတိုင်များ စိုက်ထားသည်။ မီးအင်တုံများတင်ရန် ဝါးလုံးထိပ်ကိုဖွာ၍ ကလပ်သဖွယ်လုပ်ထားသည်။ မီးအင်တုံထဲတွင် ဝါစေ့များကိုသော်လည်းကောင်း၊ ချည်ခင်များကိုသော်လည်းကောင်း ရေနံချေးစိမ်၍ ထည့်ထားရလေသည်။ ကပြရန်အချိန်ကျသောအခါ ထိုအင်တုံများကို မီးလိုက်ထွန်းညှိရသည်။ မီးတောက်အရှိန်လျော့မသွားစေရန် တစ်ယောက်က ရေနံချေးလိုက်ထည့်ပေးရလေသည်။ ထို့နောက်မှ တစ်စတစ်စတိုးတက်လာခဲ့လေရာ ရေနံချေးမီးခွက်များအစား လသာမှန်အိမ်၊ အောက်လင်းဓာတ်မီး စသည်တို့ထွန်းညှိလာကြသည်။ သို့သော်လည်း ဝါးလုံးထိပ်ကိုဖွာ၍ မီးအင်တုံထည့်ကာ မီးအလင်းအမှောင်ပေးသည့်မြေဝိုင်း၏ပုံရိပ်ကိုမူ စွဲစွဲထင်ထင်မှတ်သားခဲ့ကြသည်။

ဇာတ်ရုံများတွင် ဝါစေ့မီးခွက်၊ ရေနံချေးမီးခွက်များခေတ်မှ အင်ဂျင်မီးစက်များသုံးကြသော ခေတ်သို့ရောက်လာသောအခါ မြန်မာ့ဇာတ်သဘင်သည် အဘက်ဘက်မှပြည့်စုံလာလေသည်။ ကပြရာတွင် မီးရောင်စုံများကိုသုံးစွဲပြီး မှိတ်ကာ၊ ဖွင့်ကာဖြင့် နေ့၊



ညသဘာဝကို ဖန်တီးလာနိုင်သည်။ တောနယ်များတွင် ကပြသောအခါ ရှေးကမမြင်ဖူးကြသဖြင့် “ဟာ ဘိုးစိန်ကြီးကတော့ ဖန်သီးကတောင် မီးထတောက်အောင်လုပ်နိုင်သဟေ့”ဟု ပြောစမှတ်ပြုကြလေသည်။ ထိုအချိန်မှစ၍ မြန်မာ့ဇာတ်သဘင်သည် မြင့်သည်ထက်မြင့်ခဲ့ရလေသည်။ ဦးဘိုးစိန်က စတင်တီထွင်လာသောအခါ ဦးဘိုးစိန်နှင့် ခေတ်ပြိုင် ဦးစိန်ကတုံးကလည်းအတုခိုးကာ တီထွင်လာပြန်သည်။ မြန်မာ့ဇာတ်စင်၏ အလင်းအမှောင်ပေးသည့်စနစ်သည် ထွန်းကားကျယ်ပြန့်လာတော့သည်။

ယခုခေတ်တွင် မီးအလင်းအမှောင်ထိန်းချုပ်မှုကို တစ်ဦးတစ်ယောက်တည်းက အပြည့်အဝတာဝန်ယူလာကြသည်။ ၎င်းသည် မီးထိန်းချုပ်မှုစနစ်၊ မီးအားသိပ်သည်းဆ အနည်းအများ၊ အရောင်ထိန်းချုပ်မှုစနစ်တို့ကို နားလည်ရသည်။ အလင်းအမှောင်ဖြင့် ဇာတ်စင်အားမည်သို့ အသုံးချရမည်ကိုတွေးတောနေရသည်။ ဇာတ်စင်ကို အလှအပများဖန်တီးရသဖြင့် နည်းပညာပိုင်းနှင့် ဆက်စပ်မှုကိုနားလည်ထားရသည်။ မီးအလင်းအမှောင်ဖြင့် ပရိသတ်၏ အမြင်အာရုံကို ဆွဲဆောင်နိုင်သည်။ မီးများသည် လင်းထိန်နေပြီး ကပြသရုပ်ဆောင်သူများ၏ မျက်နှာခံစားချက်ကို ပေါ်လွင်အောင် မပြသနိုင်ပါလျှင် အောင်မြင်မှုမရခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ပရိသတ်ကို မမြင်စေချင်သောအပိုင်းများကိုအမှောင်ချပြီး ပရိသတ်မြင်စေချင်သောအပိုင်းကို မီးအလင်းပေးခြင်းဖြင့် ဖန်တီးပေးနိုင်သည်။

ဇာတ်စင်အပေါ်မီးကြောင့် သရုပ်ဆောင်၏ မျက်နှာကို အမှောင်ကျနေလျှင် နောက်ထပ်မီးအလင်းတစ်ခုဖြင့် ကူညီပံ့ပိုးပေးရသည်။ ကခွင်၏ ဘေးမီးဟုခေါ်သည့် ဆလိုက်(sight light) မီးဖြင့် ကူထိုးပေးရသည်။ ၎င်းဆလိုက်မီးသည် နားရွက်ပုံစံမီးအိမ်မျိုးဖြစ်သည်။ နားရွက်(တံခါးရွက်)ကို လိုသလိုထိန်းညှိဖွင့်ပေးခြင်းပြုရသည်။ ၎င်းပုံစံမီးအိမ်မရှိပါက(မီးမကူနိုင်ပါက) သရုပ်ဆောင်၏မျက်နှာသည် မည်းနေမည်ဖြစ်သည်။ စင်စစ်သရုပ်ဆောင်၏ပါးနှစ်ဖက်ကို အလင်းပေးခြင်းဖြစ်ပြီး တစောင်းလှည့်၍ သရုပ်ဆောင်သည့်အခါ၌လည်း ၎င်းမီးသည်အသုံးဝင်လျက်ရှိသည်။ ရှေ့မျက်နှာကိုထိုးပေးထားသည့်အလင်းနှင့် ဘေးမီးတို့နှစ်မျိုးပေါင်းထိုးပါက သရုပ်ဆောင်၏မျက်နှာခံစားချက်ကို ပိုပြီးမြင်သာထင်သာရှိစေသည်။ ပို၍လင်းစေသည်။ ထို့ပြင် ဇာတ်စင်အတွင်းရှေ့ပိုင်းတွင် တပ်ဆင်အသုံးပြုကြသည့်မီး(၎င်းမီးသည် သရုပ်ဆောင်၏ ခန္ဓာကိုယ်ကို ထိုးပေးထားရာ၌လည်း အသုံးပြုနိုင်သည်။)နှင့် ဇာတ်စင်နောက်ဘက်၌ပုံများ၊ ပန်းချီများပါရှိလျှင် သွန်းလောင်းပေးရသည့်မီးတို့လည်း ရှိကြသေးသည်။ အလင်းအမှောင်ကို တာဝန်ယူထားသူသည် ၎င်းမီးသုံးမျိုးကို ပူးပေါင်းအသုံးပြုတတ်ရန် အရေးကြီးသည်။

ဇာတ်စင်၏ နောက်ဘက်နား(နိုင်ငံတကာသုံးဖြင့် ဇာတ်စင်၏အထက်ပိုင်း)တွင်လည်း မီးအလင်းအမှောင်ဖြည့်ပေးထားရသည်။ ထိုနေရာတွင် သရုပ်ဆောင်များရှိနေပါက မီးမပြည့်စုံ၍ သရုပ်ဆောင်၏ မျက်နှာမှာပြားပြားထူထူကြီးဖြစ်နေတတ်သည်။ အပေါ်မီး၊ ဘေးမီးတို့သည် ဇာတ်စင်နောက်ပိုင်းဆိုသော်လည်း လိုအပ်မြဲဖြစ်သည်ကိုသတိပြုသင့်သည်။ ဇာတ်စင်နောက်ပိုင်းရှိ တိုက်တာအဆောက်အအုံများ၊ ခိုးဝှက်ကြည့်ရှု၊ နားထောင်သူနေရာ၌ သရုပ်ဆောင်ရသည့်သူများကို ထိုမီးဖြင့်ဖော်ပြနိုင်သည်။ မလိုအပ်သည့်နေရာများကို အမှောင်ရိပ်ချပေးထားရသည်။ ဇာတ်စင်၏ နောက်ပိုင်းတွင်ဖြစ်သည့်အတွက် ဇာတ်စင်၏နောက်ဘက်မှရှေ့ကို ထိုးပေးရသည်။ ထိုသို့ထိုးပေးရာတွင် ရှခင်းနှင့်သရုပ်ဆောင်ကို တစ်သားတည်းဖြစ်အောင် ဖန်တီးတတ်ရသည်။

ဇာတ်စင်အလင်းအမှောင်စနစ်သည် နည်းပညာဖြင့်ကင်းကွာ၍ မရနိုင်ပါချေ။ အရောင်များကို စပ်ရော၍ ပေးလိုသည့်အလှတရားကို နည်းပညာက ထောက်ကူပေးခြင်းဖြစ်သည်။ စပ်ရောခြင်းဖြင့်ဖော်ပြချင်သည့် လူလောက သဘောသဘာဝအကြောင်းတရားများကိုဖော်ပြပေးနိုင်သည်။ စင်စစ်အရောင်သည် လူတို့၏စိတ်ဆန္ဒကို ဖော်ပြနေခြင်းသာဖြစ်သည်။ အချို့သောနေရာဒေသများ(ဥပမာ-တရုတ်နိုင်ငံ)တွင် အနီရောင်သည် ကံကောင်းမှုကိုပေးနိုင်သည့်အတွက် လူကြိုက်များသည်။ အချို့သောနေရာဒေသများ(ဥပမာ-အာဖရိကတိုက်ကဲ့သို့နေရာ)တွင် အနီရောင်သည် မကောင်းသောနိမိတ်၊ ကြောက်စရာကောင်းသောနိမိတ်ကိုဖော်ဆောင်နေပြန်သည်။ အဝါရောင်သည်ဖော်ရွေမှုကို ကိုယ်စားပြုပြီး အပြာရောင်သည် အေးချမ်းသောသဘော၊ အစိမ်းရောင်သည်တိုးတက်ဖွံ့ဖြိုးသောနိမိတ် စသည်ဖြင့်လူတို့၏စိတ်ဆန္ဒလာအတိုင်းဖြစ်နေခြင်းကို နားလည်ထားရမည်ဖြစ်သည်။ ထို့ကြောင့် ဇာတ်စင်အလင်းအမှောင်စနစ်ကို ဖန်တီးနိုင်ရန် အရောင်များ၊ လူနေမှုစရိုက်များ၏သဘောသဘာဝလေ့များကိုလေ့လာသိရှိထားမှသာ အဆင်ပြေမည်ဖြစ်သည်။ ပန်းချီဆရာတစ်ယောက်သည် ၎င်း၏ခံစားချက်ကို ပန်းချီကားချပ်မှ အရောင်များဖြင့် ဖော်ထုတ်ပြသနိုင်သကဲ့သို့ ဇာတ်စင်အလင်းအမှောင်စနစ်ကိုဖန်တီးသူသည်လည်း ၎င်း၏ဇာတ်စင်မီးအလင်းပေးမှုဖြင့် ခံစားချက်ကိုဖော်ထုတ်နိုင်သည်သာဖြစ်သည်။

အရောင်ချင်းရောစပ်လျှင် ရေနှင့်ရောစပ်သည့် ပန်းချီကဲ့သို့ဖြစ်မလာသည်ကိုလည်း တွေ့ရသည်။ ဥပမာ အနီနှင့်အစိမ်းရောစပ်ပါက အဝါရောင်၊ အနီနှင့်အပြာရောင်ရောပါက ခရမ်းရောင်ဖြစ်သွားသည်။ အပြာရောင်မီးအုပ်စုကို သွန်းလောင်းပေးထားပြီး မှောင်သည်ဟုဆိုကာ အဝါရောင်စွက်ဖက်လိုက်ပါက အပြာရောင်မီးအုပ်စုသည် ပျက်သွားတော့သည်။ သွန်းလောင်းပေးထားသည့်မူလစေတနာသည်လည်း အရာမရောက်ဖြစ်ရသည်။ ခရမ်းရောင်ကိုစွက်ဖက်ရုံမျှဖြင့် သင့်ရာရောက်သည့်သဘောသည် ဇာတ်စင်မီး၏ထူးခြားချက်ဖြစ်သည်။ ဇာတ်ညွှန်းအရ ဇာတ်ရုပ်ကိုကွက်၍ မီးထိုးထားသည့်အရောင်(စပေါ့စ်လိုက်)ဖြင့် ထိုးပေးရသည်များရှိကြသည်။ ဖန်တီးထားသည့် မီးအရောင်ဖြင့် စပေါ့စ်လိုက်မှ ဇာတ်ရုပ်ကို သွန်းလောင်းလိုက်သည့်အဝါရောင်ကြောင့် ကခွင်အတွင်းရှိ ခရမ်းရောင်တို့သည် အနီရောင်ဖြစ်သွားသည်။ စပေါ့စ်လိုက်မှ ဇာတ်ရုပ်ကို သွန်းလောင်းလိုက်သည့်အနီရောင်ကြောင့် ကခွင်အတွင်းရှိ အပြာရောင်တို့သည် အနက်ရောင်ဖြစ်သွားသည်ဟူသည့်သဘောကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ဇာတ်စင်ဒါရိုက်တာနှင့် မီးတာဝန်ခံတို့သည် အရောင်စပ်ရောသုံးစွဲမှုသဘောတရားများကို ကျွမ်းကျင်စွာ သိနားလည်ထားမှသာလျှင် ပေးလိုသည့်အနုပညာသည် ရသမြောက်မည်ဖြစ်သည်။

ဇာတ်စင်ဒါရိုက်တာနှင့်မီးတာဝန်ခံ(မီးဆရာ)တို့၏ အစွမ်းအစ ရှိ၊ မရှိကို မီးအလင်းအမှောင်ပြည့်စုံစွာ ဖန်တီးပေးထားနိုင်ခြင်းနှင့်တိုင်းတာတတ်ကြသည်။ သာမန်မီးများဖြစ်သည့်ခေါင်းမီး၊ ရှေ့မီး၊ နားမီး၊ ဘေးမီး၊ ကွက်ထိုးလိုက်မီးတို့ တပ်ဆင်ကပြရုံဖြင့် မလုံလောက်၊ မပြည့်စုံသည့်ကာလသို့ ရောက်ရှိလာချိန်ဖြစ်သည်။ အခြေခံပန်းချီ၊ အရောင်၊ သဘာဝပတ်ဝန်းကျင်၏အရောင်များ၊ ဇာတ်ခုံသဘောတရား၊ သရုပ်ဆောင်ခြင်းအခြေခံ၊ ဇာတ်ဝင်ဆက်တင်ပစ္စည်းများ၏အရည်အသွေး၊ ဒီဇိုင်းဘာသာရပ်တို့ကိုလည်း နားလည်ထားသင့်သည်။ သို့မှသာ တင်ဆက်ကပြမှု အကြောင်းအရာ၊ အနုပညာပိုင်းဆိုင်ရာဖန်တီးမှု ဒီဇိုင်းတို့သည်တိုးတက်ဖွံ့ဖြိုးလာကြပြီး ပရိသတ်၏စိတ်နှလုံးကိုအပိုင်သိမ်းကျုံးယူနိုင်မည်ဖြစ်သည်။


ဇာတ်စင်မီးအလင်းအမှောင်ပေးပုံများ မည်သို့တိုးတက်လာသည်ကို နားလည်စေလို၍လည်းကောင်း၊ အတွေ့တွေ့ဇဟုသုတတိုးတက်စေလို၍လည်းကောင်း၊ လူ့သဘာဝဖြစ်ရိုးဖြစ်စဉ် နည်းပညာတိုးတက်မှုကို သိစေလို၍လည်းကောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

– **သဘင်သစ်(ဗိုလ်ကျော်ဆန်း)**

# ထာဝရလှပသော အပြုံးအတွက်

# DENTOMEC








Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

FDA အမှတ်-1907 PC 0040

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၀၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard ဆုအပြင် Exhibition Vanue Award ရရှိခဲ့သော

" မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် "

# ရတနာပုံ ခန်းမ









## ရရှိနိုင်သောဝန်ဆောင်မှုများ

ဗိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊ အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊
အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။

ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။



မြင့်ဓာတ်ဆေးတိုက်

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ဖွေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဖိုးတုတ်ဖြူကျေးရွာနေ ဦးစန်းဝင်း ၏သားဖြစ်သူ **မောင်ကျော်ဇင်ဝင်း (၉/မခန(နိုင်)၂၇၆၂၃၂)** သည် ဖခင်၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးစန်းဝင်း(၉/မခန(နိုင်)၁၇၆၁၇၄)**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီး အ.ထ.က(ခွဲ)ကျောင်း Grade-11 တွင် ပညာသင်ကြားနေသော မအိသဇင်မြင့် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးခင်မောင်မြင့် ဖြစ်ပါကြောင်း။

**ဦးခင်မောင်မြင့်(၅/ ရဘန(နိုင်)၁၄၆၁၄၃)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

စာပေ
မြင့်မှ
လူမျိုး
တင့်မည်

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုဒ္ဓနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ ဖက်ဒရယ်စနစ်ကျင့်သုံးခြင်းနှင့်ပတ်သက်၍ လူမျိုးကို အခြေခံသည့် ဖက်ဒရယ်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရမည်ဖြစ်...

❖ နိုင်ငံတကာတွင်လည်း ဖက်ဒရယ်စနစ်ကို ကျင့်သုံးလျက်ရှိသည့် နိုင်ငံများရှိသော်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျင့်သုံးမှုခြင်းတူညီမှုမရှိ...

❖ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံတို့တွင် ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းမှစတင်ပြီး စတုတ္ထနေ့ပွဲစဉ်များအဖြစ် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသောနေရာများတွင် ယှဉ်ပြိုင်ကစားကြသည်။

ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ၏ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံတွင် ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ **စာမျက်နှာ ၁၇ ကော်လံ ၃** ❑

## မြန်မာနိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက်ထည့်သွင်းရန် ပြင်ဆင်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၃**
၁၃၈၅ ခုနှစ် နတ်တော်လဆန်း ၁၃ ရက်
(၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်)

၁။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်းနှင့် ၆-၅-၂၀၂၂ ရက်စွဲပါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၂)တို့အရ ပို့ကုန်တင်ပို့သူသည် ပို့ကုန်ရငွေကို နိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ဘဏ်ငွေစာရင်းသို့ မပျက်မကွက်ထည့်သွင်းရေးဆောင်ရွက်ရာတွင် အာရှနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်တင်ပို့သည့်နေ့မှ ၄၅ ရက်အတွင်းလည်းကောင်း၊ အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ရက်ပေါင်း ၉၀ အတွင်းလည်းကောင်း ပြန်လည်ဝင်ရောက်ရန် သတ်မှတ်ထားပါသည်။

၂။ ပို့ကုန်ရငွေများအား ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ရမည့်ကာလကို အာရှနိုင်ငံများသို့ တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်တင်ပို့သည့်နေ့မှ ယခင် ၄၅ ရက်အစား ရက် ၃၀ သို့လည်းကောင်း၊ **စာမျက်နှာ ၂၀ ကော်လံ ၁** ☆

**ခရစ္စမတ်နေ့အထိမ်းအမှတ် နေပြည်တော်ရှိ ခရစ်ယာန်ဘုရားကျောင်းနှင့် အသင်းတော်များ၌ ဝတ်ပြုဆုတောင်းခြင်း၊ မိတ်ဆုံစားခြင်းနှင့် ပျော်ပွဲရွှင်ပွဲများ စိတ်အေးချမ်းသာစွာ ဆောင်ရွက်**

(စာမျက်နှာ - ၂၀)

